မေဇင်
၁၁၉၀

# ဆုခချို

# ချစ်ခြင်းဝတ်လှော ခိုင်မြဲတာ

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၅၇၉၂၀၅၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၅၇၉၂၀၅၁၀

ထုတ်ဝေသူ

ဒေါ်ခင်မာချို (ပန်းဝေဝေစာပေတိုက်)

အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးသော်လွင်မြင့် (စန္ဒကူးပုံနှိပ်တိုက်)

နဝရတ်လမ်းသွယ်၊ မရမ်းကုန်း။

အတွင်းစာစီနှင့်မျက်နှာဖုံးဒီဇိုင်း

ပြည့်ဖြိုးကျော် (အိုင်တီကွန်ပျူတာ)

ပုံနှိပ်ခြင်း

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ (ပထမအကြိမ်)

တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

၈၉၅ ● ၈၃

သုခချို

ချစ်ခြင်းဝတ်လွှာနိုင်မြစ္စာ / သုခချို ။– ရန်ကုန်။

ပန်းဝေဝေစာပေ ၊ ၂၀၁၁ ။

၂၂၃ – စာ ၊ ၁၂.၅ X ၁၈.၅ စင်တီ။

(၁) ချစ်ခြင်းဝတ်လွှာနိုင်မြစ္စာ

# ချစ်ခြင်းဝတ်လွှာနိုင်မြစ္စာ

သုခချို

## အခန်း (၁)

သဇင်ပိုင်တွေကို သေသေသပ်သပ် တင်းတင်းရင်းရင်းချည်နှောင်နေရာမှ ကားတစ်စီးဝင်လာသဖြင့် သူကြည့်လိုက်မိတော့ သူ့ထက် သုံးနှစ်လောက်ငယ်မည့် ကောင်မလေးတစ်ယောက် ကားပေါ်မှ ဆင်းလာတာတွေ့သဖြင့် ချက်ချင်းပဲ သူ့အကြည့်တွေကို သဇင်တိုင်တွေဆီ ပြန်ပို့လိုက်ပါသည်။

ဖျတ်ခနဲ တစ်ချက်သာကြည့်လိုက်သော်လည်း နုနယ်ချောမွေ့သော ကောင်မလေးက ထင်လင်းပြေပြစ်လွန်းသဖြင့် လက်ပြတ်ဂါဝန်ပန်းနုရောင်လေးက ခါးမှာ စတီးလ် (Steel) ခါးပတ်ကွင်းလေးပါကာ ခြေသလုံးတစ်ဝက်လောက်ထိ ရှည်တာရော၊ ဂါဝန်နှင့်ဝမ်းဆက်ကွင်းထိုးဒေါက်ဖိနပ်ပန်းရောင် မြင့်မြင့်လေးက သူမခြေထောက် ဖြူဖြူနုနုလေးမှာ တင့်တယ်နေတာရော၊ မည်းနက်ပျော့ပျောင်းပုံရသည်

ခါးထိရှည်သော ဆံနွယ်လေးတွေက ဝေ့ဝဲဖြာနေတာကိုရော သူ့အာရုံမှာ လာရောက် စွဲထင်နေလေသည်။

သူက ခေါင်းကို ဆတ်ခနဲခါကာ အာရုံထဲမှ ကောင်မလေးကို ဖယ်ထုတ်ပစ်လိုက်ပြီး အလုပ်လက်စသတ်ကာ အုန်းခွံတွေ၊ သံနှန်းကြိုးတွေကို ကောက်သိမ်းနေတုန်း ဖေဖေက သူ့အနားရောက်လာပါသည်။

"သား. ထမင်းစားရအောင်"

"ဟုတ်ကဲ့အဖေ၊ ခဏလေး"

သိမ်းစရာရှိတာတွေ သိမ်းပြီး လက်ဆေးကာ အဖေနဲ့အတူ တိုက်ကြီးရဲ့မီးဖိုဆောင်သို့ ဝင်လာပါသည်။

"လာ လာ၊ ကိုရင်မောင်သိန်းတို့ သားအဖ ထမင်းစားကြတော့မလား"

နာမည်နှင့်လိုက်အောင် မျက်နှာလေး အမြဲပြုံးနေတတ်သည့် ဒေါ်ကြီးပြုံးက စားဖို့မှူးပီပီ သူတို့သားအဖနှစ်ယောက်အတွက် ထမင်းဟင်းတွေ ပြင်ပေးနေတာကို ဆယ့်သုံးနှစ်အရွယ်လောက်ရှိမည့် "အိပု"ဆိုသော ချာတိတ်မလေးက ဝိုင်းကူပါသည်။

သူဌေးအိမ်ရဲ့ မီးဖိုဆောင်မို့ ကျယ်ဝန်းရှင်းသန့်နေကာ မီးဖိုဆောင်သုံးပစ္စည်းတွေကလည်း ဖိတ်ဖိတ်လက်နေပါသည်။

မီးဖိုခန်းနှင့်ကပ်လျက် ထမင်းစားခန်းကလည်း တောက်ပ



ပြောင်လက်ကာ ရေခဲသေတ္တာ၊ ထမင်းစားပွဲဝိုင်းကြီးနှင့် ကုလားထိုင်များကို သူ့နေရာနှင့်သူ လှပအောင် နေရာချထားပါသည်။

အခု သူတို့သားအဖထိုင်နေသည့် အလုပ်သမားတွေ စားဖို့ချပေးထားသော စားပွဲနှင့် ကုလားထိုင်များပင်လျှင် ကျယ်ဝန်းသပ်ရပ်ကာ သက်သောင့်သက်သာရှိလှပါသည်။

ဒေါ်ကြီးပြုံးပေးတဲ့ အသားဟင်းနှစ်မျိုး၊ အသီးအရွက်ကြော်၊ အရည်သောက်ဟင်းတွေက အရသာရှိပေမယ့် သူကတော့ မေမေ့ကို သတိရနေတာမို့ ထမင်းစားမမြိန်လှပါ။

မေမေသာ ခုချိန်မှာ ရှိနေရင် သည်လို အစစအဆင်နေပြေတဲ့ အခြေအနေကို ကျေနပ်နေမှာပါ။

ဒါပေမဲ့ သူကိုတော့ ဘွဲ့ရပညာတတ် ဖြစ်ပါလျက် မာလီခြံစောင့်လိုအလုပ်မျိုး လုပ်စေချင်မှာ မဟုတ်ပါ။

ထမင်းစားပြီးလို့ သူ့ပန်းကန်ရော၊ ဖေဖေ့ပန်းကန်ရော ဆေးနေတုန်း ဒေါ်ကြီးပြုံးက အရေးတယူ မေးရှာပါသည်။

"ကိုရင်သိန်းမောင်တို့သားအဖ ထမင်းစားနည်းလှချည်လား"

"ကျုပ်ကတော့ သည်လောက်ပဲ စားနိုင်တော့တယ် မပြုံးရယ်၊ အသက်က ရလာတော့ စားတာများရင်လည်း ရောဂါရှိနိုင်တာပဲလေ"

"သားကရော လူငယ်ပဲ စားပါကွဲ၊ ဒါနဲ့ သားနာမည် ဘယ်သူ၊ ဒေါ်ကြီးပြုံး မေ့သွားပြန်ပြီ"

"ထက်သန့်ပါ ဒေါ်ကြီးပြုံး"

"အေး အေး၊ ကိုရင်တို့သားအဖ လိုအပ်တာရှိရင် ပြောနော်"

"ကျုပ်တို့နေရမယ့် အခန်းကို သန့်ရှင်းရေးတော့ လုပ်ပြီးပြီ၊ ခင်းစရာ ဖျာမရှိလို့ အဲဒါ သားက ဈေးဘယ်နားရှိလဲ မေးပြီး ဖျာသွားဝယ်မယ် လုပ်နေတယ်"

"အို မဟုတ်တာ၊ မဝယ်ရပါဘူး၊ စတိုခန်းထဲမှာ Plastic ဖျာတွေ ရှိတယ်၊ မီးငယ် ထမင်းစားဖို့ပြင်ပြီးရင် အားပြီ၊ စတိုထဲက ထုတ်ပေးပါမယ်၊ ဒေါ်ကြီးပြုံးကို ဘာမှ အားနာစရာမလိုဘူးနော်သား၊ ဒေါ်ကြီးပြုံးက သားဖေဖေ့,မေမေတို့နဲ့ ဟိုးငယ်ငယ်လေးကတည်းက ဆွေမျိုးလို ခင်တာ၊ ခုလိုတို့တွေ တစ်နေရာတည်းမှာ အလုပ်အတူတူ လုပ်ရတာ ဒေါ်ကြီးပြုံးတော့ သိပ်အားရှိတာပဲ"

သူက ဆေးပြီးသားပန်းကန်တွေကို ရေစစ်တဲ့စင်ပေါ် လှမ်းတင်တုန်းမှာ "ဒေါ်ကြီးပြုံးရေ မီးငယ် ထမင်းစားတော့မယ်"ဆိုတဲ့ အသံချိုချို ကြည်ကြည်လေးရော ခြေသံလေးပါ လွင့်ပျံလာသဖြင့် မီးဖိုဆောင်ထဲမှ ထွက်လာခဲ့လိုက်ပါသည်။ ခုနကတွေ့လိုက်ရတဲ့ ကောင်မလေးပဲ ဖြစ်မည် ထင်ပါသည်။

အိမ်ရှေ့ဆက်မှာရှိတဲ့ ရေသုံ့ဘိုင်အပျက်ကို ပြင်လို့ရ၊ မရ



လှည့်ပြီးစမ်းနေရင်းမှ သူတစ်ပါး အပြောအဆိုမခံရလေအောင် ခုကတည်းက အိမ်ကြီးရှင် သူဌေးသမီးလေးနဲ့ မျက်လုံးချင်းတောင်မဆုံအောင် တတ်နိုင်သမျှ ဝေးဝေးနေမည်ဟုလည်း တွေးလိုက်မိပါသည်။

"ဆောင်းဝတ်လွှာ"က ထမင်းစားရင်းမှ တစ်စုံတစ်ခုကိုမေးဖို့ သတိရလိုက်ကာ လက်ထဲမှာ ဇွန်းနှင့်ခက်ရင်းကို ချလိုက်ပြီး လိမ္မော်သီးနွှာနေသည့် ဒေါ်ကြီးပြုံးဘက် လှည့်လိုက်ပါသည်။

"ဒေါ်ကြီးပြုံး အလုပ်သမားသစ်တွေ ရောက်နေတာလား။ မီးငယ် အပြင်ကပြန်လာတော့ ခြံထဲမှာ လူစိမ်းတွေ့တယ်၊ ခုနက မီးဖိုထဲမှာလည်း ဦးလေးကြီးတစ်ယောက် တွေ့တယ်"

"ဟုတ်တယ် မီးငယ်ရဲ့၊ မမကြီး မှတ္တူးအစား လူသစ်ခေါ်ပါလို့ ပြောတုန်းမှာပဲ ဒေါ်ကြီးပြုံးတို့ရွာက ကိုသိန်းမောင်ကလည်း မြို့မှာ အခြေချချင်လို့ အလုပ်လေးရှာပေးပါလို့ အကူအညီလှမ်းတောင်းတော့ အတော်ဖြစ်သွားတာပေါ့"

"ဩော် ဒေါ်ကြီးပြုံးတို့ရွာကလား"

စိတ်မဝင်စားဟန်နှင့် တစ်ချက်ရေရွတ်ပြီး ထမင်းဆက်စား

နေသော "ဆောင်းဝတ်လွှာ"ကိုကြည့်ပြီး စိတ်အေးသွားသည်။

ပြီးမှ ငါဘာလို့များ ဖြစ်နိုင်ခြေနည်းတာကို တွေးပူနေရတာလဲ လို့ ကိုယ့်ကိုယ်ကိုယ် ရယ်ချင်မိကာ ဒေါ်ပြုံးရဲ့အတွေးတွေက ဟိုရောက်သည်ရောက် ရှိနေလေတော့သည်။

မပြုံး၊ သစ်သစ်နှင့် ကိုသိန်းမောင်ဆိုတာ ရွာမှာတော့အလွန်ချစ်ခင်သည့် သူငယ်ချင်း သုံးယောက်ဖြစ်သည်။

အရွယ်ရောက်လာတော့ ကိုသိန်းမောင်နှင့်သစ်သစ်က မေတ္တာမျှကာ လူကြီးတွေကလည်း သဘောတူသဖြင့် လက်ထပ်ပြီး လယ်လုပ် ကိုင်းလုပ်စားကာ မရှိမရှား လူလတ်တန်းစားအဖြစ် အပူအပင်ကင်းကင်း နေနိုင်လေသည်။

မိခင်မုဆိုးမကြီးနှင့်နေရကာ နွမ်းပါးသော မပြုံးကတော့ သစ်သစ် အိမ်ထောင်ကျပြီး နောက်နှစ် ထက်သန်လေးကို မွေးတဲ့အချိန်မှာ မိခင်ကြီးဆုံးပါးသွားသဖြင့် ပွဲစားတစ်ယောက်၏အကူအညီဖြင့် မြို့တက်ကာ အလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်သည်။

ပထမလုပ်ရတဲ့အိမ်က အဆင်မပြေပေ။ မတရားအလုပ်တွေ ခိုင်းပြီး လခနည်းလွန်းသဖြင့် ပွဲစားကို ပြောပြတော့ ဒုတိယအိမ်ကို ပြောင်းပေးရာမှ ဆောင်းဝတ်လွှာ၏ မိဘနှစ်ပါးဖြစ်သော ဦးသက်နိုင် ဒေါ်မိမိကိုတို့ဆီ ရောက်ခဲ့ခြင်းဖြစ်သည်။

ထိုစဉ်အချိန်တုန်းကတော့ ဆောင်းဝတ်လွှာ၏ မိဘနှစ်ပါး



အိမ်ထောင်ကျစ အချိန်လေးပင်ဖြစ်၍ မီးဖွားလို့ခေါ်တဲ့ ဆောင်းဝတ်လွှာလေးကိုတောင် မမွေးသေးပေ။

ဦးသက်နိုင်က ထိုစဉ်အချိန်တုန်းကတော့ ရန်ကုန်တွင်သာ ကုန်တိုက်နှစ်ခုရှိပြီး ဒေါ်မိမိကိုကလည်း ကျောက်မျက်ရတနာနှင့်ဆိုင်သည့် ပညာကို သင်ယူနေတုန်းဖြစ်သည်။

သူတို့လင်မယားနှစ်ယောက်က စီးပွားရေးသမားပီပီ စကားနည်းပြီး အလုပ်များများလုပ်ကာ အပေးအယူစိတ်အပြည့် ရှိလေသည်။

သဘောကတော့ သူတို့ဘက်ကလည်း အလုပ်သမားကိုပေးမည်၊ ကျွေးမည်။ မတွန့်တို မကာွတ်ကာတ်။

ထို့အတူ အလုပ်သမားများဘက်မှလည်း မနိုမကတ်လုပ်တာ၊ ရိုးဖြောင့်သစ္စာရှိတာကို သူတို့လိုချင်လေသည်။

တစ်ခါတလေတော့လည်း သူ့ငွေးညဉ်နှင့် အထက်စီးဆန်တာ၊ ဖိအားပေးတာမျိုးရှိပေမယ့် ပေးစရာရှိရင်လည်း လုံးခနဲ ခဲခနဲ ထွက်ကျလာတတ်သည်။ မရိုးဖြောင့်တာ၊ သစ္စာမရှိတာမျိုးတွေ့ရင်တော့ ချက်ချင်း အလုပ်ထုတ်ပစ်တတ်သဖြင့် ဒေါ်ပြုံး အလုပ်လုပ်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်အတွင်း အလုပ်ထုတ်ခံရတဲ့ အလုပ်သမားပေါင်းလည်း မရေတွက်နိုင်ပေ။

ဒါ့ကြောင့်အလုပ်သမားလိုလို့ ဒေါ်မိမိကိုက "မပြုံးတို့ ရွာကရိုးသားတဲ့သူရှိရင် ခေါ်ခဲ့ပါ"လို့ ပြောတိုင်း "မတွေ့သေးဘူး မမကြီး"

လို့ ခပ်သာသာ ငြင်းခဲ့တာချည်းပင်။

သူတို့သားအမိသားအဖသုံးယောက်စလုံးရဲ့ အကြောင်းကို နောကျေအောင်သိပြီး လိုတာမရှိအောင် ဖြည့်ဆည်းလုပ်ကိုင်ပေးသော၊ အနှံ့အတာခံနိုင်သော ဒေါ်ပြုံးရဲ့ ရိုးသားမှု၊ သစ္စာစောင့်သိမှု၊ လုပ်သက်ရှည်ကြာမှုတို့ကြောင့် ဒေါ်မိမိကိုက "မပြုံး မပြုံး" နှင့် အထူးအခွင့်အရေးပေးကာ အခြားအလုပ်သမားများကိုပင် ဒေါ်ပြုံးမှတစ်ဆင့်သာ ဆက်ဆံသဖြင့် သည်အိမ်မှာ ဒေါ်ပြုံးရဲ့အခွင့်အာဏာကလည်း မသေးလှချေ။

အလုပ်သမားအားလုံးက သူဌေးကို ပြောစရာရှိလျှင် တိုက်ရိုက်မပြောရဲဘဲ ဒေါ်ပြုံးကိုသာ ပြောရလေသည်။

အလုပ်သမားများ ခွင့်ရက်ရှည်ယူလျှင် မကြိုက်လှသော "ဒေါ်မိမိကို"က ဒေါ်ပြုံး တစ်နှစ်တစ်ခါ ရွာဦးကျောင်းက ဆရာတော်ဆီ အလှူပြန်လုပ်တာကိုတော့ ကြည်ကြည်ဖြူဖြူ ခွင့်ပြုပံ့ပိုးလေသည်။

ဒါ့ကြောင့် ဒေါ်ပြုံးလည်း ရွာကို နှစ်စဉ်ရောက်ပြီး ရွာရဲ့ သတင်း၊ အခြေအနေတွေ အကုန်သိရလေသည်။

ပြီးခဲ့တဲ့ နှစ်နှစ်လောက်က သစ်သစ် ရွာမှာ ပိုးထိပြီးဆုံးတော့ ဒေါ်ပြုံး အတော်စိတ်မကောင်း ဖြစ်ရလေသည်။

သည်နှစ် ရွာပြန်တော့ ကိုရင်သိန်းမောင်က

"သားလေးက မြို့မှာ အခြေချချင်တယ် ပြောတယ်၊ သူက



ပညာတတ်ဘွဲ့ရဆိုတော့ ကျုပ်လည်း သူ့ လယ်ထဲမဆင်းစေချင်ဘူး မပြုံးရယ်၊ ပြီးတော့ ကျုပ်လည်း မသစ်မရှိတော့တဲ့ သည်အရပ်မှာ တယ်မနေချင်ဘူး၊ အလုပ်ကလေး ဘာလေးရှိရင်ပြောပါဗျာ၊ နွားလေး၊ လယ်လေးရောင်းပြီး မြို့တက်ခဲ့မယ်၊ ကျုပ်လည်း အလုပ်လုပ်နိုင်ပါသေးတယ်၊ သားအဖနှစ်ယောက် အတူနေ၊ အတူလုပ်ရရင် တော်ပါပြီဗျာ"

လို့ ရင်ဖွင့်ကာ အကူအညီတောင်းတဲ့အထိ "အေးပါတော်၊ တွေ့ရင် ပြောပါ့မယ်"လို့ ဆိုခဲ့ပေမယ့် ကူညီဖို့ အခွင့်မသာခဲ့သေးပေ။

ဖြစ်ချင်တော့ မာလီမှူတူးက သူ့လခကို ကုတ်ကတ်စုကာ ငွေရင်းရတော့ ကွမ်းယာဆိုင်ဖွင့်မည်ဆိုပြီး အလုပ်ထွက်သွားခဲ့သဖြင့် ဒေါ်မိမိကိုက ဒေါ်ပြုံးကိုခေါ်ကာ တိုင်ပင်ပါသည်။

"မပြုံးရေ မမကြီးကတော့ မပြုံးသိတဲ့အတိုင်း အိမ်မှာ အလုပ်သမားကို နည်းနည်းနဲ့ ကိုယ်အပေါ်တကယ်ကောင်းတဲ့သူပဲ ထားချင်တာ၊ ဒါပေမဲ့ ဦးမှူတူးထွက်သွားပြီဆိုတော့ အလုပ်သမား ထပ်မခေါ်လို့ မရတော့ဘူး။ ခုဆို အိမ်မှာ ဒရိုင်ဘာကိုမောင်ရယ်၊ အဝတ်လျှော်တဲ့ မညိုရယ်၊ သူတို့သမီး လက်တိုလက်တောင်းနိုင်းတဲ့ အိပုရယ်ပဲ ရှိတာဆိုတော့ အရေးအကြောင်းဆို အားကိုးရမယ့် သန်သန်မာမာ ယောက်ျားသားမရှိဘူး။ အဲဒီတော့ မပြုံးတို့ရွာက လုပ်နိုင်ကိုင်နိုင် ရိုးရိုးသားသား ယောက်ျားသားများရှိရင် နှစ်ယောက်

လောက် ခေါ်ထားချင်တယ် . . . ၊

ခုဆို ကိုသက်ကလည်း ရန်ကုန်က ကုန်တိုက်လေးခုရော၊ နယ်က ကုန်တိုက်ခွဲတွေရောနဲ့ဆိုတော့ အိမ်မှာ မရှိသလောက်ပဲ၊ ခရီးကလည်း ခဏခဏ ထွက်ရတယ်၊ မမကြီးတို့ စိန်ပွဲစားဆိုတာက လည်း ခုဟိုသွား၊ ခုသည်သွား ဆိုတော့ ကိုမောင့်ကိုသာ မမကြီး ခုလိုခေါ်ခေါ်သွားရင် အိမ်မှာ ယောကျ်ားသားရယ်လို့ တစ်ယောက်မှ ရှိတော့တာမဟုတ်ဘူး။ တစ်ခုခု ဖြစ်ပါပြီတဲ့ မပြုံးနဲ့သမီးလေး ဘယ်သူ့ အားကိုးမလဲ၊ အဲဒီတော့ လူရအောင်ရှာ မပြုံးရယ်၊ မပြုံးခေါ်လာတဲ့ သူက တစ်ခုခု မရိုးမသားလုပ်ခဲ့ရင်လည်း ဒါ မပြုံးနဲ့ မဆိုင်ဘူးလို့ မမကြီးတို့ နားလည်ပါတယ်''

မမကြီးက သည်လို တရှည်တလျား ပြောလာတော့လည်း ကိုသိန်းမောင်တို့သားအဖကို သွားသတိရပြီး မမကြီးကိုပြောပြတော့ ''သွားခေါ်ခဲ့''လို့ ပြောတာကြောင့် ရွာကိုလူကြုံနှင့် စာရေးကာ ကိုသိန်းမောင်တို့သားအဖကို အမြန်လာဖို့ မှာလိုက်ရပါသည်။

နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် စွမ်းဆောင်နိုင်ခဲ့လို့ တွေးပြီး ပီတိဖြစ်နေတုန်းမှာပင် ပြုံးခနဲ အတွေးတစ်ခုဝင်လာလေသည်။

ကိုသိန်းမောင်သားလေးနဲ့ မီးငယ်တို့က အသက်သုံးနှစ် လောက်သာ ကွာခြားသည့် အပျိုလူပျိုလေးတွေ။ မီးငယ်လေးက ကလေးဆန်ပြီး အပေါင်းအသင်းခင်ပေမယ့် ရည်းစားမရှိတာကိုရော၊



ရည်းစားထားဖို့ စိတ်မဝင်စားတာကိုရော ဒေါ်ပြုံးအသိဆုံး။

မောင်ထက်သန်လေးကလည်း ရွာမှာ ပညာတတ်တာကြောင့် ရော၊ ရုပ်ရည်အားဖြင့် ကြည့်ကောင်းတာကြောင့်ရော မိန်းမပျိုလေးနှင့် မိန်းကလေးရှင်တွေ လိုလိုလားလားရှိပေမယ့် ရောရောနှောနှော မနေ တတ်ဘဲ တည်တည်ကြည်ကြည် သူ့တန်ဖိုးနဲ့သူ နေတတ်တာလည်း ဒေါ်ပြုံး သိနေကြားနေရတာပါပဲ၊

ထက်သန် ဆယ်တန်းအောင်တဲ့နှစ်မှာ ဒေါ်ပြုံးရွာပြန်တော့ ကိုသိန်းမောင် သူ့သားအကြောင်းပြောပြတာကိုလည်း ပြန်အမှတ်ရမိ သေးသည်။

ထက်သန်ကို တက္ကသိုလ်ထားဖို့ စရိတ်အကုန်လုံးကို ရွာက လယ်ပိုင်ရှင် ကြေးရတတ် ဦးဖိုးမောင်နှင့် ဒေါ်မေလုံတို့က တာဝန် ယူချင်ပါသည်။ ဘွဲ့ရပြီးရင်သာ ထက်သန်ကို သူတို့သမီးလေးမြနှင့် လက်ထပ်စေချင်သည်လို့ ကိုသိန်းမောင်တို့ သစ်သစ်တို့ကို လာကမ်း လှမ်းတော့ ထက်သန်လေးက သိပ်ဒေါသထွက်သွားတယ်ဆိုပဲ။

မိဘစားရိတ်နှင့် ကျောင်းနေနိုင်သည်။ မိဘက မထားနိုင်တဲ့ အခြေအနေဆိုလည်း ကိုယ့်အားကိုယ်ကိုးကာ ပညာသင်မည်။ ဘယ်သူ့အထောက်အကူနဲ့မှ ပညာမသင်ချင်ပါ။ ဘယ်သူ့ချုပ်ကိုင်မှု ကိုမှလည်း မခံချင်ပါ။ ပိုက်ဆံကြောင့် မိန်းမအမျိုးအဆွေသိမှာ ဒူးထောက်ဖို့လည်း ဝါသနာ မပါပါတဲ့လေ။

သိပ်ချမ်းသာတဲ့ ဦးဖိုးမောင်တို့ရဲ့ ပစ္စည်းဥစ္စာတွေ၊ ကြွယ်ဝမှု စည်းစိမ်တွေကိုရော ကာလသားတိုင်း သဘောကျလောက်အောင် ချောမောလှပတဲ့ မြနုကိုရော ငြင်းလိုက်တဲ့ ထက်သန့်လေးရဲ့မာနကို ဒေါ်ပြုံး သဘောကျနှစ်မြို့က်ကာ "ယောက်ျားပီသတဲ့ ကလေးပဲ"လို့ တောင် ချီးကျူးခဲ့ပါသေးသည်။

သည်လို စိတ်ဓာတ်၊ သည်လို အမူအကျင့်လေးတွေကြောင့်ပဲ ဘယ်သူ့ကိုမှ ခေါင်းခံပြီး အလုပ်သွင်းပေးဖို့ စိတ်ကူးမရှိခဲ့တဲ့ ဒေါ်ပြုံးက မမကြီးရွှေမှောက်သို့ ကိုရင်သိန်းမောင်တို့ သားအဖကို ပို့ဆောင်ပေးခဲ့တာ ဖြစ်သည်။

ဒါဖြင့် ငါ ဘာကိုစိုးရိမ်တာလဲလို့ ကိုယ့်ကိုယ်ကိုယ် မေးမိသည်။

လူတိုင်း ဘယ်သူမှမလွန်ဆန်နိုင်တဲ့ နီးစပ်မှုသဘာဝကိုလား။ အပျိုကြီးဒေါ်ပြုံး တစ်ခါမှ စိတ်လိုလက်ရ စဉ်းစားမကြည့်ခဲ့သည့် အချစ်ဆိုတာကိုလား။ တစ်ခါတစ်ရံ အံ့ဩဖွယ်ကောင်းလောက်အောင် ဆန်းပြားတတ်သည့် ဖူးစာကံဆိုတဲ့ အရာကိုလား။

အို ဒါတွေက ငါ အတွေးလွန်နေတာတွေပါဟု ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ကာ ညနေစာပြင်ဆင်ဖို့အတွက် ထိုင်နေရာမှ ထလိုက်ပါသည်။

❀ ❀ ✿ ❀ ❀

## အခန်း (၂)

သည်နေ့ အပြင်သွားဖို့ ပျင်းနေချိန်တွင် သူငယ်ချင်းတွေဆီက ဖုန်းဝင်လာပြီး "နင့်ဆီ ငါတို့လာခဲ့မယ်"လို့ ပြောတာကြောင့် ဆောင်းဝတ်လွှာ တော်တော်လေး ပျော်ရွှင်သွားခဲ့ပါသည်။

ဒေါ်ကြီးပြုံးကို စားစရာ သုံးလေးမျိုးလောက် အဆင်သင့်လုပ်ထားပေးဖို့ပြောပြီး ဝရန်တာမှာ ခြေချိတ်ထိုင်ကာ ခြံထဲကို ကြည့်လိုက်တော့ စိမ်းစိုသပ်ရပ်ကာ စိတ်ချမ်းမြေ့စရာ ကောင်းလှသည်။

အသစ်ရောက်လာတဲ့ မာလီသားအဖက တော်တော်တော့ အလုပ်လုပ်ပုံရပါသည်။ ကြည့်လိုက်တိုင်း ပန်းပင်တွေကို မြေဩဇာ ထည့်နေတာ၊ ပေါင်းသင်နေတာ၊ ပိုးသတ်ဆေးဖျန်းနေတာ၊ အမှိုက်တွေ မီးရှို့နေတာ စသည်ဖြင့် တစ်မျိုးမဟုတ်တစ်မျိုး လုပ်နေတာ တွေ့ရပါသည်။

ဒါကြောင့် မှတ္တူးထွက်သွားပြီးကတည်းက မသဝ်မရပ်ဖြစ်နေတဲ့ ပန်းအိုးတွေ၊ ညှိုးရော်နေတဲ့ ပန်းပင်တွေနှင့် ရှုပ်ပွလာတဲ့ သစ်ရွက်ခြောက်ကြွေတွေက သူတို့သားအဖ ရောက်လာပြီး တစ်ပတ်အတွင်းမှာပဲ သန့်ရှင်းသပ်ရပ်သွားကာ လှပဝေဆာလာတာဖြစ်မည်။

အတွေးလွန်နေတုန်း ဆွေမာတို့အုပ်စုက ကားတစ်စီးနှင့်အပြည့် မြိထဲဝင်လာသဖြင့် သူမ အောက်ထပ်သို့ ပြေးဆင်းခဲ့ပါသည်။ ဆွေမာက အိမ်ထဲဝင်ဝင်ချင်း

"မိန်းမ အိမ်မှာ တစ်ယောက်တည်း ငြိမ့်နေတယ်ပေါ့လေ"

လို့ သူမကို လှမ်းစပါသည်။

"မငြိမ့်ပါဘူးဟာ၊ နင်တို့ကို စောင့်နေတာ"

ဆောင်းဝတ်လွှာရဲ့ အခင်ဆုံးသူငယ်ချင်းများဖြစ်သည့် ဆွေမာ၊ ငွေယွန်း၊ သစ္စာ၊ လှိုင်းဖြူ၊ ကျော်နှင့် ရဲဆွေတင့်တို့ကြောင့် တိုက်ကြီးတစ်ခုလုံး ရယ်မောသံ၊ စကားသံ၊ ငြင်းခုန်သံတွေနှင့် ဆူညံအသက်ဝင်သွားပါသည်။

ဆောင်းဝတ်လွှာတို့ သူငယ်ချင်းခုနစ်ယောက်အုပ်စုက ဘယ်သွားသွား၊ ဘာလုပ်လုပ် အတွဲညီကာ ကျောင်းမှာလည်း သူများတကာတွေက အားကျရလောက်အောင်ကို စည်းလုံးချစ်ခင်ကြလေသည်။

ခုလည်း ကျော်နှင့် ရဲဆွေတင့်က ယောကျ်ားလေးများ ပီပီ Computer Game ဆော့ဖို့ computer ရှေ့ ပြေးဝင်ထိုင်ကြကာ



ဆောင်းဝတ်လွှာတို့ မိန်းကလေးငါးယောက်ကတော့ ဝိုင်းစုထိုင်ပြီး ရောက်တတ်ရာရာ အကြောင်းအရာပေါင်းစုံကို ပြောကြလေသည်။

"ဒေါ်ကြီးပြုံးရေ မီးငယ် သူငယ်ချင်းတွေရောက်လာပြီ"

လို့ သူမ,အော်လိုက်တော့ အိမ်ပုက ကြာဆံကြော်တွေယူလာပါသည်။ စားရင်းသောက်ရင်းနှင့် ပြောလိုက်ကြတာ အကြောင်းအရာတွေ တော်တော်စုံသွားတော့မှ ပါးစပ်တွေညောင်းပြီး Game ဆီမှာ အာရုံစူးစိုက်နေသည့် ကျော်နှင့် ရဲဆွေတင့်တို့ကို ငါးယောက်သားနှောင့်ယှက်ကြပါသည်။

"ဟာ Game ခါနီးမှကွာ၊ သရဲမတွေ မနှောင့်ယှက်နဲ့ဟာ။ သည်မှာ ငါနဲ့ကျော်က တစ်ပတ်စာအသုံးစရိတ်အားလုံး ဒကာခံကြေးလို့ အလောင်းအစားနဲ့ ကစားနေတာကွ"

"နေပါစေ ရဲဆွေ၊ မပြောနဲ့ ရမှာမဟုတ်ဘူး။ ငါတို့နောက်မှ အေးအေးဆေးဆေး ကစားမယ်"

ဆိုပြီး ကျော်က Game ကို ပိတ်ချလိုက်ပါသည်။

ကျော်က ရုပ်တည်ကြီးနှင့်မို့ သူမတို့တွေက စိတ်ဆိုးသွားပြီလားလို့ စိုးရိမ်ပြီး ဘာပြောရမှန်းမသိဖြစ်နေတုန်းမှာပင် ကျော်က ထကာ "သွားမယ်ဟာ" လို့ ဆိုလာတာကြောင့် ဝိုင်းတားမြစ်တဲ့အသံတွေ ဆူညံသွားပါသည်။

သူမတို့တွေ ပွက်လောညံအောင် တားပြီးမှ ကျော်က

“နင်တို့က ဘာတားနေတာလဲ၊ ငါက ကြာဆံကြော် ကုန်သွားလို့ ဘာစားစရာရှိသေးလဲလို့ ဒေါ်ကြီးပြုံးဆီ သွားမေးမလို့ဟာ၊ အရူးမလေးတွေ ဝိုင်းတားနေကြတယ်”

လို့ ပြောတာကြောင့် ကျော်တော့ သူမတို့ကို ရုပ်တည်နှင့် ဟောက်စားလုပ်လိုက်ပြီဟု သဘောပေါက်ကာ ဝိုင်းထုကြပါသည်။

ရဲဆွေကလည်း “ကောင်းတယ်၊ ခံပြီ” ဆိုပြီး တဟားဟား ရယ်နေတာကြောင့် ရဲဆွေကိုလည်း ဝိုင်းသမနေတုန်း ကျော်က တကယ်ပဲ မီးဖိုဘက် လှစ်ခနဲ ပြေးထွက်သွားတာကြောင့် သူမက “ကျော် နင် သည်လိုပြေးလို့ ရရိုးလားဟ”ဟုကြိမ်းဝါးကာ ကျော်နောက် ပြေးလိုက်အသွား မီးဖိုတံခါးဝနားမှာ မီးခလုတ်ပြင်နေတဲ့ လူတစ်ယောက်ကို အရှိန်ပြင်းပြင်းဝင်တိုက်မိသွားပြီး နောက်ပြန်လဲကျသွားပါသည်။

သူမ,လဲကျသံကြောင့် အနည်းငယ်လှမ်းသည့်နေရာက ဒေါ်ကြီးပြုံးနှင့် ကျော်က အပြေးအလွှား လာထူကြသော်လည်း သူမနှင့် တိုက်မိသော “ထက်သန်” ဆိုသည့်သူကမူ သူမကို ထူမဖို့နေနေသာသာ ကြည့်တောင်မကြည့်ဘဲ စိတ်ရှုပ်စရာကောင်းတဲ့ ကိစ္စတစ်ခုကို ရှောင်လွှဲလို့မရဘဲ ကြုံတွေ့ရသလို သူ့ရှေ့ကြမ်းပြင်ကိုသာ မျက်ခုံးရှုံ့ပြီး စူးစူးစိုက်စိုက် ကြည့်နေပါသည်။

အမှန်ဆိုသည်ကိစ္စမှာ သူ မလွန်ပါ။ မီးဖိုခန်းပေါက်ဝမှာ



ရပ်ပြီး မီးခလုတ်ကို ပြင်နေတာဆိုပေမယ့် သူ ဘေးကပ်ပြီး အလုပ်လုပ်တာကြောင့် သူမရှေ့က ပြေးသွားတဲ့ ကျော်တောင် သူ့ကို မတိုက်မိဘဲ အလွတ်ကြီး ဝင်သွားနိုင်တာပဲ မဟုတ်လား။ သူမကသာ ကျော့်ကို သမချင်ဇောနဲ့ ဘာမှမမြင်ဘဲ သူ့ကိုဝင်တိုက်မိတာ ဖြစ်ပါသည်။

ဒါပေမဲ့ သူ့နှုတ်က 'sorry' တစ်ခွန်းလောက်တော့ ထွက်မလာသင့်ဘူးလား။

အမြဲတစေ ဖူးဖူးမှုတ်ခံထားရတဲ့ ဆောင်းဝတ်လွှာက သည်လို ဥပေက္ခာပြုခံရတာကို ဒေါသလည်းထွက်ချင်သည်။

ဒါပေမဲ့ တစ်ဖက်က အပြစ်မရှိတော့ ဒေါသကလည်း ထွက်လို့မရသဖြင့် စိတ်အလိုမပြည့်ကာ ဘာလုပ်ရမှန်းမသိတဲ့ ဆောင်းဝတ်လွှာတစ်ယောက် မျက်ရည်တွေ စိမ့်ထွက်လာပါသည်။

“ဟယ် မီးငယ်လေး ငိုတယ်၊ ဒေါ်ကြီးပြုံးကိုပြော ဘယ်နားနာလို့လဲ”

“ဝတ်လွှာရာ ငါစမိလို့ ဖြစ်တဲ့ကိစ္စပါ၊ မငိုပါနဲ့ နင် ထနိုင်ရဲ့လား”

လို့ တစ်ဖက်တစ်ချက်စီက ထူတွဲထားတဲ့ ကျော်နဲ့ဒေါ်ကြီးပြုံးတို့ ပျာပျာသလဲမေးတော့မှ ကိုယ်တော်ချောက သူမကို တစ်ချက် ပင့်ကြည့်ဖော်ရလေသည်။

“ရတယ်၊ ဘာမှမဖြစ်ဘူး။ ထနိုင်တယ်”

လို့ပြောပြီး ကျော်နဲ့ ဒေါ်ကြီးပြုံးလက်ထဲက ရှန်းကာအိမ်ရှေ့ကို တစ်ဟုန်ထိုးပြေးထွက်သွားတော့ ကျော်နဲ့ဒေါ်ကြီးပြုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိပါသည်။

"သည်လောက်ပြေးနိုင်တယ်ဆို အခြေအနေကောင်းတယ် ဒေါ်ကြီးပြုံး။ ကျွန်တော် သွားချော့လိုက်ဦးမယ်"

"အေး အေး ကျော်ရယ်၊ သည်မှာ ဒေါ်ကြီးပြုံးလည်း မင်းတို့စားဖို့ လက်ဖက်သုပ်လျက် တန်းလန်းကြီးဖြစ်နေလို့ အရေးထဲ အိပုက ဘယ်ရောက်သွားပါလိမ့်နော်"

ကျော်ဆိုတဲ့သူ အိမ်ရှေ့ပြန်ထွက်သွားပြီး သူနှင့် ဒေါ်ကြီးပြုံး မီးဖိုထဲတွင် ကျန်ခဲ့တော့မှ သူဒေါ်ကြီးပြုံးကို မေးရပါသည်။

"ကျွန်တော် မီးခလုတ်ဆက်ပြင်ရမလား ဒေါ်ကြီးပြုံး"

"အေးလေ၊ ဘာဖြစ်လို့လဲ မောင်ထက်ရဲ့"

"ခုနကလို ထပ်တိုက်မိမှာ စိုးလို့ပါ၊ သူ တော်တော်နာသွားလား မသိဘူး"

"ဟေ မီးငယ်က မောင်ထက်နဲ့ တိုက်မိတာလား။ ဪ ဒေါ်ကြီးပြုံးက သည်ဘက်လှည့် လ္ဘက်သုပ်နေတော့ မသိလိုက်ဘူး။ ကျော်နဲ့တိုက်မိတယ်ပဲ ထင်တာ၊ ဪ ဒါ့ကြောင့် မီးငယ်လေး ကောက်သွားတာကိုး။ သူက ကလေးလေးလိုပဲ၊ ပြီးမှ ဒေါ်ကြီးပြုံး သွားချော့ဦးမယ်၊ ဆက်ပြင် မောင်ထက်၊ ရတယ် ရတယ်"



"နောက်တစ်ခါ သည်အိမ်ကြီးထဲမှာ ပြင်စရာတွေရှိရင် နေ့လယ်ခင်း ဒါမှမဟုတ် ညဘက်လူရှင်းတဲ့ အချိန်ကျမှပဲ ကျွန်တော်လာပြင်တော့မယ်နော် ဒေါ်ကြီးပြုံး၊ ကျွန်တော့်ကြောင့် အနှောင့်အယှက်ဖြစ်မှာ စိုးလို့ပါ"

အင်း သည်ကလေးရဲ့ ဆင်ဆင်ခြင်ခြင် စည်းကမ်းတကျနေတတ်မှုကြောင့် အခုတိုက်မိတဲ့ကိစ္စရဲ့ နောက်ဆက်တွဲတွေ ဘာမှ ဖြစ်မလာပါစေနဲ့လို့ပဲ ဆုတောင်းရမှာပေါ့လေ။

❀ ✿ ❀

"မမကြီး ကျွန်မကိုခေါ်တယ်ဆို"

"ဟုတ်တယ် မပြုံး။ ထိုင်"

ဒေါ်မိမိကိုက ကွန်ပျူတာနှင့် ဦးသက်နိုင်ရဲ့စာရင်းတွေကို ကူလုပ်နေရာမှ ကွန်ပျူတာကို ခဏပိတ်ပြီး ဒေါ်ပြုံးဘက်လှည့်လိုက်ပါသည်။

"မပြုံးခေါ်လာပေးတဲ့ ကိုသိန်းမောင်နဲ့ မောင်ထက်သန့်တို့ သားအဖ လုပ်ရည်ကိုင်ရည်ကို ကြည့်ရတာတော့ မမကြီး သဘောတွေ့ပါတယ်၊ သပ်သပ်ရပ်ရပ်နဲ့ မဒိုမကတ်လုပ်နိုင်သား၊ အဲဒီတော့

သည်နေ့ မမကြီး သူတို့ကို လစာတွေ, နားရက်တွေ ညှိနှိုင်းပေးမယ်လေ၊ သားအဖနှစ်ယောက်စလုံးကို မူတူ တစ်လစာ ပေးမှာနော်၊ နှစ်ယောက်ပေါင်းမှ မူတူးတစ်လစာ မဟုတ်ဘူး . . . ၊

ပြီးတော့ မောင်ထက်သန်က သင်တန်းတက်ချင်တယ်ဆိုတော့ တစ်ပတ်မှာ နားရက် တစ်ရက်အစား နှစ်ရက်ပေးမယ်၊ ဒါပေမဲ့ တစ်နေ့လုံးတော့ မဟုတ်ဘူး၊ နေ့ဝက်ပေါ့၊ တစ်ပတ်မှာ ကြိုက်တဲ့နှစ်ရက်ကို နေ့ဝက်စီနားလို့ ပြောလိုက်၊ ကိုသိန်းမောင်ကတော့ လူကြီးဆိုတော့ ဘုရားလေးဘာလေးသွားချင်တာတို့ ဘာတို့ နားပေါ့၊ တနင်္ဂနွေ နားနိုင်း၊ သွားစရာမရှိလို့ မနားဘဲ အလုပ်လုပ်တယ်ဆိုလည်း မပြိုးမှတ်ထားပြီး လကုန်ခါနီးရင် မမကြီးကိုပြော၊ သည်အတိုင်းဆက်လုပ်သွားရင် သုံးလလောက်နေရင် မမကြီး လစာတိုးပေးပါ့မယ်''

''ဟုတ်ကဲ့ မမကြီး''

''ဩော် ကောင်လေးက အိမ်ရှေ့က ပန်းပင်ရေလောင်းတဲ့ ဘုံဘိုင် ပျက်နေတာ ပြင်လိုက်တယ်ဆို''

''ဟုတ်ကဲ့၊ မီးဖိုထဲက မီးခလုတ်ချောင်နေတာကိုရော စတိုခန်းထဲက မီးလုံးကျွမ်းနေတာရော ပြင်ပေးပြီးပါပြီ''

''အေး အေး အားကိုးရသားပဲ၊ သင်တန်းတက်ရင် မုန့်ဖိုးလေး ဘာလေး ကြည့်ပေးလိုက်ပါမပြိုး''

''ဟုတ်ကဲ့''



''သည်နေ့ ဘာထူးခြားသေးလဲ''

''မီးငယ်သူငယ်ချင်း ခွေမာတို့အုပ်စုလာလည်တယ် မမကြီး၊ မနက်ဆယ်နာရီလောက်က လာတာ၊ ညနေ သုံးနာရီလောက်မှ ပြန်သွားတယ်၊ ပြီးတော့ မောင်ထက် မီးဖိုထဲက ခလုတ်ပြင်နေတုန်း မီးငယ်က မီးဖိုထဲပြေးဝင်လာတာ မောင်ထက်ကိုမမြင်ဘဲ ဝင်တိုက်ပြီး ဖင်ထိုင်လျက်လဲကျသွားတယ်၊ သူက မနာဘူးလို့တော့ ပြောတာပဲ၊ ဒဏ်တွေဘာတွေဖြစ်မှာစိုးလို့ ကျွန်မ မီးငယ်ခါးကိုတော့ လိမ်းရမယ်ရ ဆေးလိမ်းပေးထားတယ်''

''ဩော် နောက်ကော''

''ဒါပဲ မမကြီး''

''အေး အေး၊ မပြိုး သွားလို့ရပြီ''

မမကြီးရဲ့ မှာကြားချက်တွေကို ကိုရင်သိန်းမောင်တို့သားအဖဆီ ပြောပြဖို့သွားရင်းမှ မောင်ထက်ကို မီးငယ်တိုက်မိတဲ့ကိစ္စ မမကြီး ဘာမှမပြောတာ သတိထားမိသည်။

မကြိုက်ဘူးဆိုရင်တော့ နောက် အဲသည့်ကိစ္စမျိုး မဖြစ်အောင် ကောင်လေးကို အိမ်ထဲမဝင်စေဖို့ တားမြစ်နိုင်းမှာပဲ။ ဘယ်လိုမှ သဘောမထားလို့သာ ဘာမှမပြောတာလို့ တွေးတော့မှ စိတ်သက်သာရာ ရသွားပါသည်။

❀ ❀ ❀ ❀ ❀

## အခန်း (၃)

အိပ်ရာထဲလှဲနေရာမှ အိပ်မပျော်နိုင်သေးသဖြင့်နေ့လယ်က အဖြစ်အပျက်ကို တွေးကာ ထက်သန့်တစ်ယောက် ရယ်ချင်နေမိသည်။

သူ့ကိုဝင်တိုက်ပြီး လဲကျသွားတာ ဟိုကောင်မလေးလို့ သိရတဲ့အခိုက်အတန့်မှာတော့ သူ စိတ်ရှုပ်သွားပါသည်။

သူမကို ဆွဲထူဖို့လည်း မသင့်တော်၊ တောင်းပန်ရအောင်ကလည်း သူ့အမှားမဟုတ်။ သူ့ဘာသာလဲကျတုန်းက အသံတစ်စက်မထွက်ဘဲ ဒေါ်ကြီးပြုံးနှင့် သူ့သူငယ်ချင်းကောင်လေး ဝိုင်းဆွဲထူမှ မျက်ရည်ကျလာပုံက ကလေးပေါက်စလိုပင်။

ငိုနေတဲ့မျက်နှာလေးကို တစ်ချက် သေမသေချာချာကြည့်မိတော့မှ သူမလေးက ဟိုတစ်ရက်အဝေးက မြင်ရတာထက် ပိုပြီးနုထွေး ချ[illegible]ကောင်းမှန်း သိရလေသည်။



မျက်ခုံးထူထူလေးတွေနှင့် မျက်အိမ်ကျယ်ကျယ်၊ မျက်သားဖြူဖြူမှာ မျက်ဆံလေးက အညိုရောင်လေးမို့ ဘိုမရုပ်လေးနှင့်တူကာ ဖြူစင်သောစိတ်ထားရှိသည့် မိန်းကလေးမှန်း သိသာစေသည်။

နှာတံလေးက ကော့ကော့ချွန်ချွန်လေးဖြစ်ကာ နှုတ်ခမ်းလေးက ရုပ်ပျက်ဆင်းပျက်မျက်နှာကို ရှုံ့မဲ့ငိုနေတာတောင် ရုပ်ဆိုးမသွားဘဲ ကလေးလေးလို ပါးဆွဲလိမ်ချင်စရာဖြစ်အောင်ကို ချစ်ဖို့ကောင်းနေလေသည်။

သူမမျက်ရည်တွေကြောင့် ဒေါ်ကြီးပြုံးနှင့် ကျော်ဆိုတဲ့ကောင်လေးက ပျာပျာသလဲ ဘယ်နာသွားလဲ ဘာညာမေးတော့ ဘာမှမဖြစ်ဘူးဆိုပြီး အိမ်ရှေ့ပြေးထွက်သွားပုံလေးက တုတ်နှင့် နှာနှာ ရိုက်ဖို့သာ ကောင်းလေသည်။

သူမလေးရဲ့ပုံစံကို ကြည့်ခြင်းဖြင့် ဘဝမှာ အပူအပင်ကင်းမဲ့ကာ ပြည့်ပြည့်စုံစုံကြီးပြင်းခဲ့ရတာ သိသာလှပါသည်။

ရွှေခွန်းကိုက်ပြီးမွေးကာ ရွှေဘုံပေါ်စံရတဲ့ ကောင်မလေးက သည်လောက်ထိ ကလေးဆန်ဖြူစင်တာကို သူ အံ့သြမဆုံးဖြစ်ရပါသည်။

မင်းလေး သည်လောက်ထိ ဆွဲဆောင်အားကောင်းတယ်ဆိုရင် ငါ အရင်ကထက် ပိုပြီးဝေးရာမှာ ရှောင်ရှားရတော့မယ် ဆောင်းဝတ်လွှာရေ။

ငါ့ဘဝက သိပ်ပြီးဆင်းရဲနွမ်းပါးတာမျိုး မဟုတ်ပေမယ့် မင်းနဲ့ယှဉ်ရင်တော့ မိုးနဲ့မြေမို့ မင်းနဲ့ငါက ဝေးလေကောင်းလေပါပဲကွာ။

ငါလည်း သူငယ်တန်းကနေ ဘွဲ့ရတဲ့အထိ မိဘရဲ့ဂရုစိုက်နွေးထွေးမှု၊ မိဘရဲ့ပိုက်ဆံနဲ့ မပူမပင် ကျောင်းနေခဲ့ရတာပါ။ ဒါပေမဲ့ ဘွဲ့ရပြီးတဲ့အခါမှာတော့ ငါ မြို့ပြမှာပဲ ပညာနဲ့အလုပ်လုပ်ချင်ခဲ့တယ်။ ငါ့ဖေဖေကိုလည်း မြို့ပြမှာပဲ နေစေချင်တယ်။ ငါ့မေမေ ပိုးထိလို့ဆုံးသွားခဲ့ပြီး နောက်ပိုင်းက စလို့ပေါ့။

ဒါပေမဲ့ ရန်ကုန်မှာ ဘွဲ့ရဆိုတဲ့လူတစ်ယောက်က အလုပ်ရဖို့မလွယ်တာ ငါသိပါတယ်။ ရပြီထားဦးတော့ လစာက သုံးလေးသောင်းဝန်းကျင်ပဲ ရမှာလေ။ သားအဖနှစ်ယောက်ရဲ့ နေစားရိတ်၊ စားစရိတ်နဲ့ ငါ့ဘဝတက်လမ်းအတွက် သင်တန်းတက်ဖို့လိုအပ်တဲ့ ငွေကြေးတွေ ဘယ်လိုလုပ်ပြီး အဆင်ပြေမှာလဲ။

ဒါကြောင့် ဘွဲ့ရဆိုတဲ့ ငါ့ရဲ့ပညာနဲ့ မလိုက်ဖက်တဲ့ မင်းတို့ရဲ့ မာလီခြံစောင့်အလုပ်ကို ငါ ရွေးချယ်ခဲ့တာပေါ့။

သည်အလုပ်က နိမ့်ကျတယ်လို့ယူဆရင်ရပေမယ့် နေစရိတ်၊ စားစရိတ် မကုန်တဲ့ပြင် လစဉ် အသားတင်ရတယ်။ သားအဖနှစ်ယောက် အတူနေရတယ်။ ပြီးတော့ ဒါဟာ သမာအာဇီဝအလုပ်ပဲ မဟုတ်လား။

ဆယ့်နှစ်ရာသီ အလုပ်ရှုပ်နေတဲ့ မင်းအဖေနဲ့ မျက်နှာ



ထားမှာပေမယ့် ဒေါ်ကြီးပြုံးစကားအရဆိုရင် စိတ်ကောင်းလည်းရှိပါတယ်ဆိုတဲ့ မင်းအမေက သင်တန်းတက်ဖို့လည်း အားလပ်ရက်ညှိပေးတယ်ဆိုတော့ အစစ အဆင်ပြေပါတယ်။

ရွာကနေ လယ်တွေ၊ နွားတွေ ရောင်းလာတဲ့ ငါတို့သားအဖရဲ့ ငွေလုံးငွေခဲလေး ပွန်းပဲ့စရာ မလိုတဲ့အတွက် မင်းတို့မိသားစုကို ကျေးဇူးတင်ပါတယ် ဆောင်းဝတ်လွှာ။

ကြည့်စမ်း သူ ဘာလို့ သည်ကောင်မလေးကို တိုင်တည်ပြီး စိတ်ထဲမှာ စကားတွေအများကြီး ပြောနေမိပါလိမ့်။

မနက်ဖြန်သင်တန်းကိစ္စ သွားစုံစမ်းရမှာမို့ အိပ်ပျော်အောင်ကြိုးစားကာ ကောင်မလေးကို အာရုံထဲမှ ထုတ်ပစ်တော့ ကောင်မလေးက အရင်တစ်ခါကလို လွယ်လွယ်ထွက်မသွားတာကြောင့် သူ စိတ်ညစ်သွားပါသည်။

❀ ❀ ✿ ❀ ❀

## အခန်း (၅)

"ဟဲ့ဝတ်လွှာ နင့်ကို ငါမေးမယ်လုပ်ပြီး မေ့နေလို့"

"ဘာလဲ ကျော်ရဲ့ အလန့်တကြား"

"ဟိုတစ်နေ့က နင်နဲ့တိုက်မိတဲ့သူက ဘယ်သူလဲ၊ အရင်က မတွေ့မိပါဘူး"

ကျော့်အမေးကြောင့် ကျန်တဲ့သူတွေကပါ ဘယ်သူလဲ၊ ဘယ်တုန်းက တိုက်မိတာလဲ စသဖြင့် ဝိုင်းမေးရာ သူမနှင့်ကျော်က ပြန်ရှင်းပြရပါသည်။

"အဲ့ဒါ မာလီအသစ်ဟ၊ မူတူးထွက်သွားလို့ အစားခေါ်လိုက်တာလေ၊ သူရယ် သူ့အဖေရယ် သားအဖနှစ်ယောက်စလုံးက ဒေါ်ကြီးမြို့တို့ရွာက"

"သြော် ငါတို့အပြန်မှာ ခြံတံခါးဖွင့်ပေးတဲ့လူ ထင်တယ်၊



ဟဲ့ တောသားလို့ မထင်ရဘူးနော်၊ သန့်တယ်ဟ"

"ဆွေမာရယ် နင်ကတော့ စပ်စပ်စုစု၊ တို့တော့ မမြင်ပါဘူး"

"ဘယ်မြင်မတုံး သစ္စာရဲ့၊ နင်က အချိန်ပြည့် နင့်ရည်းစားအကြောင်း တွေးနေတာကို"

"အောင်မယ် မဟုတ်ပါဘူးနော်၊ ဒါဆို ငွေယွန်းနဲ့ လှိုင်းဖြူကို မေးမယ်၊ ဟဲ့ နင်တို့ရော အဲသည့်နေ့က ဆွေမာပြောတဲ့လူကို တွေ့ခဲ့ကြလား"

"ကဲ ကဲ တော်ပါတော့ဟယ်၊ နင်တို့ကလည်း ရုပ်ရှင်မင်းသား တွေ့ခဲ့တာ ကျနေတာပဲ၊ မပြီးနိုင်မစီးနိုင်"

"မပြီးနိုင်ပါဘူး။ ဟဲ့ သည်တစ်ခါ ဝတ်လွှာတို့အိမ်ရောက်ရင် အဲသည့်လူကို ငါပြမယ်၊ ဝတ်လွှာက သူ့အိမ်ကလူကို တိုနေတာများ။ ငါတို့ သူ့အကြောင်းပြောတာတောင် မကြိုက်ဘူး။ တွေ့လား။ မပြီးနိုင်မစီးနိုင်ဆိုပြီး စကားဖြတ်ပစ်တယ်"

"အောင်မယ်လေး လုံးဝမဟုတ်ပါဘူးနော်၊ ကဲ သည်လောက်သိချင်ရင် ပြောပြမယ်၊ သူတို့ရွာက ပျဉ်းမနားမြို့နဲ့ ကပ်လျက်မို့လို့ သိပ်တော့ တောမကျဘူးတဲ့၊ ဒေါ်ကြီးမြို့ ပြောတာပဲ၊ ဒါ့ကြောင့် တောသားနဲ့ မတူတာ နေမှာပေါ့။ ပြီးတော့ မနှစ်က ဘွဲ့ရပြီးသွားပြီတဲ့၊ သူ့အမေက လွန်ခဲ့တဲ့နှစ်နှစ်က ပိုးထိပြီး ဆုံးသွားပြီတဲ့၊ ခု သူက မာမီ့ဆီမှာ သင်တန်းတက်ဖို့ ခွင့်တောင်းထားတာကို မာမီက ခွင့်ပြု

လိုက်တယ်တဲ့၊ ဘာသင်တန်းလဲတော့ ငါမသိပါ၊ ကဲ အဲဒါ ငါသိတာ အကုန်ပဲ၊ နင်တို့ထပ်သိချင်တာရှိရင်တော့ ဒေါ်ကြီးပြုံးကိုသာ လာမေး ကြတော့"

"မေးမှာ၊ မေးဦးမှာ"

ဆွေမာက ဝတ်လွှာကို စချင်သောကြောင့် ရုပ်ပြောင်နှင့် ပြောရာ ကျော်နှင့် ရဲဆွေတင့်က ဝိုင်းနှိပ်ကွပ်ပါသည်။

"ကဲဆွေမာ သည်လောက်မေးချင်ရင် အဲသည့်လူကို လိုချင်လို့ ဘာနဲ့တင်တောင်းရမလဲသာ မေးလိုက်တော့၊ မိန်းကလေးတဲ့ကွာ၊ ဣန္ဒြေ တစ်စိမှမရှိဘူး"

"ရဲဆွေနော် ရေဆွဲခိုင်းလိုက်မယ်၊ ငါက ဝတ်လွှာကို စနေတဲ့ ဟာကို"

"အောင်မယ် ငါ့သူငယ်ချင်းကို မာလီနဲ့ သဘောမတူနိုင်ပါဘူးနော်"

အားလုံးထဲမှာ လူကြီးအဆန်ဆုံး၊ စကားအနည်းဆုံး ငွေယွန်းက လှမ်းပြောသဖြင့် ဆောင်းဝတ်လွှာက ငွေယွန်းကို လှမ်းဖက်ကာ

"အားလုံးထဲမှာ ယွန်းယွန်းကို အချစ်ဆုံး"

ဟု နွဲ့သံလေးနှင့် ရုပ်ပြောင်လိုက်ပါသည်။

"ဟာ ဟ မိန်းကလေးချင်းကြီးကို၊ ကျောချမ်းလိုက်တာနော်၊ ဝတ်လွှာ HIV အတွက် ဆေးမပေါ်သေးဘူးနော်"



လို့ ကျော်က နောက်လိုက်တော့ အားလုံး ဝိုင်းရယ်ချိန်မှာ ဝတ်လွှာက ကျော့်ကို ရေသန့်ဘူးနှင့် လှမ်းထုပါသည်။

တစ်ယောက်နှင့်တစ်ယောက် စလိုက်၊ နောက်လိုက်ဖြင့် ပျော်စရာကောင်းတဲ့ တက္ကသိုလ်ကျောင်းသူဘဝကို ဝတ်လွှာက အမှု အပင်ကင်းမဲ့စွာ ဖြတ်သန်းလျက်ရှိပါသည်။

ဝတ်လွှာတို့မှာ ကားလေးစီးရှိသည့်အနက် ဒယ်ဒီကလည်း သူ့ Land Cruiser ငွေရောင်ကို သူ့ဘာသာမောင်းတတ်ပြီး ဝတ်လွှာကလည်း Salooon ခဲရောင်ကို ကိုယ်တိုင်မောင်းပြီး ကျောင်းတက်တာကြောင့် ဒရိုင်ဘာကိုမောင်က မာမီ့ရဲ့ Surf ကား အနီရင့်ရောင်ကိုသာ မောင်းရတာများပါသည်။

ဒါပေမဲ့ အကြမ်းသုံးဖို့ထားသော အကွာရာနီမှိုသည့် Datsun ကားအဖြူလေးနှင့် ဒေါ်ကြီးပြုံးက တစ်ပတ်တစ်ခါ ဈေးသွားရတာမို့ ထိုနေ့မှာတော့ မာမီက ကားကို ကိုယ်တိုင်မမောင်းချင်ပါဘဲနှင့် မောင်း သွားရတတ်ပါသည်။

ဒါ့ကြောင့် မာမီက ဒယ်ဒီနှင့်တိုင်ပင်ကာ "ထက်သန်"ကို ကားမောင်းသင်ခိုင်းပြီး ဒေါ်ပြုံးဈေးဝယ်ထွက်ရင် လိုက်ပို့ဖို့နှင့် အရေး အကြောင်းပေါ်လာရင် အသုံးပြုဖို့ဆိုပြီး သူ့ဆန္ဒကို ဒေါ်ပြုံးမှတစ်ဆင့် မေးခိုင်းလိုက်ပါသည်။

သူက ကားမောင်းသင်တန်းနှင့် ကားလိုင်စင်အတွက် ကုန်ကျ

ငွေကို တာဝန်ယူပါက ကားမောင်းသင်ဖို့ သဘောတူကြောင်း အကြောင်းပြန်လိုက်သဖြင့် မာမီနှင့်ဒယ်ဒီ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးနေပါသည်။

သည်လို ပြုံးတာဟာ သူ့ရဲ့စေ့စပ်သေချာမှုကို သဘောကျလို့ဆိုတာ ဆောင်းဝတ်လွှာ ကောင်းကောင်းသိပါသည်။

တော်ရုံအလုပ်သမားကို သဘောကျနိုင်ခဲ့သော မာမီက သူတို့သားအဖကိုတော့ နှုတ်မှဖွင့်ဟချီးကျူးတာမျိုး၊ အရေးတယူ စကားပြောတာမျိုး မရှိပေမယ့် စိတ်ထဲကတော့ ကျေနပ်နေတာကို ဆောင်းဝတ်လွှာသိပါသည်။

ဘာဖြစ်လို့လဲဆိုတော့ ဟိုတစ်နေ့က ဒေါ်ပြုံးကို

"မပြုံး သည်တစ်လကုန်ရင် ဟိုသားအဖကို လစာတိုးပေးမလို့ မမကြီးစဉ်းစားထားတယ်၊ အဲဒါ သတိပေးဦး"

လို့ မာမီပြောနေတာ ဝတ်လွှာကြားလိုက်ရပါသည်။

ဘာလိုလို့နဲ့ သူတို့အလုပ်ဝင်တာ တစ်လတောင်ကျော်ပြီပေါ့။ သည်တော့မှ ထူးခြားချက်တစ်ခုကို ဆောင်းဝတ်လွှာ သတိပြုမိလိုက်သည်။ ဟိုတစ်ခါ သူနဲ့တိုက်မိပြီးကတည်းက နောက်ထပ်တစ်ခါမှကို မတွေ့ရတာဟာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။

သေချာပြန်စဉ်းစားကြည့်ရင် တကယ့်ကို တစ်ခါမှကို သူ့ကို ထပ်မတွေ့ရတော့တာပါ။ အဲဒါ ဘာဖြစ်လို့များပါလိမ့်။



ဝတ်လွှာက သိပ်အခန်းအောင်းတတ်တဲ့ မိန်းကလေးလည်း မဟုတ်ပါ။ တစ်ခါတလေ ခြံထဲက ခုံးပေါ်မှာထိုင်ပြီး စာကျက်တာပဲ။ တစ်ခါတလေလည်း နှင်းဆီပန်းရောင်စုံတွေ ဆင်းခူးပြီး ပန်းအလှထိုးတာပဲ။ တစ်ခါတလေဆို ဝတ်လွှာရယ်၊ အိပုရယ်၊ ဟိုဘက်ခြံက ခွေးလေး "နစ်ကို"ရယ် မြက်ခင်းပြင်ပေါ် လိမ့်ဆော့ကြတာပဲ။ အဲသည့်အခါတွေမှာ သူ့ကို ဘာဖြစ်လို့ မတွေ့ရတာပါလိမ့်။

ဟိုတစ်ခါ ဝတ်လွှာနဲ့တိုက်မိတဲ့အတွက် မာမီက သူ့ကိုများ ဆူပူပြောဆိုလို့လား။ မဖြစ်နိုင်ပါ။

မာမီက သူ့ကိုပြောရင် ဒေါ်ကြီးပြုံးမှတစ်ဆင့်ပဲ ပြောမှာမို့ သူမ သိရမှာပေါ့။ ဒါဆို သူ့အသိစိတ်နဲ့သူ သူမနဲ့ဝေးရာမှာ ရှောင်နေတာလား။ အို ဒါမှမဟုတ်ရင် တကယ့်ကို သူ့ဘာသာ အလုပ်တွေလုပ်နေလို့ ရိုးရိုးမတွေ့တာလည်း ဖြစ်နိုင်တာပဲ။

ဒါကို သည်လောက်စဉ်းစားနေဖို့မလိုပါဘူးလို့ ကိုယ့်ဘာသာ မကျေမနပ်တွေးကာ ကက်ဆက်ကို ဂိတ်ဆုံးအထိ အသံမြှင့်ထားပြီး ထွက်ပေါ်လာတဲ့ သီချင်းသံဆူဆူညံညံအတိုင်း ခုန်ပေါက်ကလိုက်ပါသည်။

ဒါပေမဲ့ များမကြာခင်မှာတော့ မျက်စိရှေ့မှာ သူ့ကို လုံးဝ မတွေ့ရတာဟာ သွေးရိုးသားရိုးမဟုတ်မှန်း သိလိုက်ရပါသည်။

❀ ❀ ✺ ❀ ❀

## အခန်း (၅)

သည်ညနေတော့ စာကျက်ချင်စိတ်မရှိတာနှင့် နှင်းဆီပန်း အလွန်ကြိုက်သော ဝတ်လွှာတစ်ယောက် ကတ်ကြေးနှင့် ပလတ်စ တစ်ခြင်းဆွဲကာ ခြံထဲသို့ ဆင်းလာခဲ့သည်။

အဖြူရောင်နှင်းဆီလေးတွေကို ရွေးဖြတ်ရင်း နှင်းဆီရနံ့ ကြောင့် ကြည်နူးရွှင်ပျစွာ သီချင်းလေးညည်းနေတုန်း လက်ညှိုးထိပ်ကို နှင်းဆီဆူးစူးသွားသဖြင့် "အ"ခနဲ အော်ကာ သီချင်းသံရပ်သွားခဲ့ပါ သည်။

အလန့်တကြား လက်ကို ရုန်းဆုတ်လိုက်တာမို့ ဆူးစူးရုံသာ မက ဆူးနှင့်ခြစ်မိသွားသဖြင့် သွေးများ ဖြာခနဲကျလာတာကြောင့် ရုတ်တရက်လန့်ကာ ဘာလုပ်ရမှန်းမသိဘဲ ကြောင်နေပြီးမှ လက်ညှိုး ကို ပါးစပ်နှင့် အသာအယာ စုပ်လိုက်ပါသည်။



ဒါပေမဲ့ သွေးက မတိတ်နိုင်ဘဲ နည်းနည်းချင်း ထပ်ထွက်နေ သဖြင့် ရေဘုံဘိုင်သို့သွားကာ အနာကိုဆေးနေတုန်းမှာပဲ ဒေါ်ကြီးပြုံး ရောက်လာပါသည်။

"မီးငယ် ပန်းခူးရင်း ဆူးစူးသွားလို့ဆို၊ ဒေါ်ကြီးပြုံးကို ပြစမ်း။ တော်တော်များလား"

ကြည့်စမ်း ဒေါ်ကြီးပြုံး မီးဖိုထဲမှာနေပြီး ဘယ်လိုသိပါလိမ့်။

အရင်ကလို ဒေါ်ကြီးပြုံးကို ချွဲဖို့၊ ငိုဖို့တွေပင် မေ့သွားကာ မေးခွန်းထုတ်လိုက်ပါသည်။

"ဒေါ်ကြီးပြုံး မီးငယ် ဆူးစူးတာ ဘယ်လိုသိလဲဟင်"

"မောင်ထက် လာပြောတာ၊ ကြည့်စမ်း ဒဏ်ရာက မကြီးပေ မယ့် သွေးတော်တော်ထွက်နေတာပဲ၊ လာ လာ၊ ဆေးသွားထည့်ရ အောင်နော် မီးငယ်"

"အင်းပါ၊ မီးငယ်ခူးထားတဲ့ ပန်းတွေ ဟိုမှာ"

"ပြော် အဲ့ဒါကို ယူခိုင်းလိုက်ပါ့မယ်၊ လာပါ မီးငယ်ရယ်"

ဒေါ်ကြီးပြုံးက အနာကို တစ်ရှူးပေပါဖြင့်သုတ်ကာ ညှစ်ဆေး လိမ်းပေးပြီး ပလာစတာကပ်နေတုန်း "မောင်ထက်လာပြောတာ" ဆိုတဲ့ ဒေါ်ကြီးပြုံးရဲ့စကားသံကို အထပ်ထပ် ကြားယောင်နေမိပါသည်။

ဒါဆိုရင် သူ ဘယ်နေရာကနေ သူမကို ကြည့်နေတာလဲ။ ဘယ်တုန်းကတည်းက ကြည့်နေတာလဲ။

သွားရင်းလာရင်း ဆူးစူးတာကို တွေ့သွားတာမျိုးတော့ လုံးဝ မဖြစ်နိုင်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဆူးစူးတုန်းက အနားဝန်းကျင်မှာ တစ်စုံတစ်ယောက် ရပ်နေတာမျိုး၊ အလုပ်လုပ်နေတာမျိုး၊ ဖြတ်လျှောက်သွားတာမျိုး မရှိတာကို သူမ သတိထားမိနေလို့ပင်။

ဘယ်လိုပဲတွေ့တွေ့ သူ ဒေါ်ကြီးပြုံးကို သွားပြောတာ မှန်ပါသည်။ သူက သူမအနားလာပြီး ဆေးထည့်ပေးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်သင့်သည့်ကိစ္စဆိုတာကိုတော့ သူသိသားပဲ။

ဒါဆိုရင် ဘာဖြစ်လို့များ သူမကို တိတ်တဆိတ်ချောင်းမြောင်းနေရတာပါလိမ့်။ (သူမအထင် မမှားဘူးဆိုရင်ပေါ့လေ) သည်လူနဲ့ သည်လူ၊ သည်အဆင့်အတန်းနှင့် သည်အဆင့်အတန်း ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ သူမသိဘူးလား။

သူ့ဘက်က အပြစ်တစ်စုံတစ်ရာ ကျူးလွန်ခြင်း မရှိသော်ငြား သူမရင်ထဲမှာ မကြိုက်မနှစ်သက်နိုင်ခြင်းတွေ ပြည့်သိပ်နေပါသည်။

သူမကတော့ သူ ခပ်တည်တည်နေတတ်တာကိုပင် သဘောကျနေသေးသည်။

ခုတော့ ... သူက။

ဒါ့ကြောင့် သူမမြင်ကွင်းထဲမှာ၊ သူမမျက်စိရှေ့မှာ သူ ဘယ်တော့မှမနေတာ ဖြစ်ပါလိမ့်မည်။ သူ့စိတ်သူမလုံလို့ဟု သူမကတော့ သတ်မှတ်လိုက်ချင်ပါသည်။



ဘာပဲဖြစ်ဖြစ် သူမကို အနှောင့်အယှက်ပေးဖို့ ဝေးလို့ ရှောင်ရှားပြီးတောင်နေတဲ့ လူတစ်ယောက်ကို သူမ သည်လောက်ထိတော့ မကျေမနပ် မဖြစ်သင့်ပါဘူးလေလို့တွေးကာ စိတ်ကိုလျှော့ချလိုက်ပါသည်။

သူ့ရင်ထဲ ဘာဖြစ်နေနေ သူမ ဥပေက္ခာပြုနိုင်ရန် ဘာလို့များ အပြုံးပျက်စရာလိုဦးမလဲလို့ တွေးလိုက်တော့မှ ရင်ထဲမှာ ပေါ့ပါးရှင်းလင်းသွားပါသည်။

❀ ❀ ❀ ❀ ❀

## အခန်း (၆)

သူ သိမ်ကြီးဈေး MCC မှာ သင်တန်းကိစ္စ သွားစုံစမ်းတော့ သူတက်ချင်သော သင်တန်းမျိုးကို တွေ့ခဲ့ရပါသည်။

computer, Speaking, Account နှင့် အခြား Knowledge များပါ ပါဝင်သော ဘာသာရပ် (၆) ခုလောက်ကိုသင်ကြားပေးသည့် Junior Management and office staff သင်တန်းသည် သင်တန်းကြေးရော၊ သင်တန်းချိန်ရော သူ့အတွက် အဆင်ပြေပါသည်။

သူက အချိန်ပို၊ ငွေပိုနေသော သူဌေးသား မဟုတ်သည့်အတွက် ကွန်ပျူတာကို သုံးလလောက်တက်ပြီးတော့ Speaking ကို သုံးလလောက်တက်စသဖြင့် သင်တန်းတစ်ခုပြီးတစ်ခု လိုက်တက်နေဖို့ မဖြစ်နိုင်ပါ။



ခုလို subject များများပါတဲ့ သင်တန်းကိုတက်ပြီးမှ အဲသည့်အထဲက ကိုယ်လည်း ဝါသနာပါ၊ ဘဝတက်လမ်းလည်း ရှိနိုင်သည့်လိုင်းကိုရွေးပြီး တစ်ဆင့်မြင့်အောင် ထပ်တက်၊ စုစုပေါင်း သင်တန်းနှစ်ခုလောက်ပဲ တက်ဖို့ အဆင်ပြေလိမ့်မည်လို့ သူ့ခန့်မှန်းပါသည်။

အလုပ်သမားဖြစ်နေပြီး သင်တန်းတွေ မပြတ်တက်နေမယ်ဆိုရင်ဖြင့် အိမ်ကြီးရှင်များက မကြည်မဖြူဖြစ်မှာမျိုး သူ မခံချင်ပါ။ ဒါကြောင့် သင်တန်းတက်ဖို့အားလုံး အစစအရာရာပြင်ဆင်ပြီး ဒေါ်ကြီးပြီးမှတစ်ဆင့် အိမ်ရှင်များဆီ သင်တန်းချိန်တွေ တင်ပြမယ်လုပ်တုန်းမှာပဲ သူ့ကို ကားမောင်းသင်ဖို့ ပြောလာတာဖြစ်ပါသည်။

ကားမောင်းသင်တန်းက နှစ်လ (သို့) သုံးလလောက် တက်ရမှာဆိုတော့ သူတက်ချင်တဲ့သင်တန်းကို နောက်ကိုဆုတ်လိုက်ရုံပေါ့။

ဘာပဲဖြစ်ဖြစ်သူ့အတွက် အရှုံးမရှိပါဘူးလေ။ ရန်ကုန်လိုနေရာမျိုးမှာ ကားမောင်းတတ်တယ်ဆိုတာ အလုပ်အကိုင်ရှာဖို့ အင်မတန်လွယ်ကူကြောင်း၊ အိမ်ရှင်များကပဲ အဝဝ တာဝန်ယူသည်ဆိုတော့ သင်တန်းပြီးလို့ မာလီ၊ ခြံစောင့်အပြင် ဒရိုင်ဘာတာဝန်ကိုပါ ရံဖန်ရံခါ ပူးတွဲယူရမည်ဆိုလျှင်လည်း သူက အလုပ်မကြောက်သူမို့ ငြင်းဆန်စရာအကြောင်း မရှိပါ။ ကားမောင်းတတ်သွားတာ သူ့အတွက် အမြတ်ပဲပေါ့။

နယ်ကလာပြီး ရန်ကုန်မှာ တက်လမ်းရှာချင်ကာ ငွေအရင်း

အနီးလည်း များများမရှိသည့် သူလိုလူငယ်တစ်ယောက်အတွက်တော့ သည်လိုမျိုး ပညာနဲ့ငွေကို အတူပူးတွဲရှာကာရသမျှအချိန်အတွင်း သိနိုင်သမျှ၊ တတ်နိုင်သမျှသော ပညာကို လောဘတကြီးယူနိုင်မှ တန်ကာကျမယ်လို့ သူခံယူထားပါသည်။

ဒါ့ကြောင့် သင်တန်းမှာ သူဟာ အတတ်အမြန်ဆုံး၊ အကြိုးစားဆုံးလူငယ်အဖြစ် ဆရာက အသိအမှတ်ပြုပါသည်။ ပြီးတော့ ကိုမောင်ကလည်း သူ့ကို ကူညီပြသပေး၊ ရန်ကုန်က လမ်းကြောင်းတွေကို ရှင်းပြပေးတာကြောင့် နှစ်လအကြာမှာ သူ ကားမောင်းတတ်ခဲ့ပါသည်။

သင်တန်းကို စောနိုင်သမျှ စောစောသွားကာ သင်တန်းက ဆရာဖွင့်ထားသည့် ကားဝပ်ရှော့မှ ချာတိတ်များကို ခင်အောင်ပေါင်း၊ ကူညီနိုင်တာရှိ ဝိုင်းကူညီလုပ်ပေးရင်းမှ ကားပြင်တဲ့ပညာကိုလည်း အနည်းငယ် တတ်မြောက်စပြုပါသည်။

သင်တန်းက ဆရာကလည်း သူ့ရဲ့ကြိုးစားချင်စိတ်ရော၊ စူးစမ်းချင်စိတ်ရောကို သဘောကျတာကြောင့် အားလျှင်အားသလို သူ့ကိုသင်ကြားပြသပေးတာကြောင့် သုံးလအကြာမှာတော့ ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနိုင်သည့်အပြင် တော်ရုံတန်ရုံ ကားပျက်တာလောက်ကိုလည်း သူပြင်တတ်ခဲ့ပါသည်။

ဒါ့ကြောင့် စနေနေ့တိုင်း ဒေါ်ကြီးပြုံးဈေးဝယ်ထွက်ရင်စီးတဲ့



Datsun ကားအဖြူရောင်လေးကို သူ မောင်းရပါသည်။ သိမ်ကြီးဈေး လှည်းတန်းဈေးနှင့် ဘိုကလေးဈေးကိုလည်း သူ ရင်းနှီးစပြုပါသည်။

ဒေါ်ကြီးပြုံးကို တတိယအကြိမ် ဈေးပို့သည့်အခေါက်မှာတော့ ပုံမှန်ဆို လှည်းတန်းဈေးသာသွားပြီး လကုန်မှာ ဈေးအစုံသွားတတ်သည့် ဒေါ်ကြီးပြုံးက လကုန်ရက်မဟုတ်ဘဲ သူ့ကို ဈေးအစုံနှင့် တရုတ်တန်းပို့ဖို့ ပြောပါသည်။

''လကုန်ရက်မဟုတ်ဘဲ တရုတ်တန်းရော၊ သိမ်ကြီးဈေးပါ သွားမယ်၊ ဟုတ်လား ဒေါ်ကြီးပြုံး''

''အေး ဟုတ်တယ် မောင်ထက်ရဲ့၊ မနက်ဖြန်ဆို မီးငယ်တို့ စာမေးပွဲ နောက်ဆုံးနေ့လေ၊ ဒါ့ကြောင့် သူတို့သူငယ်ချင်း အယောက်နှစ်ဆယ်လောက်ကို ညနေဘက်မှာ ဘူဖေးကျွေးပြီး ပျော်ပွဲရွှင်ပွဲလေး လုပ်ပေးလိုက်ပါလို့ မမကြီး မှာသွားလို့ကွဲ့''

''ဪ''

ပိုက်ဆံရှိလူတန်းစားများ ငွေကိုရေလိုသုံးပြီး ပျော်စရာရှာကြတတ်ပုံကို သူ အံ့ဩကာ ဒေါ်ကြီးပြုံးဈေးဝယ်သမျှကို မညည်းမညူတမ်း သယ်ပေးလိုက်ပါသည်။

ဈေးကပြန်ရောက်တာနဲ့ သူရယ်၊ အဖေရယ် ခြံကိုရှင်းလင်းကြည့်ကောင်းအောင်ပြင်ဆင်၊ မီးသီးတွဲလေးတွေကို သစ်ပင်တွေမှာ လှပအောင် လိုက်တပ်ဆင်၊ အစားအဲသောက်တွေချဖို့ နေရာလုပ်

စသည့်အလုပ်ပေါင်းစုံကို မနားတမ်းလုပ်ကာ မနက်စာကိုတောင် နေ့လယ်နှစ်နာရီမှ စားဖြစ်ပါသည်။

"အေးအေးဆေးဆေးလုပ်လည်း ရပါတယ် မောင်ထက်ရဲ့၊ မနက်ဖြန်တစ်နေ့လုံး အချိန်ရှိသေးတာပဲ၊ ညနေပိုင်းမှ စကြမှာပါ"

"ရပါတယ် ဒေါ်ကြီးပြုံး။ ကျွန်တော်က လုပ်စရာရှိရင် မနေတတ်လို့ပါ၊ စောစောပြီးတော့လည်း တခြားဘာလိုလို ထလုပ်လို့ရတာပေါ့"

"အေးကွယ်၊ မောင်ထက်က အလုပ်လုပ်ရင် မြန်လည်း မြန်တယ်၊ သေလည်းသေသပ်တယ်ဆိုတော့ ဒေါ်ကြီးပြုံးတော့ မောင်ထက်ကိုခိုင်းရတာ သိပ်အားရှိတာပဲ"

ထမင်းစားပြီးတော့ သူတို့သားအဖနှစ်ယောက် ပြင်ဆင်ထားသည့် ခြံလေးကိုကြည့်ကာ ဘာများလိုအပ်ဦးမလဲလို့ တွေးနေမိပါသည်။

ဒေါ်ကြီးပြုံး ပြောတဲ့အတိုင်းဆိုရင် ခု ပြင်ဆင်ပြီးသလောက်က ပြည့်စုံပေမယ့် သူက စေတနာပိုကာ ပန်းအိုးတွေကို နေရာရွှေ့ပြီး လှသထက်လှအောင် ခြံကို သနေမိပါသည်။

ဒါဟာ စာမေးပွဲရက်အတွင်းမှာ ကောင်မလေးတစ်ယောက် စိတ်ပင်ပန်းခဲ့တယ်ဆိုရင် အပန်းပြေကြည်နူးစေလိုတဲ့ စေတနာသက်သက်ကြောင့်သာ ဖြစ်ပါသည်။



မီးငယ် ကျောင်းကပြန်လာတော့ ခြံထဲမှာပြောင်းလဲလှပနေတဲ့ မြင်ကွင်းကြောင့် အံ့သြပျော်ရွှင်သွားမိပါသည်။

ကြည့်စမ်း တကယ့်ကို စိတ်ကြည်နူးဖို့ စိမ်းလန်းလှပကာ နေချင်စဖွယ် ကောင်းလှပါသည်။

ခဏနားပြီး ခြံထဲဆင်းစာကျက်ဖို့ စိတ်ကူးမိတဲ့အထိကို ဟိုသားအဖက လက်စွမ်းပြထားပါသည်။

"မောင်ထက်တို့သားအဖပေါ့ မီးငယ်ရဲ့၊ ခြံကိုပြင်ဆင်နေတာ မနက်စာတောင် နှစ်နာရီလောက်မှ စားကြတယ်"

ကြည့်စမ်း သည်လူကြီးက ဘာဖြစ်လို့ နေရာတကာမှာ ကျွမ်းကျင်နေရတာလဲ။ ကားမောင်းတော့လည်း ညင်ညင်သာသာနဲ့ သိပ်ကျွမ်းကျင်လို့ ကိုမောင်မောင်းတဲ့ကားစီးရသလို ဘုရားတစရာ မလိုဘူးလို့ ဒေါ်ကြီးပြုံးက သူ့ကို တဖွဖွ ချီးကျူးသံကြားနေရသည်။

ခု ခြံကိုပြင်ဆင်ဆိုတော့လည်း အရင်မာလီမှုတူးထက် အများကြီး သာသည်။

မညိုနှင့် ဒီမပုကလည်း ဘယ်တော့မှ အအားမနေတတ်တဲ့ အားရင် သူတို့အိမ်က နာရီအပျက်တွေ၊ ရေဒီယိုနှင့် ကက်ဆက်အပျက်တွေကို ယူပြင်ပေးတတ်တဲ့ ထက်သန်ကို အတော်ခင်မင်အဖွဲ့ကျနေပါသည်။ စကားနည်းလွန်းတဲ့ မညိုယောကျ်ား ကိုမောင်ကတောင် "ညီလေး၊ ညီလေး" နှင့် သူ့ကို ခင်မင်လွန်းပုံ ရလေသည်။

အားလုံးက သူ့ကို လိုက်လိုက်လှဲလှဲ ခင်မင်လာအောင် စွမ်းဆောင်နိုင်တဲ့ ထက်သန်ဆိုတဲ့လူက သူမရှေ့မှာ မြင်ရခဲလှပြီး မြင်ရရင်လည်း အရယ်အပြုံးလုံးဝမရှိဘဲ တည်ငြိမ်လွန်းတာက အံ့သြမယ်ဆို အံ့သြစရာပါပဲလေ။

သည်နေ့တော့ မာမီ အစောကြီး ပြန်ရောက်လာပါသည်။ ခြံထဲမှာ စာဆင်းကျက်နေတဲ့ သူမကိုတွေ့တော့ မာမီက အမောပြေသွားပုံမျိုး ပြုံးကာ

"မီးငယ်လေး ကြိုးစား၊ လိုတာရှိ မာမီ့ကိုပြော"

လို့ သူမပခုံးလေးဖက်ကာ ပြောလာပါသည်။

"မလိုပါဘူးမာမီ၊ မနက်ဖြန် သူငယ်ချင်းတွေကို ကျွေးမယ့်ပွဲအတွက်ရော, သည်နေ့ ခြံထဲမှာ ပြင်ဆင်နိုင်းပေးတာအတွက်ရော ကျေးဇူးနော် မာမီ"

"အို ဟုတ်ပါရဲ့၊ ခြံက ပြောင်းလဲသားနားနေတာ၊ မပြုံးတော့ ဒါလောက် လုပ်နိုင်းတတ်မယ် မထင်ဘူး။ ဟိုကောင်လေးတို့သားအဖ စိတ်ကူးထင်တယ်၊ ကောင်းတယ် ကောင်းတယ်၊ ကဲ သမီး မာမီ ရေချိုးလိုက်ဦးမယ်၊ တစ်အောင့်ကြာ မှောင်တော့မှာ၊ မာမီ အိပုနဲ့ သမီးဆီ Table Lamp ပို့ပေးရမလား"

"ရတယ် မာမီ၊ ခဏနားပြီး မီးငယ်လည်း အိမ်ထဲဝင်တော့မှာ"



မာမီ ထွက်ခွာသွားတော့ သူမလည်း စာအုပ်တွေသိမ်းပြီး ခြံထဲ ဟိုလျှောက်၊သည်လျှောက်ကြည့်ရင်း မြက်ခင်းစိမ်းအလွန်က ရေမြောင်းနားမှာ ရွှေညိုအနည်းငယ်ရှိနေတာကို သတိမပြုဘဲ နင်းမိပြီး ခြေထောက်လည်ထွက်ကာ ချော်လဲသွားပါသည်။

ညာဘက်ခြေထောက်က နာလည်းနာ၊ အောင့်လည်းအောင့် ကျင်လည်းကျင်တာကြောင့် အသံတောင်မထွက်နိုင်ဘဲ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာစဉ်မှာ သူမနဲ့ခပ်လှမ်းလှမ်းက

"မညိုရေ၊ မညို လာပါဦးဗျ"

ဆိုတဲ့ အသံတစ်သံကို အလောတကြီးနိုင်စွာ ကြားလိုက်ရပါသည်။

"ဟော လာပြီ၊ လာပြီ"

မညိုနဲ့ ထက်သန် သူမနားရောက်လာတဲ့အချိန်မှာ သူမ အနည်းငယ် ထနိုင်မလားလို့ ခြေထောက်ကို ထောက်ကြည့်ပေမယ့် မရတာကြောင့် "အား" ခနဲအော်ကာ ပြန်လဲကျသွားပါသည်။

"မညို သူ့ကိုကြည့်ထား၊ ကျွန်တော် ဒေါ်ကြီးပြုံးနဲ့ ကိုမောင်ကို သွားခေါ်လိုက်ဦးမယ်"

"အေး အေး၊ ဖြစ်ရလေ့ မီးငယ်ရယ်"

သူထွက်သွားပြီး ချက်ချင်းလိုလိုပင် အိပုရော၊ ကိုမောင်ရော၊ ဒေါ်ကြီးပြုံးရော တစ်သီတစ်တန်းကြီး သူ့နောက်ကပါကာ ပြန်ရောက်

လာပါသည်။

"ဒေါ်ကြီးပြုံးနဲ့ မညို ဖြည်းဖြည်းစီ တွဲထူ၊ အိပုံ ဟိုကရေပိုက်နဲ့ ခြေထောက်ဆေးပေးလေ"

အားလုံးက သူပြောတဲ့အတိုင်း လုပ်ပေးတော့ အဆင်ပြေသွားပါသည်။

သူမလည်း မညိုနှင့် ဒေါ်ပြုံးကြားမှာ ထော့နဲ့ထော့နဲ့နှင့် ပါလာပါသည်။

ဒါတောင် "အိပုံ ဟိုမှာ စာအုပ်တွေ သွားသိမ်းပေးလိုက်၊ ဒန်းပေါ်မှာ" ဆိုတဲ့ သူ့အသံကို ကြားလိုက်ရပါသေးသည်။

"ခြေထောက် အကြောလည်သွားရုံပါ၊ ဆေးလိမ်းရမယ်၊ သောက်ဆေးသောက်ရမယ်၊ အရိုးတွေဘာတွေ ထိမသွားတာ ကံကောင်းတာပဲ"

"ဆရာ မနက်ဖြန်ဆို ပြန်ကောင်းသွားမှာပါနော်၊ မနက်ဖြန် မီးငယ်လေး စာမေးပွဲ နောက်ဆုံးရက်မို့ပါ"

"ဩော် စိတ်မပူပါနဲ့ ဒေါ်ပြုံးရဲ့၊ ကောင်းပါတယ်"

မိသားစုဆရာဝန်ဆီက သည်စကားကြားတော့မှ အားလုံး ပြုံးနိုင်ပါတော့သည်။

မာမီနှင့် ဒေါ်ပြုံး ဆရာဝန်ကို ကားနားထိ လိုက်ပို့ပေးတုန်း အိပုံက သူမခြေထောက်ကို ဆေးလိမ်းပေးရင်း စပ်စုပါသည်။



"မမမီးငယ် ဘာလို့ အဲသည့်ချောင်ကြိုချောင်ကြား သွားရတာလဲဟင်"

"ငါလည်း ခြံကလှနေတော့ ဟိုကြည့်သည်ကြည့်နဲ့ ရောက်သွားတာ၊ ရေညှိတွေ သတိမထားဘူးဟ"

"ကိုကြီးထက်သန်လာခေါ်တော့ အိပုံရယ်၊ ကြီးပြုံးရယ် စိတ်ပူပြီးပြေးလာတာ ဖိနပ်တောင်မပါဘူး သိလား။ ခုရော သက်သာရဲ့လားဟင် မမမီးငယ်"

"အေးဟ သက်သာတယ်၊ ဟဲ့ နေပါဦး၊ ဒါ့နားထဲကျွစ်ကျွစ်နဲ့ ဘာသံကြီးတုံးဟ"

"ဩော် ကိုကြီးထက်သန် ရေညှိတွေကို ဝေါ်ပြားနဲ့ခြစ်နေတာ၊ နောက် ဘယ်သူမှ ချော်မလဲအောင်တဲ့"

"ဟုတ်လား"

သူက ရေညှိတွေကိုတင် မဟုတ်ဘဲ သူမရင်ထဲက တစ်စုံတစ်ရာကိုပါ ကုတ်ခြစ်နေသလို ခံစားရပါသည်။

သည်တစ်ခါလည်း သူမ အနာတရ ဒဏ်ရာရတော့ သူပဲ အရင်တွေ့ပြန်ကာ တခြားသူများကို သွားခေါ်ပေးခဲ့ပါသည်။

သူမကို ထူမဖို့ လုံးဝမကြိုးစားဘဲ မညိုနှင့် ဒေါ်ပြုံးကိုသာ တွဲခိုင်းတဲ့ သူ့ရဲ့စောင့်စည်းမှုကို သူမ တကယ်ပဲနှစ်ခြိုက်သွားပါသည်။

သူဟာ မျိုသိပ်နိုင်တဲ့၊ အကျင့်သိက္ခာကောင်းတဲ့ ယောကျ်ား

တစ်ယောက်ဖြစ်တဲ့အတွက် သူမကို တိတ်တဆိတ်ချောင်းကြည့် နေခဲ့တယ်၊ တိတ်တဆိတ် စိတ်ဝင်စားနေခဲ့တယ်ဆိုရင်တောင် သူမ စိတ်အနှောင့်အယှက် မဖြစ်တော့ပါဘူး။

ကြည့်စမ်း သူမဟာ သူ့ကို တွေ့ရတဲ့အကြိမ်အရေအတွက် သိပ်နည်းတာတောင် တစ်ခါထက်တစ်ခါ သူ့အပေါ်ထားတဲ့ သဘောထားတွေက ပို ပို ပျော့ပျောင်းလာပြီ။ အမြင်မကြည်မှုတွေလည်း လျော့လျော့သွားပါလား။

ဒါဟာ သူ့ရဲ့တည်ကြည်တဲ့ အနေအထိုင်ကြောင့်များလား။

ဘယ်လောက်ပဲ တည်ကြည်ပါစေ၊ ဘယ်လောက်ပဲ အကျင့်သီက္ခာ မိုးပျံအောင် ကောင်းနေပါစေ။ သူက သူမတို့မိသားစုရဲ့ အလုပ်သမားဆိုတာ စဉ်းစားမိတော့ ဘာကြောင့်မှန်းမသိဘဲ ရင်ထဲမှာ နွမ်းလျသွားပါသည်။

❀ ❀ ✿ ❀ ❀

## အခန်း (၇)

ကားမောင်းသင်တန်းဆင်းပြီး တစ်လအကြာမှာ အိမ်ရှင်များရဲ့ ခွင့်ပြုချက်ရယူပြီး သူ ပထမစုံစမ်းထားတဲ့ MNCC က သင်တန်းကို စတက်ပါသည်။ သင်တန်းက လတိုင်း တန်းခွဲသစ်ဖွင့်တာမို့ တော်ပါသေးသည်။

သင်တန်းမှာရှိသည့် လူငါးဆယ်လောက်ကို ဝေ့ကြည့်ပြီး "သည်လူတွေအားလုံးထဲမှာ ငါ ပထမရအောင် ကြိုးစားမယ်"လို့ စိတ်ထဲဆုံးဖြတ်လိုက်ပါသည်။

အပေါင်းအသင်းမထားဘဲ ဆရာတွေသင်သမျှ သေချာနားစိုက်ထောင်တဲ့သူ့အတွက် ထိုဆုံးဖြတ်ချက်က ပိုခိုင်မာသွားပါသည်။ ဘာဖြစ်လို့လဲဆိုတော့ သည်သင်တန်းမှာ ပထမရတဲ့သူက နောက်ထပ်ကိုယ်နှစ်သက်ရာ သင်တန်းတစ်ခုကို အခမဲ့တက်ခွင့်ရမည်ဆိုတဲ့

အကြောင်းကို သင်တန်းတက်ပြီး နှစ်ရက်အကြာမှာ သူသိလိုက်ရလို့ပဲ ဖြစ်သည်။

သင်ကြားတဲ့ဆရာတွေကလည်း တကယ့်ကို ပညာရေး၊ စေတနာရော ပြည့်ဝသူများဖြစ်သဖြင့် အလွန်စိတ်ဝင်စားစရာ ကောင်းပါသည်။ OFFICE MANANGEMENT (OM) ရုံးတွင်းစီမံခန့်ခွဲသည့် ဘာသာရပ်ကို သင်ကြားသောဆရာဆိုလျှင် အလွန်အတွေ့အကြုံရင့်ကာ၊ စကားပြောလည်းကောင်း၊ ပညာလည်းကြွယ်လွန်းသဖြင့် ကမ္ဘာ့နိုင်ငံတွေအကြောင်း သင်တုန်းကများဆိုလျှင် ဆရာပြောသမျှတွေကနားထောင်လို့ မဝနိုင်ပါ။

A နှင့်စသော နိုင်ငံများ၏ သုံးစွဲသောငွေကြေး၊ လူမျိုး၊ မြို့တော် စသည့်အချက်အလက်များ၊ ပြီးတော့ B နှင့်စသောနိုင်ငံများ၊ C နှင့်စသောနိုင်ငံများမှသည် Z နှင့်စသောနိုင်ငံများအထိကို သင်ကြားသွားသည်မှာ စာသင်ကောင်းသလောက် ဗဟုသုတ အလွန်ကြွယ်ဝသူမှန်း သိသာစေပါသည်။

စာသင်ကောင်းရုံသာမက စာမေးလည်း တော်လွန်းလှသော ဆရာက တစ်နာရီအတွင်း လူစုံအောင်လည်း စာမေးတတ်ပါသေးသည်။ ရတဲ့သူလည်း ရ၊ မရတဲ့သူကလည်း မရမှ ပျော်စရာပါပင်။

ဆရာက စာရတဲ့သူဆိုလျှင် ''ဟုတ်ပြီ'' ဟု ပြောကာ စာမရလျှင် ''နောက်နေ့ ရအောင်လုပ်နော်၊ အစပိုင်း လွယ်တဲ့စာကတည်းက ရအောင်လုပ်ထားမှပေါ့၊ ထိုင်'' ဟုပြောတတ်ကာ တစ်တန်းလုံး မရမချင်း နေ့စဉ်မေးတတ်တာမို့ စာကျက်ပျင်းသူတွေ အီစလံဝေနေပါသည်။



သူကတော့ ဆရာစာမေးတိုင်း သွက်သွက်လက်လက်နဲ့ မှန်အောင် ဖြေနိုင်သူမို့ သင်တန်းရှိလူအားလုံးက သူ့ကို စာရသူအဖြစ် အသိအမှတ်ပြုကာ တစ်ခုခုနားမလည်လျှင် လာမေးကြပါသည်။

ထူးဆန်းတဲ့တိုက်ဆိုင်မှုတစ်ခုကတော့ သင်တန်းဖွင့်ပြီး နှစ်ပတ်အကြာမှာ ''ဆောင်းဝတ်လွှာ''တို့ သူငယ်ချင်းခုနစ်ယောက် သင်တန်းသို့ နောက်ကျရောက်လာခြင်းပင်။

တစ်ပတ်မှာ နှစ်ရက်သင်တာမို့ သူတို့တွေ စာသင်ရက် လေးရက် လွတ်သွားပါသည်။

သူက သူမတို့အုပ်စု ဝင်လာကတည်းက မြင်တာမို့ အံ့ဩပြီး သွားချိန်မှာ စာအုပ်တစ်အုပ်လှန်ကာ စာကျက်နေလိုက်ပါသည်။

နောက်ကျမှ ရောက်လာသူတွေရဲ့ ထုံးစံအတိုင်း ဟိုမေး သည်မေး ဟိုစာအုပ်လှန်၊ သည်စာအုပ်လှန် လုပ်နေပြီးမှ သူ့ကို မြင်တွေ့သွားကြကာ စကားသံပကျိပကျိလေးတွေ ထွက်လာသည့်အထဲ သူ့နာမည်ကို တိုးတိုးကြားလိုက်ရပါသည်။

ဆောင်းဝတ်လွှာဆိုတဲ့ ကောင်မလေးတစ်ယောက် အံ့ဩကာ မျက်လုံးများပြူးနေလေမလားလို့ သူကြည့်ချင်ပေမယ့် မျက်လုံးချင်း

ဆုံမှာရှိတာကြောင့် ဖတ်လက်စစာအုပ်ထဲကိုပဲ အာရုံတွေကို အတင်းတိုးထည့်ထားလိုက်ပါသည်။

❀ ✿ ❀

ကျောင်းပိတ်ရက်မှာ သင်တန်းတစ်ခုခုတက်ဖို့ စတင်ပြောလာသူကတော့ သူတို့အုပ်စုထဲမှာ အသက်ကြီးဆုံးဖြစ်နေတာကြောင့် အုပ်စုခေါင်းဆောင်လို ဖြစ်နေသည့် ရဲဆွေတင့်ပင်။

အားလုံးက ခု ပထမနှစ်မှာမှ စခင်ရသူတွေမို့ ကျောင်းတွေ၊ ကျူရှင်တွေ အတူတက်ရုံ၊ တစ်ယောက်အိမ် တစ်ယောက်လည်ရုံသာ အတူတူသွားလာဖူးကြပြီး သင်တန်းတော့ အတူမတက်ဖူးသဖြင့် စိတ်ဝင်တစားလက်ခံကြပါသည်။

သင်တန်းတက်ဖို့ကိစ္စကို ဆွေမာနှင့် သွက်လက်သော ကျော်ကတော့ သင်တန်းတက်လျှင် အိမ်က ပိုက်ဆံတောင်းလို့လည်းကောင်းသည်။ သင်တန်းအကြောင်းပြပြီး သင်တန်းပြီးရင် ရုပ်ရှင်တို့၊ Shopping တို့လစ်လို့လည်း ရသည်ဆိုပြီး သဘောတူကြသည်။

ရဲဆွေ၊ ဆောင်းဝတ်လွှာနှင့် သစ္စာတို့ကတော့ အားလပ်တဲ့အချိန်မှာ ကိုယ့်အတွက်အကျိုးရှိမည့် ပညာတစ်ခုခုသင်ချင်သော



ကြောင့်၊ အေးဆေးသော ငွေယွန်းကလည်း အားလုံးသဘောကသူ့သဘောဆိုပြီး ကန့်ကွက်စရာမရှိသောကြောင့်၊ အလှအပကြိုက်သော အလွန်အလှပြင်သော လှိုင်းဖြူကလည်း ရှိုးပြချင်သောကြောင့် အားလုံးက သူ့အကြောင်းပြချက်နှင့်သူ သဘောတူကြလေသည်။

ဒါပေမဲ့ ဘယ်သင်တန်းမျိုးတက်မလဲ စဉ်းစားကြတော့ အားလုံးရဲ့ဆန္ဒက တစ်ထပ်တည်း မကျတော့ပေ။ ကွန်ပျူတာ အင်တာနက် အီးမေးလ် သင်တန်းတက်ချင်သူ၊ စာရင်းကိုင်သင်တန်းတက်ချင်သူ၊ Speaking တက်ချင်သူနှင့် Management တက်ချင်သူ စသဖြင့် တစ်ယောက်တစ်ပေါက် ကွဲပြားကြကုန်တော့သည်။

"တော်ပြီဟာ၊ လူလည်း မညီဘူး။ ခုနပြောတဲ့ သင်တန်းတွေ မတက်ကြတော့ဘဲ ရေကူးသင်တန်းတို့၊ Body Beauty တို့ သွားတက်ကြရင် မကောင်းဘူးလား" လို့အကြံပေးလာတဲ့ လှိုင်းဖြူကို အားလုံးက "အရူးမ"ဟု ဝိုင်းထောပနာ ပြုကြပါသည်။

နောက်ဆုံးတော့ ငွေယွန်းအကြံပေးမှုက အားလုံးအတွက် အဆင်ပြေသွားပါသည်။

"သည်လိုလုပ်ဟာ၊ ငါ မမရွှေယွန်းကို မေးပေးမယ်၊ ကွန်ပျူတာရော၊ Speaking ရော၊ စီမံခန့်ခွဲမှုတို့ စာရင်းကိုင်တို့ အားလုံးကို သင်တန်းတစ်ခုတည်းက သင်ပေးတာမျိုး ရှိမလားလို့၊ မမရွှေယွန်း တစ်ခါတုန်းက ပြောတာတော့ အဲသည့်လိုသင်တန်းမျိုး ရှိပုံပဲဟ"

"ဟေ ဟုတ်လား။ ဒါဆို OK ပေါ့ဟ"

ငွေယွန်းရဲ့ မမရွှေယွန်းက သူမတို့ထက် ငါးနှစ်လောက်ကြီးကာ ကျောင်းပြီးတာနဲ့ သင်တန်းပေါင်းစုံကို နှစ်နှစ်လောက်တက်ပြီး အခု ကုမ္ပဏီကြီးတစ်ခုမှာ စာရင်းကိုင်ချုပ်လုပ်နေပါသည်။ အရင်ကလည်း Secretary လုပ်ဖူးသည်။ လုပ်ငန်းအတွေ့အကြုံရော၊ ပင်ကိုထက်မြက်ချက်ချာတာရော၊ သင်တန်းမှ သင်ကြားခဲ့ရသည့် ကျွမ်းကျင်မှုများကြောင့်ရော မမရွှေယွန်းသည် အလွန်လူကြီးဆန်ကာ အရာရာတိုင်း၌ ကျွမ်းကျင်ထက်မြက်လှပါသည်။

ခုလည်း မမရွှေယွန်း၏ လမ်းညွှန်ပို့ဆောင်မှုကြောင့် သူမတို့သည်သင်တန်းသို့ ရောက်ခဲ့ခြင်းဖြစ်ပါသည်။

သင်တန်းချိန်တွေ ဘာတွေ စုံစမ်းတုန်းက ဖွင့်တာ တစ်ပတ်ကျော်ကြာပြီဖြစ်သဖြင့် စာသင်ချိန်သုံးလေးချိန်လောက် လွတ်သွားပြီဖြစ်သောကြောင့် နောက်လစမည့် တန်းခွဲသစ်ကျမှ အပ်လျှင်ပိုအဆင်ပြေမည်ဟု မမရွှေယွန်းအကြံပေးတာကိုတောင် ရဲခွေက ကျောင်းပြန်မဖွင့်ခင် မြန်မြန်တက်ချင်လို့ပါဟု အကြောင်းပြကာ ယခုသင်တန်းကို ဖွတ်တက်ခဲ့တာ ဖြစ်သည်။

ဒါဟာ သူနဲ့တွေ့ဆုံကြုံရဖို့ ကံကြမ္မာက ဖန်လာတယ်ဆိုတာ သူမ အံ့သြစွာ သိလိုက်ရပါသည်။

သင်တန်းက ပေးတဲ့စာအုပ်တွေနှင့် စာရွက်စာတမ်းတွေကို



သူမက သဘောကျစွာ လှန်လှောကြည့်ရှုနေတုန်းမှာပဲ ခွေမာရဲ့ အလန့်တကြားအသံကို ကြားလိုက်ရတာဖြစ်သည်။

"ဟယ် ဟယ် ဟိုမှာ နင်တို့အိမ်က လူတော့"

ခွေမာညွှန်ပြနေတဲ့ ရှေ့ဆုံးတန်းကို ကြည့်လိုက်တော့ တကယ်ပဲ စာအုပ်တင်အုပ်ထဲ အာရုံစိုက်နေတဲ့ ထက်သန်ကို တွေ့လိုက်ရပါသည်။

သူမတို့အုပ်စု အတန်းထဲကို ဝင်လာတုန်းက သူ တွေ့ပြီးဖြစ်မှာပါ။ ဒါတောင် စာဖတ်နေကာ သူမကို လာနှုတ်ဆက်ဖို့၊ သူမတို့အုပ်စုနှင့် လာရောဖို့ဝေးလို့ လှည့်တောင်မကြည့်သည့်သူဟာ သူမထင်ထားသလို သူမကို တိတ်တဆိတ် စိတ်ဝင်စားသည့်သူ ဖြစ်နိုင်ပါ့မလား။ သူမ အခက်အခဲကြုံတိုင်း၊ ဒုက္ခရာအနာတရဖြစ်တိုင်း သူ ရောက်လာခဲ့တာဟာ တိုက်ဆိုင်မှုရော မဖြစ်နိုင်ဘူးလား။

ကြည့်စမ်း အရင်တုန်းက သူ့ကို မနှစ်မြို့က်ခဲ့တဲ့ သူမက သည်လိုတွေးမိတော့ ဘာ့ကြောင့် ရင်ထဲ ဟာဆင်းသွားပါလိမ့်။

သူမ ငိုင်တွေနေတုန်းမှာပဲ ဆရာဝင်လာကာ စာမေးပါသည်။

ဆရာက တစ်ယောက်ချင်းစီကို စာမေးတာ နားထောင်ရင်း သူမတို့အလှည့်မေးလာရင် ဘယ်လိုလုပ်ရပါမလဲ တွေးကာ အကြံအိုက်နေတုန်းမှာပဲ ဆရာ့စကားသံကြောင့် အသက်ရှူချောင်သွားပါသည်။

"သည်အုပ်စုက အသစ်ထင်တယ်၊ ဟိုနေ့တွေက မတွေ့မိပါ

ဘူး။ အသစ်ဆိုတော့ ဆရာ စာမမေးသေးဘူး။ ဒါပေမဲ့ သင်ပြီးသမျှကို အရှင်းချင်း မေးထား။ ဆရာ့ကိုလည်း လာမေး။ ဆရာ နောက်တစ်ချိန် ဝင်ရင်တော့ စာမေးပြီနော်၊ ဟုတ်လား''

တစ်တန်းလုံးကို စာမေးပြီးတော့မှ စာသင်ပါသည်။ စာသင်ချိန်က တစ်ရက်မှာ နှစ်ချိန်ရှိတာမို့ ပထမအချိန်ပြီးတော့ နောက်တစ်ချိန် မဝင်ခင် ဆယ့်ငါးမိနစ်နားပါသည်။ နားချိန်မှာ အပြင်ထွက်တဲ့လူက ထွက်၊ မုန့်စားတဲ့လူက စားကာ တချို့ကလည်း အတန်းထဲမှာပဲ ထိုင်နေပါသည်။

သူမတို့သင်ရတာ ခြောက်ဘာသာလောက်ရှိတာမို့ ကွန်ပျူတာဖယ်လိုက်လျှင် ငါးဘာသာ။ လေးရက်စာကြီးလွတ်ထားတာ ဘယ်သူ့ကိုများ မေးရပါ့မလဲနော်။

သူမရှေ့မှာ ထိုင်နေသည့် မျက်မှန်လေးနဲ့ကောင်မလေးကို ဝိတ်ဖွဲ့ကာ စာမေးတော့ ကောင်မလေးက ပြုံးဖြဲဖြဲနှင့် ပြန်ဖြေပါသည်။

''တို့က လေးရက်မှာ နှစ်ရက်ပဲ တက်ရသေးတယ်၊ နှစ်ရက်က အိမ်ရာထနောက်ကျလို့လွတ်သွားတယ်၊ ဟီး ဟီး။ ဟိုးရှေ့က တီရှပ်အဖြူရောင်နဲ့အစ်ကိုကို တွေ့တယ်မဟုတ်လား။ အလယ်ကလေ၊ သူ့ သွားမေး။ သူက စာအရမ်းရတာ၊ တို့တောင် လွတ်သွားတဲ့စာတွေ သူ့ပဲ သွားသွားမေးရတာ၊ သဘောကောင်းတယ် သိလား''

''ဩော် ဟုတ်၊ ကျေးဇူးပဲနော်''



လို့ ပြောလိုက်ရပေမယ့် သူမလေးညွှန်ပြတဲ့လူက ထက်သန့် ဖြစ်နေတာမို့ သူမ စိတ်ညစ်သွားပါသည်။ ဆွေမာက နောက်တန်းက ဆံပင်အရှည်ကြီးနှင့်အစ်မကို မေးတော့လည်း

''ဟယ် တို့က စာညံ့တယ်၊ စာတွေလည်း အစုံမမှတ်ထားမိဘူး။ ဟိုးရှေ့ဆုံးတန်းက ကောင်လေးကို မေးပါလား။ သူက ဘယ် ဆရာ စာမေးမေး မရဘူးဆိုတာ မရှိဘူး''

သူမတို့ စိတ်ပျက်ကာ ကျော်နဲ့ ရဲဆွေတင့်ကို ဘယ်လိုလုပ် မလဲဆိုတဲ့ပုံစံနဲ့ မေးဆတ်ပြတော့ သူတို့နှစ်ယောက်လည်း အဆင်မပြေ ဘူးဆိုတဲ့ပုံမျိုး လက်ခါပြကြပါသည်။

ဆွေမာကရဲဆွေတင့်ကို အကျိုးအကြောင်းပြောပြနေတုန်း နောက်တစ်ချိန်သင်မယ့် Book-keeping ဆရာမ ဝင်လာသဖြင့် အသံတိတ်သွားပါသည်။

''ကဲ မနေ့က အိမ်စာပေးလိုက်တဲ့ နံပါတ်နှစ်ပုစ္ဆာ အစပ်းရှင်းတမ်း ဘယ်လောက်နဲ့ အဖြေကိုက်သွားသလဲ''

''ယူအက်စ်ဒေါ်လာ နိုင်းစစ်စစ် (US$ 966) နဲ့ ကိုက်ပါတယ် တီချယ်''

အသံဝေဝေဝါးဝါးတွေထဲမှာ ထက်သန့်ရဲ့အသံက ပီပီသသ ပြတ်ပြတ်သားသား ပေါ်လာပါသည်။

''နိုင်းစစ်စစ် (966)ဆို မှန်တယ်၊ သည်နေ့ Cash Book

သင်မယ်၊ Page - 9 ကိုလှန်ပါ''

ဆရာမ သင်သမျှ မေးသမျှကိုလည်း ထက်သန်က ဖြေနိုင်ပြောနိုင်သဖြင့် တခြားသူတွေ သူ့ကိုစာရတယ်ပြောတာ အမှန်ပါပဲလားဟုတွေးကာ ဆရာမ,သင်တာကို အာရုံစူးစိုက်နေတဲ့သူ့ကို သူမ မကြာခဏ လှမ်းကြည့်မိပါသည်။

သင်တန်းလည်းပြီးရော သူက တခြားယောကျ်ားလေးတွေလို လက်ဖက်ရည်ဆိုင်ထိုင်တာတွေ ဘာတွေလုပ်မနေဘဲ တန်းဆင်းသွားပါသည်။

သူမတို့အုပ်စုကတော့ ကော်ဖီဆိုင်ထိုင်ကာ သင်တန်းကပေးထားတဲ့ စာရွက်တွေထုတ်ကြည့်ပြီး တိုင်ပင်ကြပါသည်။

''ဘယ်လိုလုပ်မလဲ၊ တို့ လွတ်သွားတဲ့စာက မနည်းတော့ ရှင်းပြဖို့ ဘယ်သူမှ အဆင်မပြေဘူး''

''ဆရာတွေကို မေးရင်ရော''

''ဆရာတွေက တစ်ချိန်ပြီးတစ်ချိန် ဆက်တိုက်သင်ကြတာဟ၊ နည်းနည်းလေးနားတဲ့အချိန်မှာ တို့သွားမေးတော့ အားနာစရာ၊ ပြီးတော့ တို့တွေမေးမှာ နည်းနည်းနောနောလည်း မဟုတ်ဘူး''

''ရဲဆွေ အဲဒါ နင့်ကြောင့်၊ နောက်လမှဖွင့်မယ့်သင်တန်းကို တက်ရင် ပြီးရော၊ ခုတော့ အစပိုင်း မမီတာနဲ့ တို့တော့ ဒုက္ခရောက်ပြီ၊ ပြီးတော့ စာမေးတာမဖြေနိုင်ရင် ရှက်စရာကြီး''



''နင်တို့ကလည်းဟာ နောက်လမှဖွင့်မယ် သင်တန်းတက်ရင် ငါတို့ Second Year ကျောင်းဖွင့်ချိန်နဲ့ တိုက်နေမှာပေါ့ဟ။ ကဲ သည်လိုလုပ်၊ ဝတ်လွှာတို့အိမ်က ဖုဏ္ဏလိက စာရတယ်လို့ ပြောကြတယ်ဆို၊ ဝတ်လွှာ သူ့ဆီမှာ မေးခဲ့၊ ပြီးရင် တို့ကို ပြန်ရှင်းပြပေါ့''

''ဟင့်အင်း မဖြစ်ဘူး ငါ သူနဲ့ တစ်ခါမှ စကားမပြောဖူးဘူး ပြီးတော့ ငါလည်း သူ့ဆီ စာမမေးချင်ပါဘူးဟာ၊ မာမီတို့ ဒယ်ဒီတို့ မကြိုက်ရင် ဘယ့်နှယ်လုပ်မလဲ၊ သူနဲ့ငါက ရွယ်တူလိုဆိုတော့ မရင်းနှီးချင်ဘူး''

''ကဲ ဒေါမာမပါရင် ဘယ်နေရာမှ မပြီးဘူး၊ လွယ်လွယ်လေးကို ခက်နေတယ်၊ ကျော်နဲ့ ရဲဆွေ နောက်နေ့ ထက်သန်ဘေးသွားထိုင်ပြီး ဘော်ဒါဖြစ်အောင်လုပ်ပေါ့၊ နင်တို့ယောကျ်ားလေးတွေအတွက် ဒါ မခက်ပါဘူး၊ ပြီးတော့ သူအားတာနဲ့ နင်တို့ စာတွေမေး တစ်တာ သာပြီး တစ်ဘာသာ ရှင်းပြခိုင်း၊ ပြီးရင် နင်တို့နှစ်ယောက်က ငါတို့ မိန်းကလေးငါးယောက်ကို ပြန်ရှင်းပြ ပြီးပြီပေါ့ဟ''

''ဩော် ပြောတော့လွယ်တယ်၊ တစ်ချိန်နဲ့တစ်ချိန်ကြား ဆယ့်ငါးမိနစ်လေး နားတာ၊ သည်စာတွေနဲ့ဆို ဆယ်ရက်လောက် ရှင်းပြနေရမှာပေါ့''

''တုံးပြန်ပြီ၊ သင်တန်းဆင်းရင် အောက်ထပ်က ကော်ဖီဆိုင်မှာ တစ်နာရီလောက်ထိုင်ပြီး ရှင်းပြပေးပါ ပြောပေါ့ဟ၊ ဒါဆို နှစ်ရက်

လောက်နဲ့ ပြတ်တယ်"

"ဒေးဗာ ဆွေမှာ့အကြံ ကောင်းသားပဲ၊ ဒါဆို တို့ စာမီသွားပြီပေါ့၊ သူရှင်းပြပေးဖို့ပဲ လိုတာ"

"သဘောကောင်းတယ် ပြောတာပဲ၊ ရှင်းပြပေးမှာပါ၊ ငွေယွန်းတို့လည်း လိုအပ်ရင် ဝိုင်းပြောပေးမယ်လေ၊ ပြီးတော့ အတန်းထဲမှာ ခုနစ်ယောက်ကြီး သူ့နားဝိုင်းထိုင်လို့ မကောင်းပေမယ့် ကော်ဖီဆိုင်မှာ ရှင်းပြဖြစ်တယ်ဆို တို့မိန်းကလေးတွေလည်း ဝင်နားထောင်မယ်လေ၊ နင်တို့နှစ်ယောက်လည်း တို့ကို ပြန်ရှင်းပြရ သက်သာတာပေါ့"

"ဆွေမာတို့ ငွေယွန်းတို့ပြောတာတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ဝတ်လွှာကရော အဲသည့်အစီအစဉ်အတိုင်းဆို အဆင်ပြေလား"

"နင်တို့အားလုံးအဆင်ပြေရင် ငါလည်းပြေပါတယ်"

"ကဲ ဒါဆို မနက်ဖြန်က စပြီးလှုပ်ရှားမယ်၊ OK"

❀ ❀ ✺ ❀ ❀

## အခန်း (၈)

သင်တန်းတက်ပြီး သုံးပတ်လောက်အကြာမှာတော့ သဘောကောင်း၊ စာရှင်းကောင်းသလောက် သူတို့အုပ်စုအပေါ် စေတနာထားလှတဲ့ ထက်သန်နှင့် ကျန်ခြောက်ယောက်က ယယ်ပေါင်းကြီး ဖော်တွေလိုကို ရင်းနှီးခင်မင်သွားကြပါသည်။

ဆောင်းဝတ်လွှာနှင့်ကျတော့ ထက်သန်က သတိထားဆင်ခြင်သလို ဆောင်းဝတ်လွှာကလည်း အေးဆေးငြိမ်သက်လွန်းသဖြင့် အခြားသူများလောက် အခေါ်အပြောအခင်အမင်မရှိသလို ဖြစ်နေပါသည်။

သင်တန်းရှိ တခြားလူများက သူတို့ရှစ်ယောက်အုပ်စုကို အားကျရသည်အထိပင် သင်တန်းမှာ အတွဲများကြသော်လည်း အမြင်တစ်နေရာကိုသွားဖို့ အဖော်ညှိလျှင်တော့ ထက်သန် ဘယ်တော့မှမပါ။

"ကျွန်တော် လုပ်စရာလေးတွေရှိလို့ မလိုက်တော့ဘူး"

လို့ ပြောလိုက်ရင်ပဲ ကျန်တဲ့လူများကလည်း သူ့အလုပ်၊ သူ့အခြေအနေကို သိနေတာမို့ ဆက်မခေါ်သာတော့ပါ။

ထမင်းလွဲလောက်ကြာတော့မှ သည်အကြောင်း မာမီ့ကို ပြောဖြစ်ပါ သည်။

"မာမီ မီးငယ် အခုတက်နေတဲ့သင်တန်းမှာ ဟို ထက်သန့်ဆိုတဲ့လူလည်း တက်နေတယ် သိလား"

"ဟုတ်လား"

"ပြီးတော့ မီးငယ်တို့က နောက်ကျမှ သင်တန်းကိုရောက်သွားတော့ အစောပိုင်းနှစ်ပတ်က စာတွေ လွတ်သွားတယ်လေ၊ အဲဒါ သင်တန်းမှာက သူ စာအတော်ဆုံးဆိုတော့ မီးငယ်တို့အုပ်စုက သူ့ကိုပဲ စာရှင်းပြခိုင်းရတာပေါ့၊ သူက သဘောကောင်းပါတယ်၊ စာတွေ အကုန်ရှင်းပြပေးတယ်၊ ခုဆို တိုးခြောက်ယောက်က သူ့ကို အရမ်းခင်ပဲ၊ မီးငယ်ကျတော့ သူတို့လို စိတ်လွတ်ကိုယ်လွတ် ခင်လို့မရဘူးဖြစ်နေတယ်၊ သူနဲ့မီးငယ် အစိမ်းဆုံးပဲ မာမီ"

"မီးငယ်က သည်လို လိမ္မာလို့ ဆင်ခြင်ဉာဏ်ရှိလို့လည်း မာမီတို့က လွတ်လပ်ခွင့် အပြည့်ပေးထားတာပေါ့၊ ဟိုနေ့က သမီးချော် လဲတာ မာမီ အပေါ်ထပ်က လှမ်းမြင်တယ်၊ ကောင်လေးက ဆိုးခနဲ ဆတ်ခနဲ ခွဲမထွက်ဘဲ ညီမိတို့ မြို့တိုက်ကို ပြေးခေါ်တာ မာမီတွေ့တယ်၊



အဲသည်လို စောင့်စည်းတတ်တာ မာမီတော့ သဘောကျတယ်၊ မာမီတို့ စိတ်မပူရဘူးပေါ့ သမီးရယ် ဟုတ်လား။ သင်တန်း အသွားအပြန်ကျ တော့ရော"

"သူက အရင်သွားတယ်မာမီ၊ မီးငယ်ကား လမ်းထိပ်ရောက်ရင် သူ့ကို ကားမှတ်တိုင်မှာ အမြဲတွေ့ရတယ်၊ အပြန်ကျရင်လည်း သူကအရင်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မီးငယ်တို့အုပ်စုက အမြဲ ကော်ဖီဆိုင်ထိုင်တာကိုး၊ သူက ရုပ်ရှင်တို့, Shopping တို့ တင်မလိုက်တာ မဟုတ်ဘူး။ ကော်ဖီဆိုင်တောင် မီးငယ်တို့အုပ်စုနဲ့ အတူထိုင်တာ နည်းတယ်"

"အနေအထိုင် ကျစ်လျစ်သားပဲ၊ မာမီ သူ့ အသွားအပြန် အဆင်ပြေအောင် စီစဉ်ပေးလိုက်ဦးမယ်၊ မီးငယ်လေးကို ဒယ်ဒီနဲ့မာမီ ကလေးလိုလည်း အလိုလိုက်တယ်၊ လူကြီးလိုလည်း အခွင့်အရေးပေး တယ်၊ မီးငယ်လိုအပ်တာကိုလည်း အကုန်ပြည့်စုံစေရမယ်၊ မာမီတို့ ရှာဖွေနေတာ, မာမီတို့ စည်းစိမ်ချမ်းသာတွေအားလုံး မီးငယ်အတွက်ပဲ၊ မီးငယ် အခုလိုပဲ အမြဲလိမ္မာသွားမယ်လို့ပဲ မာမီမျှော်လင့်တယ်နော်"

"ဒါပေါ့ မာမီရဲ့၊ မီးငယ် ဘယ်တုန်းက မိုက်ဖူးလို့လဲ"

"အေးပါကွယ် အေးပါ၊ ကဲ ဒီတစ်ပတ်သင်တန်းရက်ကျရင် သူငယ်ချင်းတွေနဲ့မုန့်စားဖို့ Shopping ထွက်ဖို့ မာမီ မုန့်ဖိုးသတ်သတ် ထပ်ပေးမယ်၊ ရော့"

"ဟေး ပျော်စရာကြီး။ မီးငယ် Junction 8 မှာကြိုက်တဲ့ ဖိနပ်လေးတစ်ရန် တွေ့ထားတာနဲ့ အတော်ပဲ"

သူမ,ပေးတဲ့ ငါးရာတန်အုပ်ကို ယူကာ ခုန်ပေါက်ပျော်ရွှင်သွားတဲ့ သမီးလေးကိုကြည့်ရင်း ဒေါ်မိမိကို ကြည်နူးစွာ ပြုံးမိပါသည်။

❀ ❁ ❀

"အန်တီ ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

"ထိုင်ပါ မောင်ထက်သန့်"

အလုပ်ခန့်တုန်းက တစ်ခါပဲ စကားပြောဖူးတဲ့ ဒေါ်မိမိကိုရဲ့ ရှေ့မှာ သူဝင်ထိုင်လိုက်ပါသည်။

"အန်တီက မင်းသင်တန်းသွားရင် Dutsun အဖြူနဲ့ အသွားအပြန်လုပ်ဖို့ ပြောတာကို မောင်ထက်သန့်က ငြင်းတယ်ဆို၊ အန်တီတို့ခြံနဲ့ ကားမှတ်တိုင်က မိနစ်နှစ်ဆယ်လောက် လမ်းလျှောက်ရတယ်၊ ပြီးတော့ သိမ်ကြီးဈေးနဲ့ သည်က မဝေးပေမယ့် မနီးဘူး။ လိုင်းကားနဲ့သွားရင် မလိုအပ်တဲ့ အချိန်တွေပိုကုန်တာပေါ့၊ ဒါတွေကို တွက်ပြီး အချိန်ရော, လူရောသက်သာအောင် အန်တီက စီစဉ်ပေးတာ။ မောင်ထက်သန့် ငြင်းရတဲ့အကြောင်းကို အန်တီသိချင်တယ်"



"ဟုတ်ကဲ့၊ အဓိကအကြောင်းကတော့ သင်တန်းအသွားအပြန်ကို ကျွန်တော် လိုင်းကားနဲ့သွားပေမယ့် သင်တန်းချိန်, အလုပ်ချိန် မီပြီး အဆင်ပြေပါတယ်၊ ကိုယ့်အတွက် သိပ်အလိုအပ်ကြီး မဟုတ်ပါဘဲ သူများရဲ့အထောက်အပံ့, အကူအညီကို မလိုချင်လို့ပါ"

"ဘာဖြစ်လို့ မလိုချင်တာလဲ၊ မင်း သက်သာမယ့်လမ်းကို တောင် မရွေးဘဲ သည်လမ်းကိုရွေးတယ်ဆိုတော့ မလိုချင်ရတဲ့ အကြောင်းကို ပြည့်ပြည့်စုံစုံ ပြောပြမှပေါ့"

"ကျွန်တော့်မှာ တကယ်လိုအပ်တဲ့ အကူအညီမျိုးရှိရင် တောင်းရခက်မှာစိုးလို့ပါ၊ ဥပမာ – သင်တန်းက အချိန်ထပ်တိုးသင်မှာမို့ နေ့ဝက်နဲ့ မလောက်ဘူးဆိုရင် ကျွန်တော် အန်တီ့ဆီက အကူအညီတောင်းမှ ဖြစ်မယ့်ကိစ္စ ဖြစ်သွားပြီလေ၊ ပြီးတော့ ကျွန်တော့် အခြေအနေနဲ့ မတတ်နိုင်သေးတဲ့ ပစ္စည်းတစ်ခုကို ကျွန်တော် လုံးဝ မသုံးချင်ပါဘူး။ ကျွန်တော်က သည်ခြံက အလုပ်သမားဖြစ်တဲ့အတွက် ကျွန်တော့်အခြေအနေနဲ့ ကိုက်ညီတဲ့နေရာ, ပစ္စည်း စသဖြင့်ပေါ့ အဲဒါမျိုးကိုပဲ ရွေးချယ်ပါတယ်၊ သူများအထောက်အပံ့နဲ့ အမြင့်မရောက်ချင်ပါဘူး။ ကိုယ့်အရည်အချင်းနဲ့ပဲ မြင့်ချင်တာပါ"

"ဟုတ်ပြီလေ၊ မင်း အကြောင်းပြချက် ခိုင်လုံလို့ မင်းငြင်းတာကို အန်တီလက်ခံပါပြီ မင်းက ကိုယ့်အခြေအနေကို ကိုယ်သိတဲ့လူဆိုတော့ အန်တီ အစစအရာရာ စိတ်ချရမယ်လို့ ယုံကြည်ပါတယ်၊

ဒါ့ကြောင့် မင်းဘက်က လိုချင်တာ, တောင်းဆိုချင်တာ ရှိခဲ့ရင်လည်း အန်တီ့ကို ပြောနိုင်ပါတယ်၊ ကဲ မင်းသွားနိုင်ပါပြီ"

သူ ဒေါ်မိမိကိုရှေ့က အသာအယာပဲ ထွက်ခွာခဲ့ပါသည်။

"မင်းက ကိုယ့်အခြေအနေကို ကိုယ်သိတဲ့လူဆိုတော့ အန်တီ အစစအရာရာ စိတ်ချရမယ်လို့ ယုံကြည်ပါတယ်" တဲ့လား။

သည်စကားက ဘယ်အဓိပ္ပာယ်ကို ရည်ညွှန်းသလဲဆိုတာ သူ ကောင်းကောင်း သဘောပေါက် နားလည်ပါသည်။

"စိတ်ချစမ်းပါ၊ ကျွန်တော်ကလည်း သူများအပြောအဆို ခံရမှာ သေရမှာထက် ကြောက်တဲ့ကောင်ပါ"

ဆိုတဲ့စကားကိုတော့ သူ့ရင်ထဲကပဲ ပြောခဲ့သည့်အတွက် ဒေါ်မိမိကို ကြားမည်မထင်ပါ။

❀ ❀ ✿ ❀ ❀

## အခန်း (၉)

သူမတို့အုပ်စုက သင်တန်းဆင်းပြီးဆိုတာနှင့် လေကားတစ်လျှောက် စကားမရပ်မနားပြောကာ ဆင်းကြသူများဖြစ်သည်။

သူမ ငွေယွန်းနှင့် သီချင်းခွေတစ်ခွေအကြောင်းပြောရင်းမှ ထက်သန်နှင့် လှိုင်းဖြူ ပြောတာတွေကိုကြားကာ ဘာရယ်မဟုတ်တဲ နားစိုက်ထောင်မိပါသည်။

"လှိုင်းဖြူ ညက ဆရာမ အိမ်စာပေးလိုက်တဲ့ book-keeping ပုစ္ဆာတွက်တာ တစ်ပုဒ်တည်းကို သုံးနာရီတောင်ကြာတယ် သိလား။ ပြီးတော့ မှန်လည်းမမှန်ဘူး။ ဟီဟိ၊ ကိုထက်သန်က သိပ်တော်တာ ပဲနော်၊ တွက်တိုင်း မှားတယ်ဆိုတာ မရှိဘူး။ တခြားစာတွေလည်း ရတယ်၊ ဘယ်အချိန်ထိ စာကျက်လဲဟင်"

"ညဘက် ကြုံသလိုပါပဲဗျာ၊ ပုစ္ဆာက သူ့အဆင့်နဲ့သူတွက်ရင်

မြန်ပါတယ်၊ ကျွန်တော် မနက်ဖြန် အဆင့်လေးတွေ ရေးလာခဲ့ပေးမယ်၊ တခြားစာတွေကတော့ ဆရာသင်ရင် သေချာနားထောင်တာနဲ့ တစ်ဝက်ရသွားသလိုပါပဲ၊ ညကျတော့ အချောသတ်ကျက်ပြီး ချရေးကြည့်တာပေါ့"

"ဟယ် ရေးပြီးကျက်တာ၊ ဒါဆို စာမေးပွဲဖြေရင် အမှတ်ပြည့်ယူမယ်ပေါ့"

"ကြိုးစားရတာပေါ့ဗျာ၊ ကျွန်တော်တို့က မလှိုင်းဖြူတို့လို ဥစ္စာဓနတို့, ဆွေမျိုးအသိုင်းအဝိုင်းတို့ မပြည့်စုံဘူးဆိုတော့ ပန်းတိုင်တစ်ခုကို အတူရောက်ဖို့ဆိုရင် ကျွန်တော်က သူများထက် သုံးဆလောက် ပိုအားစိုက်ရမှာပေါ့။ မလှိုင်းဖြူတို့တက်ရတဲ့ ဘဝလှေကားက လက်ရန်းတွေ, အမိုးတွေ ပါပြီးသားဆိုတော့ မျက်စိမှိတ်ပြီး လေချွန်တက်ရင်တောင် ရတယ်၊ ကျွန်တော့်လှေကားက လက်ရန်းလည်းမပါ, အမိုးလည်းမပါဆိုတော့ အပင်ပန်းခံပြီး သတိကြီးကြီးနဲ့တက်ရတာပေါ့"

"အလို့ တယ်ဆိုတဲ့ စာပါလား။ ကိုထက်သန့်ကြီးသာ စာရေးမယ်ဆို နိုင်ငံကျော်မှာပဲ၊ စာရေးတာ ဝါသနာမပါရင်တောင် အနည်းဆုံး ကောင်မလေးတွေကြွေအောင်တော့ ရည်းစားစာ ရေးတတ်မယ်ထင်တယ်"

"ဟေး ဒါဆို ကျွန်တော်နဲ့ ရဲဆွေကို မေ့မထားနဲ့၊ အကူအညီလေး ဘာလေးပေးပါ ကိုထက်ရာ"



"အလကားပါ ကျော်ရေ၊ လှိုင်းဖြူ ကျွန်တော့်ကို စွတ်ထင်နေတာ၊ ကျွန်တော် အဲသည့်ဘက်မှာ ညံ့တယ်ဗျ"

ဆူညံရှုပ်ထွေးတဲ့ မြို့ထဲလမ်းမပေါ် ခြေချမိတာနဲ့ တစ်ပြိုင်နက် ထက်သန့်ရဲ့ခြေလှမ်းတွေက ကားမှတ်တိုင်ဆီ ဦးတည်နေတာမို့ ထုံးစံအတိုင်း ဆောင်းဝတ်လွှာမှအပ ကျန်ခြောက်ယောက်က ဝိုင်းထားကြပါသည်။

"သည်နေ့တော့ လစ်လို့ မရဘူးကိုယ့်လူ၊ သည်နေ့ သစ္စာမွေးနေ့၊ Oriental House ကို လစ်ကြမယ်လာ"

"ဟာ ဟုတ်လား။ စိတ်မရှိပါနဲ့ဗျာ၊ သည်နေ့ ဒေါ်ကြီးပြုံးကို ဈေးလိုက်ပို့ရမှာမို့ပါ"

"မရဘူးနော် ကိုထက်သန့်၊ သည်တစ်ခါ မလိုက်ရင်တော့ သစ္စာတို့တစ်ဖွဲ့လုံး စိတ်ဆိုးမှာ"

"ပြောမနေနဲ့၊ ရော့ ဒေါ်ကြီးပြုံးဆီဆက်လိုက် သစ္စာ"

ဆွေမာက သူ့ဟန်းဖုန်းထိုးပေးသဖြင့် သစ္စာက ယူကာ ဒေါ်ကြီးပြုံးထံ အကျိုးအကြောင်းပြောပြီး ထက်သန့်ပြန်နေကျအချိန်ထက် တစ်နာရီကျော်လောက် နောက်ကျမည့်အကြောင်း ပြောနေပါသည်။

သည်အချိန်မှာ ဆောင်းဝတ်လွှာနှင့် ထက်သန့်တို့ တစ်ယောက်ကိုတစ်ယောက် ခိုးကြည့်ရင်း အကြည့်ချင်းဆုံသွားသဖြင့်

နှစ်ယောက်စလုံး ရှက်အမ်းသွားတာကိုတော့ ဘယ်သူမှမတွေ့လိုက်ကြပါ။

သစ္စာက ခွေမှာ့ဖုန်းကို ပြန်ပေးကာ ထက်သန်ကို ရန်တွေ့ပါသည်။

"ကိုထက်သန် တို့အုပ်စုနဲ့မလိုက်ချင်တာ ပေါ်ပြီဟေ့၊ ဒေါ်ကြီးပြုံးက ရတယ်တဲ့၊ ဈေးက နေ့လယ်မှ သွားမှာတဲ့"

"ဟာ မဟုတ်ရပါဘူးဗျာ၊ ဈေးမသွားခင် လုပ်ရမှာလေးတွေလည်း ရှိနေသေးလို့ပါ"

"ကဲပါ ကိုယ့်လူရယ် အလုပ်က မသေမချင်းလုပ်ရမှာ၊ လာ ချီတက်ကြမယ်ဟေ့"

ရှစ်ယောက်သား အတူစားခဲ့ရတဲ့ သစ္စာရဲ့ မွေးနေ့စားပွဲဟာ အတော်လေး ပျော်စရာကောင်းလှပါသည်။ စားပြီးတော့ ဗိုလ်ချုပ်ဈေးမှာ သစ္စာအတွက် လက်ဆောင်ဝယ်ကြမယ်တိုင်ပင်တော့ အလွန်ထူးဆန်းစွာ ထက်သန်က မခေါ်ရဘဲ လိုက်ပါလာပါသည်။

"ကိုထက်သန် အလုပ်နောက်ကျနေဦးမယ်၊ သစ္စာအတွက် ဝယ်မပေးပါနဲ့၊ ရတယ်"

"ရပါတယ် သစ္စာရဲ့၊ ဒေါ်ကြီးပြုံးကို ပြောထားတဲ့အချိန်မှ မရောက်သေးတာ"

အားလုံးက သင့်လျော်မည်ထင်သည့် စိတ်ကူးတည့်ရာ လက်



ဆောင်လေးများကို ဝယ်ပေးကြချိန်မှာ ဝတ်လွှာကတော့ စိန်ပွင့်လေးတွေကို ဂစ်တာပုံ သွယ်တန်းထားသည့် ဆံညှပ်ကလစ်လေးကို ခပ်သွက်သွက်ဝယ်၍ သစ္စာကိုပေးကာ ဟိုတစ်ယောက် ဘာဝယ်မလဲလို့ စိတ်စောစွာ အကဲခတ်ကြည့်မိပါသည်။

သူပေးတဲ့ပစ္စည်းလေးက ရိုးစင်းလှပါသည်။ မကြီးမသေး အလတ်စား မွေးပွမျက်နှာသုတ်ပဝါဖြစ်ပြီး အဖြူခွတ်ခွတ်ပေါ်မှာ ခရမ်းရောင်ပန်းပွင့်ခက်ကို လှပစွာရေးခြယ်ပြီး Lavender ဟူသော စာတမ်းကလေးပါရှိပုံက မျက်နှာသုတ်မပစ်ရက်လောက်အောင်ပင် နုရွသန့်ပြန့်နေပါသည်။

. သူ့လက်ဆောင်ကို သစ္စာဆီကမ်းပေးရင်း သူမကို တစ်ချက်ကြည့်လာတော့ သူမ မမြင်ချင်ယောင်ဆောင်ကာ ဟိုသည်ငေးနေလိုက်ပါသည်။

သူဟာ သည်အုပ်စုထဲက ဘယ်သူ့မွေးနေ့မဆို လက်ဆောင်ပေးမှာဖြစ်ပြီး သူမမွေးနေ့ဆိုရင်တော့ မသိမသာ ရှောင်ထွက်သွားမှာကို တွေးမိတော့ သူမရင်ထဲမှာ တဆစ်ဆစ် ကိုက်ခဲလာခဲ့တာ အံ့ဩစရာကောင်းလှပါသည်။

❀ ❀ ✿ ❀ ❀

## အခန်း (၁၀)

♪ xxx အချစ်ဆိုသည်မှာ xxx အံ့သြမှုများနဲ့ ဆန်းကြယ်သောအရာ xxx

အချစ်ဆိုသည်မှာ xxx လူသားတိုင်းရဲ့ နှလုံးသားထဲက အရှင်သခင် xxx

အချစ်ဆိုသည်မှာ xxx ကြေကွဲခြင်းနဲ့ မျက်ရည်တို့ရဲ့ ကမ္ဘာ xxx ♪

"အချစ်ဆိုသည်မှာ" သီချင်းကို Repeat လုပ်ပြီး ဆောင်းဝတ်လွှာတစ်ယောက် အခန်းပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်ကို ငေးမောကာ ကိုယ့်ရင်ထဲက ခံစားချက်တွေကို ကိုယ့်ဘာသာ အံ့သြဆန်းစစ် ကြေကွဲနေမိပါသည်။

သည်သီချင်းကို သူမ အရင်ကတည်းက ကြိုက်ခဲ့ပါသည်။



ဒါပေမဲ့ အခု အချစ်ဆိုတဲ့အရာနဲ့ ထိပ်တိုက်ရင်ဆိုင်တွေ့ရချိန်မှာတော့ သူမရဲ့ခံစားချက်တွေက သည်သီချင်းနဲ့ တစ်ထပ်တည်းကျနေတာမို့ အရင်ကထက် နက်နက်ရှိုင်းရှိုင်းပိုကြိုက်ကာ သည်သီချင်းကြားရရင်ကို ဘယ်သူမှမမြင်အောင် သိုဝှက်ခံစားနေရတဲ့ ရင်ထဲက အစိုင်အခဲတွေက ထကြွလာပါသည်။

သူ့ကို သူမ စမြင်ခဲ့ရတဲ့ တစ်ရက်က ယောပိုမှာမြင်နေရတဲ့ သဖင်တိုင်တွေနားမှာ သူ အလုပ်ရှုပ်နေခဲ့တာပေါ့။ ဂျာစီအကျီ ခပ်ဖွဖွနှင့် ဒူးနားမှာဖြတ်ထားတဲ့ ဂျင်းဘောင်းဘီအပေါင်းကို ဝတ်ထားပေမယ့် သန့်မာကျစ်လျစ်တဲ့ သူ့ကိုယ်နေဟန်က အထင်းသား ပေါ်လွင်နေပါသည်။

သူမရင်ထဲမှာ အဲသည့်တုန်းက သူ့အပေါ် စိတ်ဝင်စားမှု တစိုးတစိမှမရှိခဲ့ဘဲ လူစိမ်းပါလားလို့ တစ်ချက်ကြည့်နေပြီးမှ ဗြော်အလုပ်သမားအသစ် ဖြစ်မယ်ထင်တယ်လို့ တွေးကာ မေ့မေ့ပျောက်ပျောက်ပဲ နေခဲ့ပါသည်။

နောက်တော့ သူမက သူ့ကိုဝင်တိုက်ပြီးတဲ့အချိန်ကစလို့ သူဟာ လူတစ်မျိုးပါလားလို့ သတိပြုမိခဲ့တာဖြစ်သည်။

သူ့ကို သူမမျက်စိရှေ့မှာ ဘယ်တော့မှ မတွေ့ရတာ၊ သို့သော်မယ့် သူမ တစ်ခုခုဖြစ်ရင်တော့ သူ အရင်သိရှိရောက်လာတတ်တာကြောင့် သူဟာ သူမကိုများ တိတ်တဆိတ် ငြိတွယ်နေသလားလို့တွေးပြီး

မဖြစ်နိုင်တာကို မှန်းတဲ့သူလို့လည်း သူ့ကို တိတ်တိတ်လေး အမြင်ကတ် မုန်းတီးခဲ့ဖူးပါသည်။

ဒါပေမဲ့ သူမ ထင်ထားတာတွေ မှားမှန်းသိရတဲ့အချိန်မှာတော့ အမုန်းကနေ အချစ်ကိုပြောင်းသွားရမှာစလို့ သူမရင်ထဲကို ဝေဒနာတွေ စီးဝင်လာခဲ့ပါသည်။

သူဟာ သူမကို ချစ်ဖို့ဝေးလို့ စကားတစ်ခွန်းတောင် မပြောဖူးပါ။ သူ သူမအပေါ် အထူးတလည် စောင့်စည်းကာ ကင်းကင်းနေခဲ့တာဟာ သူ့သိက္ခာ၊ သူ့ရပ်တည်မှုအတွက် သက်သက်ပဲဆိုတာ ခုတော့ သူမ သိခဲ့ရပါပြီ။

အထူးတလည် အရောဝင်ဖို့ဝေးလို့ အခြေအနေတစ်ခုက သူ့ကို သူမအနား တွန်းပို့တာကိုတောင် သူ လိမ်လိမ်မာမာလေး ရှောင်ထွက်သွားခဲ့ပါသည်။

ကိုယ့်ကို စိတ်ဝင်စားနေတယ်ထင်တုန်းက အမြင်ကတ်ခဲ့ပေမယ့် ကိုယ့်ကို စိတ်ဝင်စားမနေတာကို သိလိုက်ရတဲ့အချိန်မှာ သူမ ပျော်ရွှင်ကျေနပ်မှုမျိုး ဖြစ်ထွန်းမလာဘဲ ရင်ထဲမှာ တစ်ခုခုကို ဆုံးရှုံးသွားသလို လစ်ဟာခဲ့ရာမှစလို့ သူမ ကိုယ့်ကိုယ်ကိုယ် ထိတ်လန့်ခဲ့တာပါပဲ။

အဲသည့်နောက်ပိုင်းမှာတော့ အနီးကပ်တွေ့ကြုံရင်းနှီးမှုမှ တစ်ဆင့် သူ့ယုံကြည်မှု၊ ရပ်တည်မှု၊ စိတ်နေစိတ်ထား၊ အရည်အချင်း၊



အနေအထိုင်၊ ကြိုးစားမှုတွေက သူမနှလုံးသားကို ရစ်ပတ်ဆွဲယူသွားခဲ့တာဖြစ်ပါသည်။

သူမဟာ တော်တော်ကံဆိုးတဲ့ မိန်းကလေးပါလား။

ဘာဖြစ်လို့များ သူမ နှစ်သက်တဲ့ အရည်အချင်းတွေရှိနေတဲ့ အားကိုးချင်စရာ၊ ချစ်စရာကောင်းတဲ့ လူရွယ်လေးတစ်ယောက်က သူမတို့မိသားစုရဲ့ အလုပ်သမား ဖြစ်နေပါလိမ့်။

ပြီးတော့ အဲသည့်လူငယ်လေးက သူမနှင့်ခင်မင်ဖို့တောင် အလိုမရှိဘဲ ကင်းအောင်နေတတ်သူလေး ဖြစ်နေပါလိမ့်။

တကယ်လို့ သူက သူမကို စိတ်ဝင်စားခဲ့တယ်ဆိုရင်လည်း သိပ်ဖြောင့်ဖြူးတဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ် ဖြစ်လာခဲ့မှာမဟုတ်ပါ။

သည်လိုခေတ်မှာတော့ သူဌေးသမီးနှင့် အလုပ်သမားဇာတ်လမ်းက သိပ်ကို တုံးလွန်း၊ ရိုးစင်းလွန်းသွားခဲ့ပြီး ဖြစ်ပါသည်။ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာလိုတော့ အစစ ချောမွေ့မနေမှာ သေချာပါသည်။

သတ္တိနည်းတယ် ဆိုချင်ဆို မာမီ့ရဲ့ "မီးငယ်ရယ် သည်လောက်ထိ စဉ်းစားဉာဏ်နည်းပြီး မိုက်ရက်တယ်" ဆိုတဲ့ အပြစ်တင်သံမျိုးကို ကြောက်လန့်သလို၊ ဒယ်ဒီ့ရဲ့ အပြစ်တင်ရှုတ်ချတဲ့ အကြည့်မျိုးနဲ့ အကြည့်ခံရမှာကိုလည်း စိုးထိတ်လှပါသည်။

မာမီနဲ့ ဒယ်ဒီ သူမကို ဘယ်လောက် ဂရုစိုက်ပံ့ပိုးသလဲ၊ ဘယ်လောက်ထိ လွတ်လပ်ခွင့်ပေးပြီး ဘယ်လောက်ထိ မြှင့်မြှင့်မားမား

မျှော်မှန်းထားသလဲဆိုတာကိုလည်း သူမသာ အသိဆုံးဖြစ်ပါသည်။

သူ့အရည်အချင်း၊ သူ့စိတ်ဓာတ်ကို မာမိတို့ သိသည်ပဲ ထားဦး။ ဘယ်လိုနည်းနဲ့မှကို သဘောတူကြည်ဖြူလိမ့်မည် မဟုတ်ပါ။

ကဲ ဒါဖြင့်ရင် သည်လို အဆက်အစပ်နည်းကာ လှုပ်မှုမရှိတဲ့၊ ဘယ်ဘက်ကမှ အဆင်မပြေနိုင်တဲ့ ဇာတ်ကို ဖျက်သိမ်းဖို့ရာ သူမရင်ထဲက အချစ်တွေ၊ တမ်းတမှုတွေကို မေ့ပျောက်လွှင့်ပစ်လိုက်ဖို့ပဲ ရှိတော့တာပေါ့။

သူမအတွက် သည်လမ်းက အကောင်းဆုံး။ အသင့်တော်ဆုံး ဖြစ်လိမ့်မည်ဆိုတာသိလို့ အတတ်နိုင်ဆုံး ကြိုးစားမေ့ပျောက်ကာ ဘယ်သူ့မှ သူမရင်ထဲက အကြောင်းအရာတွေကို မသိအောင် ဖုံးအုပ်ထားနိုင်သော်လည်း ထိန်းချုပ်ရခက်တဲ့ ခံစားမှုက တစ်ခါတစ်ရံ လွတ်ထွက်သွားပါသည်။

ဟိုနေ့ကလို ကိစ္စမျိုးပေါ့။ သူ့ သစ္စာကို မွေးနေ့လက်ဆောင်ပေးတုန်းကဆိုရင် သည်အုပ်စုထဲမှာ သူမကလွဲလို့ ကျန်တဲ့အားလုံးက သူ့ဆီက မေတ္တာ၊ အကြင်နာ၊ ခင်မင်မှု၊ ကူညီမှု၊ လက်ဆောင်စတာတွေကို ရနိုင်ကြတာပဲလို့ တွေးပြီး ဝမ်းနည်းကြေကွဲတာတွေကို ဘယ်သူ့မှမမြင်အောင် တုန်ယင်နေတဲ့ နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပြီး ထိန်းချုပ်ရတာ သူမအတွက် ခက်ခဲပင်ပန်းလွန်းပါသည်။



သူမတို့သင်တန်းရဲ့ စာမေးပွဲရက်တွေ နီးလာတော့ သူမတို့အိမ်မှာ စာစုကျက်ကာ နားမလည်တာ၊ မရှင်းတာရှိလျှင်လည်း ထက်သန့်ကို မေးကြပါသည်။ သူ့ကိုမေးလျှင် သူက လာရှင်းပြ ပြောပြလုပ်ပေးမယ့် သူမတို့နှင့်အတူ စာကြည့်တာ ဘာညာမလုပ်ဘဲ ရှင်းပြပြီးတာနှင့် သူ့အလုပ်သူသွားပြန်လုပ်နေတတ်ပါသည်။

"ကိုထက်သန့်ကြီးကလေ ဖင်ပူအောင်တောင် မထိုင်နိုင်ဘူး။ ဘာတွေ သည်လောက် အလုပ်များနေတာလဲ"

"ခြံစည်းရိုးပန်းချုံတွေ သည်နေ့အပြီး ရှင်းပစ်, ညှိပစ်ဖို့ စဉ်စားထားလို့ပါ"

"ဝတ်လွှာ အဲဒါ နောက်နေ့မှလုပ်လည်း ရတာယ်မဟုတ်လား။ ကိုထက်သန့်ကြီးကို ပြောပါဦးဟယ်၊ တို့နဲ့ စာအတူကျက်တော့ သူရောတို့ရော စာပိုရတာပေါ့"

ဆွေမာက သူမကို လှည့်ပြောလာတော့ သူမ အနေကျပ်သွားပါသည်။ သူ့ကို သည်နားမှာပဲနေ၊ အလုပ်တွေထားခဲ့လို့ အလုပရှင်အာဏာသုံးပြီး အမိန့်မပေးချင်ပါ။

အဲသည့်အချိန်မှာပဲ သူက ဝင်ပြောပါသည်။

"ကျွန်တော်က ညဘက်ပဲ စာကျက်နေကျမို့ သည်အချိန်

မကျက်တတ်လို့ပါ၊ ဆွေမာတို့ မေးချင်တာရှိရင် အိပုနဲ့ ခေါ်ခိုင်းလိုက်လေ၊ ခင်ဗျားတို့အုပ်စုနဲ့ စာမကျက်ချင်တာ မဟုတ်ပါဘူးဗျာ၊ တကယ်ပါ''

ရအောင်ငြင်းပြီး သူထုံးစံအတိုင်း အလုပ်တစ်ခုပြီးတစ်ခု မရပ်မနား လုပ်နေပါသည်။ ဒါပေမဲ့ စာမေးပွဲလည်းဖြေရော သူ့လောက် ဘယ်သူမှ မဖြေနိုင်ကြပါ။ သူမကတော့ အမှန်အတိုင်း ပြောရရင် စာကို ဝတ်ကျေတန်းကျေလောက်သာကျက်ပြီး အောင်ရုံလောက်သာ ဖြေနိုင်ခဲ့တာ ဖြစ်ပါသည်။

သူမ ခုတစ်လော နေလို့မပျော်လှပါ။ အရာရာကို စိတ်မပါလက်မပါ ငေးမှိုင်နေတတ်ကာ ပျော်မည်ထင်တာတွေ ရှာကြံလုပ်ကြည့်တော့လည်း မပျော်ပြန်ပါ။

သင်တန်းမှာ စာမေးပွဲဖြေပြီး Result မထွက်သေးခင်၊ Second Year လည်း မတက်ရသေးခင်မို့ သူမတို့အုပ်စု အားလပ်နေပါသည်။

သူမက ဆွေမာတို့ကိုချိန်းကာ Shopping ထွက်လိုက်၊ သူမတစ်ယောက်တည်း Shopping ထွက်လိုက်၊ တစ်ခါတလေ ရဲဆွေတို့ ကျော်တို့နှင့်ချိန်းကာ ရုပ်ရှင်ကြည့်လိုက်၊ CYBER CAFE မှာ အင်တာနက် သွားကစားလိုက်လုပ်သော်လည်း သူမစိတ်မှာ အရင်လို ပျော်ရွှင်ပေါ့ပါးမှုမျိုးတွေ ရှိမလာပါ။



သူမကို လိုက်သည့်ကောင်လေးတွေ၊ ဖုန်းဆက်ပြီးအီသည့်ကောင်လေးတွေကို အရင်လို လုံးဝဥပေက္ခာပြုလိုက်တာမျိုးမဟုတ်ဘဲ တစ်ယောက်တလေလောက်နှင့် ဖုန်းပြောကြည့်၊ ကော်ဖီဆိုင်ထိုင်ကြည့်တော့လည်း ဘဝရည်မှန်းချက်မရှိဘဲ ပေါ့ပေါ့နေတတ်သည့်သူတွေသာ ဖြစ်နေတာကြောင့် သူမ စိတ်ပြောင်းဖို့၊ စိတ်ဝင်စားဖို့ နေနေသာသာ စိတ်ပျက်ကာသာ ဟိုတစ်ယောက်ကို ပိုသတိရမိပါသည်။

ကြာတော့ သူမရဲ့ပိုင်တွေမှုတွေကို ဒေါ်ကြီးပြုံးပင် သတိထားမိသွားပါသည်။

ဒေါ်ကြီးပြုံးက ''မီးငယ်လေး နေမကောင်းဘူးလား။ ဒေါ်ကြီးပြုံး ဘာလုပ်ပေးရမလဲ'' ''မီးငယ်လေး ဘာဖြစ်နေတာလဲ'' စသဖြင့်သာ မေးတတ်ကာ သူမက ခေါင်းခါပြတော့ ဘာမှ ထပ်မမေးတတ်၊ မလုပ်တတ်တော့ပါ။

ဒါပေမဲ့ မာမီကိုတော့ သတင်းပို့လိုက်ပုံရပါသည်။ ညဘက်သူမ သီချင်းခွေကြည့်နေတုန်း မာမီ အခန်းထဲဝင်လာပါသည်။

''မီးငယ်လေး ဘာဖြစ်နေတာလဲ၊ မလန်းဘူးဆို''

''ဟုတ်တယ်မာမီ''

''နေမကောင်းဘူးလား''

''ကောင်းပါတယ်မာမီ၊ ဒါပေမဲ့ စိတ်ထဲမှာ ပျော်စရာ ဘာတစ်ခုမှမရှိသလို ဖြစ်နေတယ်''

"ဪ ဒါမျိုးက တစ်ခါတလေ ဖြစ်တတ်တယ်သမီးရဲ့၊ သမီးစိတ်ထဲမှာ တစ်ခုခုကို မကျေလည်နေတာမျိုး ရှိလား"

သူမ မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်ကာ

"မရှိပါဘူး မာမီ"ဟု ခပ်တိမ်တိမ် ဖြေလိုက်ပါသည်။

"အပြင်လေးဘာလေး ထွက်ပါလား မီးငယ်လေးရဲ့"

"ထွက်တယ် မာမီ၊ သည်တစ်ပတ်အတွင်း ဆွေမာတို့အုပ်စုနဲ့ရော၊ မီးငယ်တစ်ယောက်တည်းရော စုစုပေါင်း Shopping သုံးခါ ထွက်တယ်၊ ရုပ်ရှင်လည်း နှစ်ကားကြည့်ဖြစ်တယ်၊ ဒါပေမဲ့ အဲဒါတွေလည်း ခဏလောက်ပဲ စိတ်အပြောင်းအလဲဖြစ်တာပါ"

"ရှေ့အပတ် သမီး ဒယ်ဒီ Singapore သွားမယ်ပြောတယ်၊ သမီး Shopping ထွက်ချင်ရင် လိုက်သွားပါလား"

"ဒယ်ဒီက ဟိုရောက်ရင် အလုပ်ရှုပ်နေမှာ၊ မလိုက်တော့ပါဘူး မာမီရယ်"

"ဒါဆို သည်လိုလုပ်လေ၊ မီးငယ် စိတ်အပြောင်းအလဲဖြစ်သွားအောင် သူငယ်ချင်းတွေနဲ့ ချောင်းသာသွားဖို့ ညှိလိုက်၊ မာမီစိစဉ်ပေးမယ်၊ သမီးဒယ်ဒီကားကို ယူသွား၊ လေးငါးယောက် ဆန့်တယ်၊ နောက်ထပ်တစ်စီးလောက်ရရင် သမီးတို့တစ်အုပ်စုလုံး နှစ်စီးနဲ့ ပြီးတယ်၊ ရဲဆွေမှာ Town Ace တစ်စီး ရှိတယ်မဟုတ်လား၊ ဆွေမာတို့ ငွေယွန်းတို့ကားနဲ့လည်း ဖြစ်တာပဲ၊ နော် သမီး စိတ်အပြောင်းအလဲ



ဖြစ်အောင် ဟိုမှာ နှစ်ရက်,သုံးရက် နေပေါ့"

"ဟုတ်ကဲ့ မာမီ"

"ကဲ သွား သွား၊ သူငယ်ချင်းတွေဆီ ဖုန်းဆက်ချည်၊ ကားမောင်းဖို့ကို မာမီ တစ်ယောက်ထည့်ပေးမယ်၊ မီးငယ်က မလန်းဘူးဆိုတော့ ကိုယ်တိုင်မောင်းရင် ပင်ပန်းမှာစိုးလို့"

သူမရင်ထဲမှာ တလှပ်လှပ် တုန်ခါလာပါသည်။

ကိုမောင့်ကိုတော့ မာမီထည့်ပေးလိမ့်မှာ မဟုတ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကားမောင်းသက်ကြာလှပြီဖြစ်တဲ့ ကိုမောင်က မာမီ့ဖောက်သည်တွေရဲ့ အိမ်တွေ၊ ဆိုင်တွေကို အကုန်သိနေပြီမို့ တော်ရုံကိစ္စလောက်ဆို မာမီလိုက်စရာမလိုတဲ့ သူ့ကို "ဘယ်သွား၊ ဘာလုပ်" လို့ မှာလိုက်ရုံနဲ့ ကိစ္စပြတ်ပါသည်။

ဒါဆို သူမနဲ့ထည့်ပေးလိုက်မှာ ထက်သန်ပေါ့။

အို ကံတရားက သူမ သူ့အတွက်နဲ့ စိတ်ဆင်းရဲ ခံစားနေရတာကို သိလို့များ အလိုလိုက် မျက်နှာသာပေးတာလား မသိပါ။

ပျော်ရွှင်တက်ကြွစိတ်ဖြင့် အဖွဲ့ခေါင်းဆောင် ရဲဆွေဆီ ဖုန်းဆက်နေတာကို မာမီက ပြုံးပြုံးကြည့်နေတော့ သူမက ခုန်နေတဲ့ရင်ကို လက်ဖြင့် အသာဖိထားလိုက်ပါသည်။

❀ ❀ ● ❀ ❀

## အခန်း (၁၁)

"အန်တီ မောင်ထက်သန်ကို အစစအရာရာ စိတ်ချလို့ သည် လိုစီစဉ်တာပါ၊ သည်တော့ မင်းအန်ကယ်ကားနဲ့ သမီးလိုအပ်တဲ့ပစ္စည်း တွေ ဝယ်ရင် မောင်ထက်သန် လိုက်ပို့ပေးလိုက်ပါ၊ ခရီးမထွက်ခင် သည်ကားနဲ့ ရင်းနှီးသွားတာပေါ့၊ ခရီးရှည်လေးမောင်းရင်တော့ မောင် ထက်သန်လည်း ကားမောင်းတဲ့အတွေ့အကြုံ ပိုရတာပေါ့၊ ဟိုမှာက သုံးရက်လောက်နေမှာဆိုတော့ ဝယ်စရာရှိရင် ဒေါ်ပြုံးဆီက ပိုက်ဆံ တောင်းသွားလိုက်၊ လခထဲက ပိုက်ဆံကြိုယူချင်တယ်ဆိုလည်း ဒေါ်ပြုံး ကို ပြောပေါ့၊ တခြားရော မောင်ထက်သန် ဘာများ လိုအပ်သေးလဲ"

"မလိုအပ်ပါဘူးအန်တီ၊ လခလည်း ကြိုမယူပါဘူး၊ ကျွန် တော့်မှာ သုံးစရာရှိပါတယ် ခင်ဗျ" .

"အေး အေး၊ ဒါဆို သွားလို့ရပါပြီ"



သူ လေးကန်စွာ ဒေါ်မိမိကိုရှေ့မှ ထထွက်ခဲ့ရပါသည်။

အင်း သူ ဘယ်လောက်ပဲရှောင်ရှောင် ခုတော့ သူမလေးနှင့် တည့်တည့်တိုးရပြီပေါ့လေ။ ဖေဖေ နည်းနည်းနေမကောင်းချင်နေ တာကို အကြောင်းပြပြီး ရှောင်လိုက်ရကောင်းမလား။

မကောင်းပါဘူးလေ။ သူတို့ဆီက လခယူထားမှတော့ သူတို့ ခိုင်းတာမှန်သမျှ လုပ်ပေးရမှာပေါ့။

ကံတရားဆိုတဲ့အရာကတော့ သူ့ကို အပိုင်မရနိုင်တဲ့ ယမင်း ရုပ်လေးဆီ တိုးကပ်ခိုင်းခြင်းအားဖြင့် အရင်က သူရှောင်လွှဲခဲ့သမျှ အတွက် အတိုးချနှိပ်စက်လိုပုံ ရပါသည်။

လောကမှာ မရနိုင်တဲ့အရာကိုမှ တမ်းတမိပြီး ဝေးဝေးရှောင် လွှဲခွင့်လည်း မရှိတာဟာ ဝဋ်ကြွေးတစ်ခုပဲ ဖြစ်ပါလိမ့်မည်။

သူမလေးရဲ့ပုံစံကို မျက်လုံးထဲ မြင်ယောင်မိတော့လည်း "လှပတဲ့ ဝဋ်ကြွေးပေါ့လေ"ဟု သူတိုးတိုး ရွတ်ဆိုမိပါသည်။

❀ ✿ ❀

"ဈေးဝယ်တာ များမလား။ ကျွန်တော် လိုက်ပို့ရမလား"

ဆောင်းဝတ်လွှာ သူ့ကို တော်တော် အသည်းယားပါသည်။

ပေါကြီးပြီးနှင့် စျေးသွားရင်တော့ သူ သည်လိုမေးမှာမဟုတ်ဘဲ နောက်က တကောက်ကောက်လိုက်ပေးမှာများ။

သူမကိုကျတော့ ဖြစ်နိုင်ရင် မလိုက်ချင်ပုံမျိုးနှင့် မေးနေတာမို့ သူမစိတ်ထဲ ရုတ်တရက် ဒေါသဖြစ်ကာ စိမ်းနည်းသွားပါသည်။

ဒါပေမဲ့ သူမစိတ်ကို ချက်ချင်းဖြေလိုက်ပြီး သူ့ကို အရွဲ့တိုက်ချင်စိတ်ကို ဖျောက်ပစ်ကာ အမှန်အတိုင်းပဲ ဖြေလိုက်ပါသည်။

"မပြောတတ်သေးဘူး။ မျက်စိရှေ့တွေ့တာထဲက သဘောကျတာ, လိုအပ်မယ်ထင်တာတာလေးတွေ ဝယ်မှာဆိုတော့ နည်းရင်လည်း နည်းမယ်၊ များရင်လည်း များမယ်၊ မလိုက်ချင်ရင်လည်း နေခဲ့ပါ။ ရတယ်၊ များရင်လည်း ကိုယ့်တာသာ သယ်လာလိုက်မယ်"

ပြောပြီးပြီးချင်း သူမ ချာခနဲလှည့်ထွက်ခဲ့တော့မှ သူ နောက်ကနေ ခပ်သွက်သွက်လျှောက်ကာ ပါလာပါသည်။

သူ့ကို အမြင်ကတ်ပြီး မျက်စိရှေ့ တွေ့ရာပစ္စည်းတွေကို လိုလို မလိုလို လျှောက်ဝယ်ပစ်လိုက်တော့လည်း သူက မညည်းညူစတမ်း သယ်ပေးရှာပါသည်။

သူမကလည်း သူ မညည်းညည်းအောင် သယ်လို့မနိုင်အောင် ကိုဝယ်တော့ သူက ပစ္စည်းတွေကို ကားထဲ တစ်ခေါက်သွားထည့်ကာ သူမနောက် ဆက်လိုက်ပြီး သယ်ပေးတာမို့ သူ့သည်းခံနိုင်စွမ်းကို သူမ လက်မြှောက်လိုက်ပါသည်။



စျေးဝယ်ရတာလည်း ညောင်းလာပြီမို့ သူမ စျေးဝယ်တာ ရပ်နားလိုက်ပြီး အိမ်ပြန်လာခဲ့ပါသည်။

အိမ်ပြန်လမ်းတစ်လျှောက်မှာတော့ နှစ်ယောက်စလုံး ကိုယ့်အတွေးနဲ့ကိုယ် တိတ်နေပြီးမှ သူမ သူ့ကို စကားစလိုက်ပါသည်။

ဒါဟာ သူနဲ့သူမ ပထမဆုံးအကြိမ် နှစ်ယောက်သား စကားပြောကြခြင်းလည်း ဖြစ်ပါသည်။

"ကိုထက်သန့် ချောင်းသာရောက်ဖူးလား"

"ဆယ်တန်းအောင်တုန်းက သူငယ်ချင်းတွေနဲ့ သွားတဲ့တစ်ခေါက်တော့ ရောက်ဖူးတယ်"

"ဟင် ဟုတ်လား။ ပျော်ဖို့ကောင်းလားဟင်"

"သည်လိုပါပဲ၊ မဆောင်းဝတ်လွှာရော တစ်ခေါက်မှမရောက်ဖူးဘူးလား"

"မရောက်ဖူးဘူး။ ဒယ်ဒီက နွေရာသီ အပန်းဖြေခရီးထွက်တဲ့နှစ်တွေဆို ပေလီပဲသွားတာများတော့ ပေလီဆိုရင်တော့ ခဏခဏ ရောက်ဖူးတယ်၊ ချောင်းသာတော့ တစ်ခါမှ မရောက်ဖူးဘူး"

"ဪ"

"ကိုထက်သန့်က တစ်ခါရောက်ဖူးတယ်ဆိုတော့ ဟိုသွားရင် ဘာပစ္စည်းတွေ အဓိက လိုတယ်ဆိုတာ သိမှာပေါ့နော်၊ အခု ဝီးယယ် ဝယ်ပြီးအထဲမှာ ဘာတွေလိုတာ ရှိသေးလဲ"

"ရပါတယ်၊ အသေးစိတ်လိုအပ်မယ်ထင်တဲ့ ပစ္စည်းတွေ
ဘော့ ကျွန်တော်ပဲ ဝယ်လိုက်ပါ့မယ်၊ ဒေါ်ကြီးမြိုးကလည်း သွားဖို့လာ
နဲ့အတွက် လိုအပ်တာတွေ ဝယ်ပေးပါလို့မှာထားတယ်၊ မဆောင်း
ဝတ်လွှာက တစ်ကိုယ်ရေအတွက် လိုအပ်မယ်ထင်တဲ့ ပေါ့ပေါ့ပါးပါး
ပစ္စည်းပဲ ဝယ်ပါ"

"ဟယ် ဒါဆို ခုနက မီးငယ်ဝယ်တဲ့ Shopping centre
မှာ ဘာလို့မဝယ်တာလဲ။ အဲသည့်မှာ ပစ္စည်းအစုံရှိတာပဲ"

"ရပါတယ်၊ ကျွန်တော်ဝယ်ရင် မဆောင်းဝတ်လွှာ စောင့်နေ
ရမှာ စိုးလို့ပါ။ ကျွန်တော်က မဆောင်းဝတ်လွှာလိုတာကို လုပ်ပေးဖို့
လိုက်လာတာပဲ ဥစ္စာ၊ ကျွန်တော့်ကို ပြန်စောင့်နေရတယ်ဆို ဘယ်
သဘာဝကျပါ့မလဲ၊ နောက်မှပဲ ဒေါ်ကြီးမြိုးကို စျေးပို့ရင်းနဲ့ ဝယ်လိုက်ပါ့
မယ်"

သူက တာဝန်ကျေချင်တာပဲလား။ သူ့မအပေါ် ကောင်းလွန်း
တာပဲလားတော့ မသိပါ။ သူတစ်ပါးအပေါ် အလိုက်သိ တာဝန်ကျေတဲ့
သူဟာ သူချစ်မြတ်နိုးတဲ့ မိန်းကလေးအပေါ်မှာဆို ဘယ်လောက်များ
ကြင်နာယုယမလဲလို့ တွေးတော့ သူ့မရင်ထဲမှာ တစ်မျိုးတစ်မည်
ခံစားရတာတော့ အမှန်ပင် ဖြစ်ပါသည်။

အားလုံးရဲ့စုရပ်က ဆောင်းဝတ်လွှာတို့အိမ်မို့ ရဲဆွေရဲ့ ရွှေ
အိုရောင် Town Ace နှင့်အတူ သူတို့ခြောက်ယောက် ချောင်းသာ



သွားမယ့် မနက်မှာ ရောက်ချလာကာ တစ်ယောက်နှင့်တစ်ယောက်
စကားပြောသံ၊ ဟိုပစ္စည်း ပါရဲ့လား။ သည်ပစ္စည်း ကျန်ခဲ့မယ်နော်
စသဖြင့် သတိပေးသံ၊ ကော်ဖီသောက် မုန့်စားသံတွေနှင့်အတူ အား
လုံးက သည်ခရီးအတွက် ရင်ခုန်ပျော်ရွှင်နေကြပါသည်။

ကျော်နှင့် ရဲဆွေတင့်ကမူ ကိုထက်သန်နှင့် ဘာပစ္စည်းတွေ
ပါလာတယ်၊ ဘာပစ္စည်းတွေ ထပ်ယူရမယ်စသဖြင့် တိုင်ပင်မဆုံး
ကားပေါ်သို့ ပစ္စည်းတွေ သယ်လို့မဆုံး ဖြစ်နေပါသည်။

"ကျွန်တော့်ဂစ်တာရော, ကျော့်ရဲ့ကက်ဆက်ရော ပါတယ်
ကိုထက်သန်"

"OK ဗြော် ကျွန်တော်တို့ Table Lamp ဖြစ်ဖြစ်, Emer-
gency Lamp ဖြစ်ဖြစ် တစ်ခုလောက်ပါရင် ကောင်းမယ်၊ ပြီးတော့
လိုရမယ်ရ လက်နှိပ်ဓာတ်မီးရောပေါ့၊ အဲဒါ မပါသေးဘူးနော်"

"ဟာ ဟုတ်တယ်၊ မပါသေးဘူး ကိုထက်သန်ရ"

"ရတယ် ရတယ်၊ ကျွန်တော်ယူခဲ့လိုက်မယ်"

"ဟာ ကိုထက်ရေ ကျွန်တော် ဆေးတွေ ထည့်မယ်လုပ်ပြီးမှ
မေ့လာပြန်ပြီ"

"ဗြော် ရတယ်၊ ဆေးကတော့ မပူနဲ့၊ အစုံပါပြီးသား။
ကျွန်တော်တို့ယောက်ျားလေးတွေက ကိစ္စမရှိပါဘူး။ အမျိုးသမီးကလေး
တွေကျတော့ ပစ္စည်းမစုံလို့ မဖြစ်ဘူးလေ၊ ကျွန်တော် တတ်နိုင်သမျှ

တော့ စဉ်းစားပြီး အစုံအလင် သယ်ခဲ့ပါတယ်"

"အားကိုးပါတယ်ဗျာ ကိုထက်ကို"

"ကဲ သည်သုံးယောက်က မပြီးသေးဘူးလား။ ငါတို့မိန်းကလေးတွေတော့ အဆင်သင့်ပဲနော်"

"ဩော် နင့်ဘိုးအေ၊ နင်တို့ကတော့ အဆင်သင့်ပေါ့။ ကိုယ့်ကိုယ်ကိုယ် အလှပြင်၊ အကျီလေး သုံးလေးစုံထည့်ပြီး လိုက်ခဲ့ရုံပဲဟာ၊ ငါတို့က နင်တို့အတွက် လိုအပ်တာတွေ အကုန်စဉ်းစားပြီး သယ်နေရတာ"

"အေးပါဟာ အေးပါ။ sorry ပဲနော်၊ တို့ ဘာကူရဦးမလဲ"

"တော်ပါပြီ ဆွေမာရယ်၊ ပြီးမှ လာနှမ်းဖြူးမနေပါနဲ့၊ ကဲ သွားကြမယ်ဟေ့၊ ဘယ်သူက ဘယ်ကားစီးမလဲ လူခွဲကြ"

"ဆွေမာရယ်၊ ဝတ်လွှာရယ်၊ ကိုထက်သန့်ရယ်၊ သစ္စာရယ်က ဝတ်လွှာတို့ကားစီးမယ်၊ ကျန်တဲ့သူတွေ ရဲဆွေကားပေါ် တက်ကြ"

"အေး ပြီးတာပဲ၊ ကျော်ရယ်၊ လှိုင်းဖြူရယ်၊ ငွေယွန်းရယ် လာဟေ့ သွားကြမယ်၊ နေတအားပူလာရင် သွားရလာရ ပင်ပန်းတယ်"

ရဲဆွေနှင့် ကိုထက်သန့်ရဲ့ခေါင်းဆောင်မှုကြောင့် အစစ အရာရာ ချောချောမွေ့မွေ့ အဆင်ပြေပါသည်။ ဒယ်ဒီက စင်ကာပူသို့ အလုပ်ကိစ္စနှင့် ခရီးတစ်ပတ်ထွက်သွားသဖြင့် ဒယ်ဒီ့ကိုယ်စား မာမီက ရုံးထိုင်ရတာမို့ သူမတို့ထွက်လာချိန်မှာ မာမီ့ကို ဖုန်းနဲ့ပဲ နှုတ်ဆက်ခဲ့ရ



ပါသည်။

"မီးငယ်လေး တစ်ခုခုဆို မာမီ့ဆီ ဖုန်းလှမ်းဆက်နော်၊ ပျော်ရွှင်သော ခရီးဖြစ်ပါစေ"

လို့ ပြောတဲ့ မာမီ့ရဲ့ ဖုန်းထဲကစကားသံမှာ သူမအပေါ်ထားတဲ့မေတ္တာတွေ ပေါ်လွင်နေပါသည်။

ကိုထက်သန့်ကလည်း ထွက်ခါနီးမှာ သူ့အဖေကို ကန်တော့ပါသည်။

ရဲဆွေကားမှာ ရှေ့ဆုံးခုံတန်းက ယောကျ်ားလေးနှစ်ယောက် ထိုင်ပြီး ဒုတိယခုံတန်းမှာ မိန်းကလေးနှစ်ယောက် ထိုင်ပါသည်။

ဝတ်လွှာတို့ကားမှာတော့ ကိုထက်သန့်တစ်ယောက်တည်း ကားမောင်းတဲ့ နေရာမှာရှိပြီး နောက်ခုံတန်းမှာ ဆွေမာ၊ ဝတ်လွှာနှင့် သစ္စာက အတူတူထိုင်ကြပါသည်။

ဆွေမာနှင့် သစ္စာက သူတို့အရင်တုန်းက ချောင်းသာကို သွားခဲ့ကြတာတွေ ပြန်လည်ပြောဆိုနေတာကို ဝတ်လွှာ ခေါင်းညိတ်ရုံ တစ်ခွန်းနှစ်ခွန်း ဝင်ပြောရုံသာရှိပြီး လက်တင်းတင်းပိုက်ကာ ကားဆိုဖာပေါ် မှီလျှောထိုင်ပြီး ပါလာပါသည်။

ပြီးခဲ့တဲ့ရက်တွေတုန်းက စိတ်ပင်ပန်းခဲ့ရတာတွေရော၊ သည်နေ့မနက် အစောကြီး ခေါင်းလျှော်ခဲ့တာကြောင့်ရော ထင်ပါသည်။ အနည်းငယ်ချမ်းကာ ကိုယ်တွေလက်တွေ မလှုပ်ချင်ဖြစ်နေပါသည်။

ငါတော့ ဖျားတော့မလား မသိပါဘူး။ သူများတကာ ပျော်တဲ့ အချိန်မှာမှ နေမကောင်းဖြစ်ရင် ဒုက္ခပါပဲလို့ တွေးနေတုန်းမှာပဲ ကား မောင်းနေတဲ့ ကိုထက်သန်ဆီမှ

"မဆောင်းဝတ်လွှာ ဘာဖြစ်လို့လဲဟင်၊ ကားမူးနေတာ လား"

ဆိုတဲ့ အမေးစကားကြောင့် ဆောင်းဝတ်လွှာ အံ့သြသွား ရပါသည်။ ကြည့်စမ်း ကပ်ထိုင်နေတဲ့ ဆွေမာနဲ့ သစ္စာတောင် ငါ့ကို သတိမထားမိဘူး။ သူကကျတော့ ငါ့ကို ဂရုစိုက်တယ်လို့ တွေးကာ ကြည်နူးသွားပါသည်။

"ကားမမူးပါဘူး။ နည်းနည်း ချမ်းစိမ့်စိမ့်ဖြစ်နေလို့"

သည်တော့မှ ဆွေမာနဲ့ သစ္စာကလည်း ပျာပျာသလဲ သူမ ဘက်သို့ လှည့်လာကြပါသည်။

"ဟယ် နေမကောင်းဘူးလား ဝတ်လွှာ၊ ဟုတ်ပါရဲ့ နှင့်အ သားတွေက အေးစက်နေတာပဲ"

ထက်သန်က ကားကို ချက်ချင်းရပ်လိုက်ပြီး သူ့ဘေးက အိတ်တစ်အိတ်ထဲမှ ဆေးထုပ်ကိုနှိုက်ကာ သူမဆီ ဆေးပြားနှစ်ပြား လှမ်းပေးပါသည်။

"အကိုက်အခဲပျောက်ဆေးနဲ့ အပူကျဆေးလေး ကြိုသောက် ထားလိုက်နော် မဆောင်းဝတ်လွှာ၊ ရေအေးနဲ့ သောက်မလား…ရေ



အေးကြီးက မကောင်းပါဘူး။ ကော်ဖီနဲ့ သောက်နော်"

လို့ ပြောပြီး ကားဒက်ရှ်ဘုတ်ပေါ်က ကော်ဖီဓာတ်ဘူး အသေးလေးယူကာ ဓာတ်ဘူးအဖုံးထဲသို့ ကော်ဖီပါငှဲ့ချပေးပါသည်။

သူမ ဆေးသောက်ပြီးတော့လည်း သူက စိတ်မချသေးသလို သူမ,ဝတ်ထားတဲ့ လက်တိုစပို့ရှပ် စစ်ရောင်လေးကို တစ်ချက်ကြည့်ပြီး

"ရှပ်အင်္ကျီ လက်ရှည်ပါရင် အပေါ်က ထပ်ဝတ်ထားလိုက်ပါ လား မဆောင်းဝတ်လွှာ"

လို့ အကြံပေးပါသည်။

"ဟုတ်တယ် ဝတ်လွှာရဲ့၊ ကားလေတိုးရင် နှင် ပိုအေးမှာပေါ့။ ကားတံခါးတွေ ပိတ်လိုက်ရင်လည်း လှောင်မှာဟ၊ Aircon လည်း ဖွင့်လို့မဖြစ်ဘူး"

"ငါ့မှာ ရှပ်အင်္ကျီလက်ရှည် မပါဘူးဟ၊ တီရှပ်၊ စပို့ရှပ်လက် တိုတွေနဲ့ ဂါဝန်တွေပဲ ပါတာ"

"ဟယ် အဲဒါမှ ဒုက္ခ၊ ငါ့အဝတ်အိတ်ရော၊ သစ္စာအဝတ်အိတ် ရောက ရဲဆွေကားပေါ် ပါသွားပြီ သည်ကောင် ရှေ့ကမောင်းသွားတာ သူ့ကားက မြင်တောင်မမြင်ရတော့ဘူး"

"ကျွန်တော့်ရှပ်အင်္ကျီပဲ ယူဝတ်လိုက်ပါလား။ မဆောင်းဝတ် လွှာ ဝတ်တတ်ရဲ့လား။ ဝတ်ချင်ရဲ့လားဟင်"

သူ့အသံက သူမ ဟိုတစ်ခါ ချော်လဲတုန်းကလိုမျိုးပင် စိုးရိမ်

သံနှင့် အရာရာကို စီစဉ်နေပြန်ပါသည်။ သူမ ကျေနပ်ကြည်နူးစွာ ခေါင်းညိတ်ပြလိုက်တော့ သူ့အဝတ်အိတ်ထဲမှ မီးခိုးရောင်ဖျော့ဖျော့ ရှပ်အင်္ကျီတစ်ထည်ကို ထုတ်ကာကမ်းပေးပါသည်။

ဆွေမာက သူမကို အင်္ကျီကူဝတ်ပေးပြီး သူ့ပေါင်ပေါ် ခေါင်းအုံးကာ လှဲနေစေတုန်းမှာပင် ထက်သန့် ကားကို ပြန်စမောင်းပါသည်။

"ကိုရဲဆွေကားကိုမီအောင် ကျွန်တော် အမြန်နှုန်းနည်းနည်း မြှင့်မောင်းမယ်နော်"

သူမောင်းတာ မြန်ပေမယ့် ညင်ညင်သာသာရှိပါသည်။

သူ့အင်္ကျီကိုဝတ်ထားရတာ သူမအဖို့ နွေးထွေးလုံခြုံသွားသလို ခံစားရပါသည်။ အင်္ကျီမှရတဲ့ မွှေးကြိုင်သန့်ပြန့်တဲ့ ခပ်သင်းသင်း ရနံ့တစ်မျိုးကြောင့် သူမစိတ်တွေ ရီဝေလာကာ ခါးနားက အင်္ကျီကြယ်သီးကို လက်ညှိုးထိပ်နှင့်ထိကာ ဆော့နေမိပါသည်။

ခုနတုန်းက သူ့မျက်လုံးထဲမှာ မြင်လိုက်ရတဲ့ စိုးရိမ်ပူပန်မှုကြားမှာ အချစ်ရိပ်အချစ်ငွေ့တွေကို သူမနှလုံးသားက အကင်းပါးစွာ မြင်တွေ့ဆုပ်ကိုင်လိုက်မိသလို ရှိပါသည်။

သည်ခရီးက သူမရဲ့ဝေဒနာ၊ သူမစိတ်ရဲ့ တင်းကျပ်မှုတွေကို လျော့ပါးစေမှာလား။ ပိုတိုးစေမှာလားလို့ တွေးရင်း သူမမျက်လုံးတွေ စင်းကာ လေးလံမှိတ်ကျသွားခဲ့ပါသည်။

❀ ❀ ✿ ❀ ❀

## အခန်း (၁၂)

ချောင်းသာရောက်တော့ လှပသည့်ရှုခင်း၊ အေးမြလတ်ဆတ်သည့်လေကြောင့် သူမတို့အားလုံး လန်းဆန်းပျော်ရွှင်သွားကြပါသည်။

လှပသပ်ရပ်သည့် ကပ်လျက်တန်ကလို နှစ်လုံးငှားကာ မိန်းကလေးတွေက တစ်လုံး၊ ယောက်ျားလေးတွေက တစ်လုံးနေရန် စီစဉ်ပြီး ပစ္စည်းတွေနေရာချတုန်းမှာပင် ထက်သန့်ရောက်လာပါသည်။

"မဆွေမာ ကျွန်တော် ဘာကူရဦးမလဲ"

"ပြော် ရတယ်၊ ပြီးပြီ ကိုထက်သန့်"

ဝရန်တာထောင့်လေးမှာ ခပ်ငေးငေးထိုင်နေသည့် သူမနားသို့ သူရောက်လာကာ "နေသာရဲ့လား"ဟု တိုးတိတ်ညင်သာစွာ လှမ်းမေးသဖြင့် သူမ ခေါင်းညိတ်ပြကာ ရှပ်အင်္ကျီကို ခပ်တင်းတင်းဆွဲစေ့ရင်း ပင်လယ်ပြင်သို့သာ ငေးနေလိုက်ပါသည်။

"အဖျားသွေးရှိလားလို့ ကျွန်တော်စမ်းကြည့်ပါရစေ"

သူ့ရဲ့ခွင့်တောင်းသံကြောင့် သူမ အံ့ဩပြီး သူ့ကို မော့ကြည့်လိုက်တုန်းမှာပင် သူ့ရဲ့နွေးထွေးတဲ့ လက်ဖဝါးက သူမနဖူးပေါ်သို့ ခပ်ဖွဖွကျရောက်လာခဲ့သည်။

ကြည့်စမ်း သူ့လက်ကနေ လျှပ်မြန်အားကောင်းတဲ့ အရာတချို့ သူမခန္ဓာကိုယ်ထဲ စီးဝင်သွားသလိုမျိုးကို သူ အဖျားစမ်းတဲ့ စက္ကန့်ပိုင်းလေးအတွင်းမှာ ခံစားလိုက်ရသည်။

မိန်းကလေးတွေရဲ့ ပင်ကိုထိုးထွင်းသိစိတ်အရ "သူလည်း ငါ့ကို ချစ်နေတာပါလား"လို့ သည်ခဏလေးအတွင်းမှာ သူမ သေချာစွာ သိလိုက်ရပါသည်။

ဘာလုပ်ရမှာလဲ။ ဘာလုပ်ရမှာလဲကွယ်။

သူမအချစ်တွေကို မြှုပ်နှံဖို့ထွက်လာတဲ့ သည်ခရီးမှာမှ သူ့အချစ်တွေကို မြင်တွေ့လိုက်ရတော့ သူမက ဘယ်လိုအင်အားမျိုးနှင့် သည်ချစ်ခြင်းတွေကို ဖျက်ဆီးပစ်ရမှာလဲ။

"ကိုယ်တော့ မပူပါဘူး။ ဒါပေမဲ့ မနက်စာစားရင် သူများတွေလို ပင်လယ်စာ မစားပါနဲ့လား။ ခေါက်ဆွဲပြုတ်ဖြစ်ဖြစ်, ဆန်ပြုတ်ဖြစ်ဖြစ် ကျွန်တော် စီစဉ်ပေးပါရစေ။ လုံးဝ နေကောင်းသွားအောင်ပါ"

ခုမှတော့ မကြင်နာပါနဲ့တော့။ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ပဲချစ်ချစ် မဖြစ်နိုင်တော့တဲ့အတူတူ သည်ဇာတ်ကို



မစခင်ဘဲ ဆုံးလိုက်ရအောင်ပါ။

သူမ ကိုယ့်အတွေးနဲ့ကိုယ် ခေါင်းခါယမ်းလိုက်တော့ သူက တစ်ချက်စိုက်ကြည့်ပြီး ဖြည်းညင်းစွာ ကျောခိုင်းထွက်ခွာသွားခဲ့ပါသည်။

သူမက ခပ်နိုမ့်နိုမ့် ဝရန်တာလက်ရန်းပေါ် ခေါင်းမှောက်ချကာ ဘယ်သူမှမသိအောင် အသံတိတ် ငိုကြွေးနေမိပါသည်။

စားသောက်ဆိုင်တစ်ခုမှာ မနက်စာစားကြတော့ အားလုံးက ကဏန်း၊ ပုစွန်စသည့် ပင်လယ်စာဟင်းတွေကို မျိုးစုံအောင် မှာကြပါသည်။

သူမကလည်း အားကျမခံ "ကဏန်းမဆလာချက်တစ်ပွဲ၊ ပုစွန်သုပ်တစ်ပွဲ"လို့မှာပြီး သူ့ကိုကြည့်လိုက်တော့ သူက မျက်နှာမကောင်းဘဲ စားပွဲပေါ်က ပန်းအိုးကို ခပ်တွေတွေ စိုက်ကြည့်နေသည်။

"ဟ ဝတ်လွှာ နေမကောင်းချင်ဘူးဆို၊ ဖြစ်ပါ့မလားဟ"

"ဖြစ်ပါတယ် ကျော်ရ"

"ဖျားလို့ ရေထဲမဆင်းရဘဲ နေဦးမယ်၊ ထမင်းမစားပါနဲ့လား ဝတ်လွှာရယ်"

"ရပါတယ် သစ္စာရ"

ဟုတ်တယ်လေ။ စားကို စားပစ်လိုက်မယ်။ ဖျားချင်ဖျား မဖျားချင်နေ။ နေကောင်းတုန်းက လူကို မျက်လုံးချင်းဆုံအောင်တောင် မကြည့်ခဲ့တဲ့လူကြီး။ ဝေဒနာတွေပေးတဲ့ လူကြီးက ခု နေမကောင်းမှ

ထကြြင်နာနေတော့ သူမရင်ထဲမှာ ဝေဒနာတွေ ပိုတိုးတော့တာပေါ့။

သူမ ခံစားရသလို သူ့လည်း ခံစားစေချင်တာကြောင့် ရွှဲပြီး တော့ကို သူတားမြစ်တဲ့အစားအသောက်တွေ စားပြလိုက်ဦး မည်။

ဟင်လယ်အစားအစာတွေက လတ်ဆတ်ပြီး အရသာရှိတာ ကြောင့် သူမ အားရပါးရစားလိုက်ပါသည်။

လူကောင်းဖြစ်သောသူက သူမ,လောက်တောင် မစားနိုင်ဘဲ အနည်းအကျဉ်းလောက်ပဲ စားကာ မျက်နှာလည်း သိပ်မကောင်းလှ တော့ "ဒီ လွန်သွားပြီလား" လို့ သူမတွေးမိပါသည်။

စားသောက်ပြီး ခဏနားတုန်း သူများတွေက ရေထဲဆင်းရင် ဘာဝတ်မယ်၊ ရေချိုးပြီးရင် ဘာဝတ်မယ် စသဖြင့် စီစဉ်နေကြစဉ် သူမကတော့ အိပ်ရာထဲခွေကာ Ear-phone ကက်ဆက်အသေးလေး ဖြင့် "အချစ်ဆိုသည်မှာ" သီချင်းကိုပဲ ထပ်တလဲလဲရစ်ပြီး နားထောင် နေလိုက်ပါသည်။

ရေထဲဆင်းကြတော့ သူမက တွေ့ရာအင်္ကျီနှင့် ဘောင်းဘီ ရှည်ကိုပဲ ကောက်စွပ်ကာ ဆင်းခဲ့ပါသည်။

ရေထဲမဆင်းခင်ကတည်းက မနက်ကလို ပြန်ချမ်းလာသော် လည်း ပေတေချင်နေသော သူမက ဘယ်သူ့မှမပြောဘဲ ရေထဲဆင်း ကာ လှိုင်းစီးလိုက်၊ ဆော့လိုက်ဖြင့် စိတ်ထဲရှိသလို နေလိုက်ပါသည်။

စွပ်ကျယ်အဖြူနှင့် သရီးကွာတားဘောင်းဘီကာကီရောင်ကို



သာ ခပ်ရိုးရိုးဝတ်ထားသော သူကကျော်နှင့် ရဲခွေထက်ပင် ကြည့် ကောင်းနေပါသည်။

သူက ရေထဲ ခဏသာဆင်းပြီး သူမတို့ မိန်းကလေးအုပ်စုနှင့် မလှမ်းမကမ်းက ရေစပ်နားမှာ ထိုင်နေပါသည်။

"ကိုထက်သန့် လာလေဗျာ၊ ဟိုဘက်နားသွားရအောင်"

"ကျော်နဲ့ ကိုရဲခွေနဲ့သွား။ ရတယ်၊ လူတွေတအားများနေ တော့ ကျွန်တော် သူတို့အုပ်စုကို စောင့်ပေးလိုက်မယ်၊ မိန်းကလေး တွေချည်းပဲဆိုတော့ သူများ လာစနောက်မှာစိုးလို့၊ ကျွန်တော် ရေ လည်း သိပ်မကြိုက်ပါဘူး"

"ဒါဆို ခဏလေး သွားလိုက်ဦးမယ် ကိုထက်ရေ၊ ဟိုဘက် နားက ကောင်မလေးတွေက အမိုက်စားလေးတွေဗျ"

"သွား သွား ရတယ်"

သူတို့သုံးယောက်ပြောတာကို အတိုင်းသားကြားနေရတာမို့

"ဟင်း ကိုထက်သန့်က တို့အုပ်စုထဲကို နောက်ဆုံးမှဝင်လာ တာတောင် တို့မိန်းကလေးတွေကို ညှာတာပြီး သိပ်အနစ်နာခံတာပဲ၊ ကျော်နဲ့ ရဲခွေတို့ကတော့လေ ငါတို့ကို ကျီးပဲထိုးထိုး, ခွေးပဲစားစား ဆိုတာမျိုး၊ လုံးဝ စိတ်မပူကြဘူး"

"အေးလေ၊ အဲသည့်နှစ်ကောင်တော့ တွေ့ဦးမယ်"

လှိုင်းဖြူတို့ ငွေယွန်းတို့ ခွေမာတို့ အတိုင်အဖောက်ညီနေ

တာကို သူမ ကောင်းကောင်းမကြားတော့ပါ။

အေးလိုက်နွေးလိုက် ဖြစ်နေတဲ့ သူမခန္ဓာကိုယ်ဟာ တဆတ်ဆတ်တုန်အောင်ကို ချမ်းစိမ့်ကိုက်ခဲလာတဲ့အတွက် ကမ်းဘက်ကို လျှောက်လှမ်းသွားနေရင်းမှာပဲ သူမ ပြိုလဲကျခဲ့ရသည်။

ရွှေမာတို့အော်သံကို သဲ့သဲ့ကြားလိုက်ရပြီးနောက် သန်မာတဲ့ လက်တစ်စုံရဲ့ ပွေ့ချီခြင်း ခံလိုက်ရတာကို နောက်ဆုံး သိလိုက်ခြင်းဖြစ်ပြီး အုံခဲနေတဲ့ဦးခေါင်းက မှောင်အတိကျသွားခဲ့သည်။

သူမ သတိရလာတော့ ညနှစ်နာရီ ထိုးနေပြီဖြစ်သည်။ သူမဘေးမှာ မီးနီကလေးလေးယောက် အိပ်ပျော်နေကြပါသည်။ သူတို့ခုတင်မှာ သူတို့ မအိပ်ဘဲ သူမဘေးမှာ တိုးဝှေ့ခွေနေကြပုံထောက်ရင် သူမကိုစောင့်ရင်း အိပ်ပျော်သွားကြတာပဲ ဖြစ်မည်။

ခေါင်းကတော့ အနည်းငယ်ပဲ အုံတော့ကာ ကိုယ်တွေလက်တွေ လေးလံနေတုန်းဖြစ်ပေမယ့် အာခေါင်တွေခြောက်လှတာမို့ ရေသောက်ဖို့ အပြင်နား ထွက်လိုက်တော့မှ တံခါးမပိတ်ရသေးဘဲ ဝရန်တာမှာ အရင်းဘတ်ကိုယ်စီနှင့် အိပ်ပျော်နေသည့် ကျော်နှင့်ရဲခေဆွေကို တွေ့ရပါသည်။

သူတို့ဘေးမှာတော့ သူမကို ကျောခိုင်းကာ မတ်တတ်ရပ်လျက်သား ကောင်းကင်ကိုငေးကြည့်နေသည့် သူ့ကို တွေ့လိုက်ရပါသည်။



သူမခြေသံဖွဖွကြောင့် သူက သူမဆီခပ်သွက်သွက်လျှောက်လာကာ အသာတွဲပြီး ရှေ့ခန်းက ဆက်တီမှာ ထိုင်ခိုင်းပါသည်။

"ဆရာဝန်က နှစ်နာရီခွဲ ဆေးတိုက်ပါလို့ မှာသွားတယ်၊ အခု နှစ်နာရီကျော်ပြီဆိုတော့ ဆေးသောက်ဖို့ ကျွန်တော် ကွေကာအုပ် ဖျော်လိုက်မယ်နော်"

သူမ အသာအယာ ခေါင်းညိတ်ပြလိုက်တော့ သူက ကွေကာအုပ်ထုပ်ကို ကတ်ကြေးနှင့်ဖောက်ကာ ကျွမ်းကျင်စွာ ဖျော်နေပါသည်။ ပြီးတော့ လက်သုတ်ပဝါရယ်၊ ဆေးထုပ်ရယ်ကို သူမဆီကမ်းပေးပြီး "ဗိုက်ဆာနေသေးလား" လို့မေးတာမို့ သူမ ခေါင်းခါပြလိုက်ပါသည်။

ဆေးသောက်ပြီးသွားတော့ သူက ပန်းကန်တွေခွက်တွေကို နေရာတကျ ပြန်သိမ်းနေရင်းမှ

"နေသာရဲ့လား။ ခေါင်းကိုက်နေလား။ အရမ်း ချမ်းနေသေးလား"

လို့ ဂရုစိုက်မေးတာမို့ သူမဟာ

"ဟင့်အင်း။ သက်သာသွားပါပြီ"

လို့ ဖြေရင်း အပြစ်ရှိသူလို မလုံမလဲ ခံစားနေရပါသည်။

သူကတော့ စိတ်ဆိုးနေတာမျိုး မဟုတ်ဘဲ ပုံမှန်ပင် သူမကို စိုးရိမ် ဂရုစိုက်နေပါသည်။

"နောက်ဆေးတစ်ခွက်က မနက်ခြောက်နာရီခွဲ သောက်ရမှာ။

ခြောက်နာရီလောက် ကျွန်တော်လာခဲ့ပါမယ်၊ ဗိုက်ဆာရင် အိပ်ရာဘေးက စားပွဲပေါ်မှာ ကိတ်မုန့်ဘူးနဲ့ ဓာတ်ဘူးအနီထဲမှာ Milo ဖျော်ထားတယ်၊ ရေအေးသောက်လို့ မရဘူးလို့ ဆရာဝန်မှာသွားလို့ ရေကျက်အေးလည်း စားပွဲပေါ်မှာ ပုလင်းနဲ့ထည့်ထားပေးတယ်၊ ကျော်နဲ့ ရဲဆွေကို နှိုးပြီး ကျွန်တော်တို့ပြန်တော့မယ်၊ ဘာလိုအပ်တာ ရှိသေးလဲ"

သူ့အကြင်နာတွေနဲ့တင် သူမမှာ လိုလေသေးမရှိ ပြည့်စုံနေပြီဆိုတာ သူ ဘယ်သိမလဲနော်၊

အိပ်မက်တစ်ခုလို နွေးထွေးပြည့်စုံတဲ့ ညတစ်ညကို သူ့ကြောင့် ပိုင်ဆိုင်ခွင့်ရပြီမို့ သူမရဲ့အမှားအတွက်လည်း သူ့ကို တောင်းပန်ချင်ပါသည်။

"မီးငယ် ကိုထက်သန့်ကို တောင်းပန်ပါတယ်"

ကျော်နဲ့ရဲဆွေဆီ သွားနေတဲ့ သူ့ခြေလှမ်းတွေက ရပ်တန့်သွားပေမယ့် သူမဘက်ကို ခြေလှမ်းတွေရော မျက်နှာပါ လှည့်မလာဘဲ ကျောခိုင်းအနေအထားနှင့် သူငြိမ်သက်သွားပါသည်။

"နေ့လယ်က မီးငယ် ကိုထက်သန့်ရဲ့စကားကို နားမထောင်ခဲ့တာ ကိုထက်သန့်ရဲ့စေတနာကို စော်ကားချင်လို့ မဟုတ်ပါဘူး၊ မီးငယ်ရင်ထဲမှာလေ မီးငယ် ..."

သူမ စကားကို ဆက်မပြောတတ်တော့ဘဲ မျက်ရည်တွေသာ ပိုးပိုးပေါက်ပေါက် လိမ့်ဆင်းလာပါသည်။



သည်တော့ သူက သူမအနီးသို့ရောက်လာပြီး အပြာနုရောင်ယောက်ျားကိုင် လက်ကိုင်ပဝါကို လှမ်းပေးပါသည်။

"ကျွန်တော် မခေါင်းဝတ်လွှာကို ဘယ်လိုမှ သဘောမထားပါဘူး၊ မငိုပါနဲ့၊ မခေါင်းဝတ်လွှာကို ကျွန်တော်လေ"

သူ နှစ်စက္ကန့်လောက် စကားရပ်သွားပြီးမှ နောက်သို့ ခြေလှမ်းဆုတ်သွားကာ "သွားတော့မယ်"လို့ တိုးတိမ်စွာ နှုတ်ဆက်ပါသည်။

သူ ခြေလှမ်းပြန်စချင်းပဲ

"မီးငယ်ကို အပြစ်မယူဘူးဆိုရင် သည်နေ့ကစပြီး သူများတွေခေါ်သလို ဝတ်လွှာလို့ပဲ ခေါ်ပေးပါနော်"

လို့လှမ်းပြောတော့ သူက တစ်ချက်ပြုံးက ခေါင်းဆတ်ပြပါသည်။ သူ့အပြုံးက မီးငယ်ရင်ထဲကို ငြိမ်းအေးချမ်းမြစေတာမို့ မျက်ရည်တွေကို သူ့လက်ကိုင်ပဝါနှင့် သုတ်ပစ်လိုက်ထုန်းမှာပင် သူနှိုးလိုက်တာကြောင့် ကျော်နှင့်ရဲဆွေနိုးလာကာ သူမအနား ရောက်လာပြီး သက်သာလား ဘာညာ မေးမြန်းကြပါသည်။

သူတို့သုံးယောက် ထွက်သွားပြီးတော့မှ အရှေ့ခန်းတံခါးကို ချက်ထိုးပြီး သူ့လက်ကိုင်ပဝါကို နှုတ်ခမ်းနှင့်ရော နှာသီးဖျားလေးနှင့်ပါ နမ်းရှိုက်လိုက်မိပါသည်။

❀ ❀ ✿ ❀ ❀

## အခန်း (၁၃)

တစ်အုပ်စုလုံးက သူမကို ဝိုင်းဝန်းဂရုစိုက်သဖြင့် ရောက်ပြီး နောက်တစ်နေ့ညအထိပဲ အဖျားက ခံပါသည်။

နှစ်ရက်မြောက်နေ့မှာတော့ ဆရာဝန်၏ခွင့်ပြုချက်ဖြင့် သူမ ထမင်းလည်းစားနိုင်၊ ရေလည်းဆော့နိုင်ပါသည် ဆိုတော့မှ အားလုံးက သက်ပြင်းချနိုင်ပါသည်။

"တော်သေးတာပေါ့ ဝတ်လှာရယ်၊ တို့မှာ နင်တော့ တို့လို မပျော်နိုင်တော့ဘူးဆိုပြီး စိတ်မကောင်းဖြစ်လိုက်ရတာ၊ အဲဒါ ကိုထက် သန် နင့်ကို အရမ်းဂရုစိုက်လို့ ခုလိုမြန်မြန် ပြန်နေကောင်းတာ၊ သိလား"

အားလုံးကတောင် သူမကို သူဂရုစိုက်လှတာ သိနေကြပါသည်။ ဒါပေမဲ့ ထက်သန်ရဲ့အနေအထိုင် တည်ကြည်မှုကြောင့်ရော၊



သူနှင့်သူမရဲ့ ကွာခြားတဲ့အနေအထားကြောင့်ရော ဘယ်သူမှ မစ မနောက်ကြပဲ။

သူမကတော့ အချစ်ဦး၊ အချစ်ဆုံး ဖြစ်တဲ့ သူ့ထံမှ အကြင်နာတွေ၊ ဂရုစိုက်မှုတွေကို ရရှိထားပြီးပြီမို့ ပျော်လို့မဆုံးဖြစ်နေပါသည်။

ဟုတ်တယ်လေ။ စဉ်းစားကြည့်ရင် သူကလည်း သူမကို တစ်သက်လုံး ချစ်ရေးမဆိုဘဲ နှုတ်စောင့်မည့်သူ၊ (ဟိုညကလို အခြေအနေရော၊ အချိန်အခါရောက သည်လောက် အဆင်ပြေနေတာတောင် သူ ရအောင်ထိန်းသွားနိုင်သည်လေ။)

သူမကလည်း အချစ်ကို ဆင်ခြင်တုံတရားနှင့် ထိန်းချုပ်နိုင်ဖို့ ကြိုးစားနေသည့် မိန်းကလေး။

အဲသည်အချိန်အခါမှာ သူနဲ့သူမက တစ်ယောက်ကိုတစ်ယောက် နားလည်တယ်၊ နွေးထွေးတယ်။ ပြီးပြီပေါ့။

ဖြစ်နိုင်တာတွေ၊ မဖြစ်နိုင်တာတွေကို လောလောဆယ်မှာတော့ သူမ ခပ်ဝေးဝေးကို လွှင့်ပစ်ထားလိုက်ပြီး စိတ်ဆင်းရဲစရာ၊ စိတ်ပင်ပန်းစရာ မှန်သမျှ မေ့ဖျောက်ထားလိုက်ပါသည်။

အနီးအနားက ရွာတွေကို လျှောက်လည်၊ စက်ဘီးတွေ ဆိုင်ကယ်တွေ ငှားစီး၊ ဓာတ်ပုံတွေရိုက်၊ သီချင်းနားထောင်၊ အိမ်က လူတွေအတွက် လက်ဆောင်တွေဝယ်၊ ညနေဘက် လမ်းလျှောက်၊ တစ်ခါတစ်ရံ လူရှင်းတဲ့နေရာတွေမှာ အုပ်စုလိုက် ကလေးတွေလို

ပြေးလွှားသည့် တစ်လျှောက်လုံးလည်း သူ့မျက်ဝန်း။ သူ့ဂရုစိုက်မှု တွေထဲ နစ်မျော။

ကဲ ဆောင်းဝတ်လွှာဆိုတဲ့ မိန်းကလေးရဲ့ဘဝမှာ ဘယ်မှာလဲ စိတ်မချမ်းသာစရာ။

ဒါပေမဲ့ သုံးရက်ဆိုသော အချိန်က ကုန်လွယ်လွန်းကာ ချောင်းသာကို နှုတ်ဆက်ရတဲ့ ညချမ်းလေး ရောက်လို့လာပါသည်။

ကျော်ရဲ့စိတ်ကူးကြောင့် သူမတို့အုပ်စုက အသားကင်ကာ ဂစ်တာတီး သီချင်းဆိုသည့် နှုတ်ဆက်ပွဲလေးလုပ်ဖြစ်ကြပါသည်။

ကြက်သားရယ်၊ ငါးရယ်၊ ပုစွန်ရယ်ကို သီတံနှင့်သီကာ မီးပုံမှာကင်ပြီး ကျော်က ဂစ်တာတီးကောင်းသူမို့ အားလုံး မဆိုမနေရ သီချင်းတစ်ပုဒ်စီ ဆိုနိုင်းကာ သူက ဒိုင်ခံ ဂစ်တာတီးပေးပါသည်။

ရဲဆွေက ပထမဦးဆုံး အာဇာနည်ရဲ့ "မင်းအတွက်"သီချင်းကို ဆိုတာမို့ ထက်သန်နှင့် မိန်းကလေးအုပ်စုက အချိုရည်သောက်ရင်း ဘာသီချင်းဆိုရကောင်းမလဲ စဉ်းစားကြပါသည်။

နောက်ဆုံးတော့ ဆောင်းဝတ်လွှာက သူမ အလွန်ကြိုက်နှစ်သက်သော၊ အကြိမ်ကြိမ်အဖန်ဖန် နားထောင်ဖူးသော "အချစ်ဆိုသည်မှာ" သီချင်းကို သီဆိုဖို့ ရွေးချယ်လိုက်သည်။

သီချင်းဆိုနေတုန်းမှာ သူမရဲ့အကြည့်တွေကို မြေပြင်ပေါ်သို့သာ ပို့ထားလိုက်ပြီး သူ့မျက်ဝန်းတွေနှင့် ဆုံရမှာကို ရင်ခုန်စိုးရွံ့



နေခဲ့သည်။

ဒါပေမဲ့ သူသီချင်းဆိုတဲ့ အလှည့်မှာတော့ သူမ သူ့ဆီသို့ အကြည့်မလွှဲတမ်း ငေးကာ ချိုရှသောသူ့အသံကို ယစ်မူးစွဲလမ်းမိလေသည်။

သူဆိုတဲ့ သီချင်းကိုလည်း ကြည့်ပါဦး။

ထူးအိမ်သင်ရဲ့ "တကယ်လို့များ"တဲ့လေ။

♪ xxx တကယ်လို့များ xxx မင်းအပြုံးလေးများ xxx မရှိရင် ဘယ်ပွင့်မလဲ xxx ပန်းလေးတွေ xxx အလှကင်းတဲ့ xxx လောကအလယ် xxx ကိုယ် ဘယ်လိုနေရမယ် xxx တကယ်လို့များ xxx အိပ်မက်လေးများထဲမှာ xxx ဆုံစည်းခွင့် xxx မရှိခဲ့ရင် xxx ကိုယ်အိပ်စက်မယ့်ညတွေ xxx ဘယ်လို ကုန်ဆုံးမယ် xxx ♪

သီချင်းထဲမှာ ပျော်ဝင်နေတဲ့ သူ့ကိုကြည့်ပြီ သူမရင်ထဲမှာ သူနဲ့သာအတူတူ ကြင်နာချမ်းမြေ့တဲ့ ဘဝလေးကို တည်ဆောက်ရရင် တခြား ဘယ်လိုအရာကိုမဆို စွန့်လွှတ်ဖို့ ဝန်မလေးတော့ပါဘူးလို့ နင့်သီးစွာ တွေးနေမိပါသည်။

♪ xxx တကယ်လို့များ xxx ရက်စက်တဲ့ လောကအလယ် xxx ကြွေကျမယ့် သစ်ရွက်လို xxx ကိုယ်တမ်းတမိခဲ့ရင် xxx ဘယ်ရင်ခွင် xxx ခိုနားမလဲ xxx

တကယ်ဆို xxx တို့နှစ်ဦး xxx ဝေးလို့မဖြစ်နိုင်ဘူး

*မင်းမရှိတဲ့ကမ္ဘာ ××× စွန့်ခွာမယ်လေး ××× ဟိုအဝေး ♪*

သီချင်းဆုံးသွားတော့ လက်ခုပ်သံတွေ ထွက်ပေါ်လာပေမယ့် သူက မကြားသလို အာရုံတွေလွင့်နေသည့်ပုံစံနှင့် ငြိမ်သက်နေခဲ့ပါသည်။

အချစ်ဆိုတဲ့အရာက တခြားသူအားလုံးအတွက် လှပရင်ခုန်မှုတွေကို ပေးစွမ်းကောင်း ပေးစွမ်းနိုင်မည် ဖြစ်သော်လည်း သူမတို့နှစ်ယောက်အတွက်တော့ တွေဝေရင်မော စဉ်းစားချင့်ချိန်စရာတွေကိုပဲ ပေးခဲ့ပါသည်။

သီချင်းဆို၊ စားသောက်၊ စကားပြောလို့ ပြီးသွားတော့ ညဆယ်နာရီခွဲနေပြီဖြစ်သဖြင့် ရဲခွေက

"ကဲ မနက်ဖြန်မနက်စောစောလည်း အပြန်ခရီးစကြရမှာမို့ သည်ည တော်သင့်ပြီ အားလုံး ညဉ့်နက်ထိမနေဘဲ အိပ်ကြမယ်နော်"

လို့ လောဆော်ကာ မီးပုံပွဲကို သိမ်းလိုက်ကြပါသည်။

ရဲခွေပြောသလို အိပ်ပျော်ဖို့ ကြိုးစားပါသော်လည်း ဘယ်လိုမှ မအောင်မြင်သည့်အဆုံးမှာတော့ သူမ ဝရန်တာသို့ထွက်ကာ ဒရင်းဘတ်မှာထိုင်ရင်းနှင့် အိမ်ပြန်ရောက်ရင် သူ့အပေါ် သည်လို ခင်ခင်မင်မင်နေလို့ မရတော့မှာ၊ သူမအပေါ်လည်း သူက ပြန်စိမ်းကားသွားတော့မှာ စသဖြင့် ရှေ့ခရီးလမ်းကိုတွေးပြီး ဝမ်းနည်းဆို့နင့်လာကာ တီးတိုးငိုရှိုက်မိတော့ ခွေမာတို့က သူမအနီးသို့ ရောက်ရှိလာပါသည်။



"ဝတ်လျှာ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား။ ငါ ရဲခွေတို့ကို သွားခေါ်လိုက်ရမလား"

သူမက ခွေမာ့လက်ကိုဆွဲကာ

"မခေါ်ပါနဲ့ဟယ်၊ ငါ နေကောင်းပါတယ်၊ ငါဒိုတာ တခြားပါ"

လို့ ပြောတော့မှ လေးယောက်သား သူမနား ဝိုင်းထိုင်ကာ စိတ်မကောင်းဟန်ဖြင့် ငြိမ်သက်နေကြပါသည်။

အတန်ကြာမှ အေးဆေးသော ငွေယွန်းရဲ့ လူကြီးဆန်တဲ့ စကားသံ ထွက်ပေါ်လာပါသည်။

"သည်ခရီးမှာ နင် တစ်မျိုးဖြစ်နေတယ်ဆိုတာ တို့ရိပ်မိပါတယ် ဝတ်လျှာရယ်၊ ဘာ့ကြောင့်လဲဆိုတာလည်း အကဲခတ်မိပါတယ်၊ ဒါပေမဲ့ နင့်စိတ်ထဲမှာ တင်းကျပ်နေတာတွေရှိရင် တို့ကို ရင်ဖွင့်ပါလား ဝတ်လျှာ"

"ဟုတ်တယ် လှိုင်းဖြူတို့ကိုမှ မပြောဘူး၊ ရင်မဖွင့်ဘူးဆိုရင် နင် ဘယ်သူ့ကို ပြောမှာလဲ ဝတ်လျှာရယ်"

"ခွေမာအကဲခတ်ရသလောက် ခရီးအစမှာရော၊ နေမကောင်းဖြစ်တဲ့ အချိန်ထိရော ဝတ်လျှာ ငိုင်နေတယ်၊ နေလည်းကောင်းရော ဝတ်လျှာ အရမ်းသွက်၊ အရမ်းပျော်တဲ့ပုံမျိုး ဖြစ်နေတယ်ဆိုပေမယ့် တစ်တစ်ခါတော့ ငိုင်သေးတာပဲ၊ ခုနမီးပုံပွဲမှာအထိတော့ ဝတ်လျှာ ပျော်နေပုံပဲ၊ ဟော ခုတော့ သည်မှာ တိတ်တိတ်လေး ငိုနေပြန်ပြီ

ပြီးတော့ သည်ခန်းမှာ တို့အားလုံးကို ဂရုစိုက်တဲ့ ကိုထက်သန့်က ဝတ်လွှာ နေမကောင်းချိန်ကစလို့ သိပ်ပြီးပျာပျာသလဲ ပြုစုတာပဲ၊ ဝတ်လွှာကို အမိုက်တကြည့်ကြည့် ကြင်နာတဲ့ ကိုထက်သန့်ကြီးကလည်း တစ်ခါတလေ ငေးမှိုင်နေတာပဲ၊ ပြောပါ ဝတ်လွှာရယ်၊ အကြံဉာဏ် မပေးနိုင်ဘူးဆိုရင်တောင် ဝတ်လွှာခံစားရသမျှကို တစ်ထစ်တည်း နားလည်ပေးနိုင်တဲ့ သူငယ်ချင်းအရင်းအချာတွေပါဟယ်"

သူတို့ရဲ့ နားလည်နိုင်မှုကြောင့် ဝတ်လွှာ ခေါင်းညိတ်ကာ ရင်ထဲက အကြောင်းအရာတွေကို ဟိုးအစမှသည် အဆုံး မနားတမ်း ရင်ဖွင့်မိပါသည်။

"ဪ ဖြစ်တတ်တဲ့သဘာဝက တို့သူငယ်ချင်းနဲ့မှ လာခက်ခဲနေပါလားကွယ်"

"ဝတ်လွှာက ဂုဏ်တွေ ငွေတွေ မက်လို့မဟုတ်ဘဲ စဉ်းစားဆင်ခြင်မှု၊ မိဘကို ငဲ့ညှာမှုတွေကြောင့် သည်လိုတွေ ခံစားနေရတယ်ဆိုတာ တို့နားလည်ပါတယ်၊ ဟုတ်ပါတယ်လေ သည်ကိစ္စမျိုးက ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာဆိုရင်တော့ လွယ်ကူမြန်ဆန်လိုက်မယ့် ဖြစ်ခြင်း။ ဒါပေမဲ့ တကယ့်ဘဝမှာတော့ ကွာခြားမှုဆိုတာတွေက သိပ်စကားပြောတယ်နော်"

"ဒါပေမဲ့ဟယ် ကိုထက်သန့်က မချမ်းသာတာကလွဲရင် အပြစ်ဆိုစရာ မရှိဘူးပါ။ ပြီးတော့ သူ့မှာ အရည်အချင်းတွေအများကြီး



ရှိတယ်၊ သည်လိုလူမျိုးက ဘယ်တော့မှ ရှည်ရှည်ကြာကြာ မဆင်းရဲဘူး"

"ဟုတ်တယ်ဟာ၊ ပညာတမ်း ဝေဖန်ရရင် ချမ်းချမ်းသာသာ ကြီးပြင်းခဲ့ရတဲ့ ကျော်တို့ ရဲဆွေတို့နဲ့ ယှဉ်ရင်တောင် ကိုထက်သန့်က မနိမ့်ကျဘူးနော်၊ personality ဆိုရင်လည်း တန်းတူပဲ၊ **ability** မှာဆိုရင်လည်း ကိုထက်သန့်ကတောင် သာဦးမယ်"

သူငယ်ချင်းတွေရဲ့ စကားကြောင့် သူမလည်း ဆွေးမြည့်သံနှင့် ခံစားမိသမျှကို ပြောပြရပြန်ပါသည်။

"သူ့ကို ငါချစ်မိတာဟာ နီးစပ်မှုကြောင့်၊ ရင်ခုန်ခံစားမှု သက်သက်ကြောင့် မဟုတ်ပါဘူးဟယ်၊ သူ့မှာရှိတဲ့ လေးစားချင်စရာကောင်းတဲ့ အရည်အချင်းတွေကို အံ့ဩနှစ်သက်ရင်းကမှ အချစ်ဆိုတာ ဖြစ်ပေါ်လာတာပါ၊ သူ လူညံ့တစ်ယောက် မဟုတ်ဘူးဆိုတာလည်း မာမီနဲ့ဒယ်ဒီ သိသင့်သလောက် သိပါတယ်၊ ဒါပေမဲ့ ငါနဲ့ ဘယ်လိုတော့ သဘောတူနိုင်မလဲဟယ်၊

သိပ်အကင်းပါးတဲ့မာမီက ငါ့ကို ရွယ်တူယောကျ်ားလေးတစ်ယောက်နဲ့ ခရီးတစ်ခုလွှတ်တယ်ဆိုကတည်းက သူ့ကိုရော ငါ့ကိုပါ ယုံကြည်စိတ်ချလို့ဆိုတာ တို့နှစ်ယောက်လုံး သိပါတယ်၊ သိလို့လည်း လူကြီးတွေကွယ်ရာဆိုပေမယ့် လူကြီးတွေရှေ့မှာလိုပဲ စောင့်ထိန်းခဲ့ကြတာ နင်တို့အသိပါ၊ ဒါပေမဲ့ လူကြီးတွေရဲ့ယုံကြည်စိတ်ချမှုတွေ

ကြောင့် ငါတို့နှလုံးသားတွေ အရမ်းပင်ပန်းနေပြီဟာ၊ ငါ ဘာ့လို့ သည့်လောက် ကံဆိုးရတာလဲလို့ တွေးမိတဲ့ အကြိမ်ပေါင်းလည်း နည်းတော့ပါဘူးဟာ''

ပြောရင်းမှ မျက်ရည်ကျလာသဖြင့် သူငယ်ချင်းတွေက သူမကို မျက်ရည်ဝိုင်းသုတ်ပေးကြပါသည်။

"မငိုပါနဲ့ဟာ၊ ကံဆိုးတယ်လို့တော့လည်း ပြောလို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နင်ချစ်တဲ့သူက ဖွင့်မပြောပေမယ့် နင့်ကိုတုန် နေအောင်ချစ်တာ တို့မျက်မြင်ပဲဟာ''

"ဟုတ်ပါတယ်ဟာ၊ ဘဝအခြေအနေကွာတာတို့, လူကြီး တွေရဲ့သဘောထားတို့က အချိန်ကြောင့်ပဲဖြစ်ဖြစ်, အကြောင်းအရာ ကြောင့်ပဲဖြစ်ဖြစ် ပြောင်းလဲနိုင်ပါတယ်ဟာ''

"ဝတ်လွှာရယ် နင်က မိဘကို အလေးထားတဲ့သူပဲ၊ သည့် အတွက် နင် ကြာရှည် စိတ်မဆင်းရဲရပါဘူးဟာ၊ ငါယုံကြည်တယ် သိလား။ နင်နဲ့ ကိုထက်သန့်ကြီး လုံးဝကို ပေါင်းရမှာ''

"ငါ တစ်ခုပြောချင်တယ်ဟာ၊ တို့ကျောင်းတက်တုန်းက ဆွေမာက ဝတ်လွှာကို ကိုထက်သန့်နဲ့ စတယ်လေ၊ အဲသည့်တုန်းက ခုလို သိကျွမ်းခင်မင်ဖို့ နေနေသာသာ လုံးဝတောင် မမြင်မတွေ့ဖူးသေး ဘူး။ အဲ့ကြောင့် ငါက ယောက်ျားသဘောထားနဲ့ ငါ့သူငယ်ချင်းကို စာလိုနဲ့သဘောမတူဘူးလို့ ဝင်ပြောခဲ့တယ်လေ၊ ငါ အခု အဲသည့်



စကားကို ရုပ်သိမ်းပါတယ်ဟာ၊ ကိုထက်သန့်ဟာ မိန်းကလေးတစ် ယောက် အားကိုးလေးစားလောက်တဲ့ ယောကျ်ားကောင်းတစ်ယောက် ဆိုတာ သေချာလို့ ဝတ်လွှာနဲ့ ငါ သဘောတူတယ်၊

ဒါဟာ ဝတ်လွှာကိုမြှောက်ပေးတာ မဟုတ်ဘူးနော်၊ နင်တို့ နှစ်ယောက် ခုလို နေတာထိုင်တာ ငါလေးစားတယ်၊ မိဘတွေကို ထည့်တွက်တာလည်း သိပ်မှန်ပါတယ်၊ မေတ္တာစစ်မေတ္တာမှန်ရင် ပေါင်းဆုံကြရမှာပါဟာ၊ လူဆိုတာ ကံရဲ့စီမံရာကို နာခံကြရတာ ဆိုပေ မယ့် တစ်ခါတလေ ကံတရားက မျက်လှည့်ပြပြီး လူတွေကို အံ့ဩစေ တတ်တယ် မဟုတ်လား။

နင်တို့နှစ်ယောက်အတွက် လှပတဲ့အဆုံးသတ်လေးတစ်ခုကို ကံတရားက တစ်ချိန်မှာ စီမံပေးမယ်လို့ တို့အားလုံး မျှော်လင့်ပါတယ်။ ကဲ အားလုံးအိပ်ကြရအောင်ဟာ၊ မနက်ကျရင် စောစောထရမှာဆို တော့ ခေါင်းတွေဘာတွေ မူးမှာစိုးရတယ်၊ တို့တွေရဲ့ ပျော်ရွှင်စရာ ကောင်းတဲ့ ခရီးစဉ်လေးကို ပြန်စဉ်စားပြီး တို့အိပ်ရာဝင်ကြတာပေါ့''

ရှည်လျားလေးနက်တဲ့ ငွေယွန်းရဲ့ စကားသံအဆုံးမှာတော့ သူမတို့ အိပ်ရာဝင်ခဲ့ကြပါသည်။

သူမကတော့ အိပ်ရာဘေး ပြတင်းပေါက်ကနေ လှမ်းမြင်နေ ရတဲ့ ငွေလမင်းကို ငေးမောပြီး ဟိုးတုန်းကတည်းက နှစ်သက်ခဲ့တာ ဖြစ်ပေမယ့် သည်နေ့မှ အရှုံးအမူးပိုနှစ်ခြိုက်သွားရတဲ့ ''တကယ်လို့

များ" ဆိုတဲ့ သီချင်းသံလေးကို နားထဲမှာကြားယောင်နေမိရင်း အိပ်ပျော်သွားခဲ့ပါသည်။

❀ ❀ ❀ ❀ ❀

## အခန်း (၁၅)

ချောင်းသာမှပြန်လာပြီး အိမ်ပြန်ရောက်တော့ အရင်လိုပဲ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းတောင် ဆုံခဲလှပါသည်။

တစ်ပတ် လောက်ကြာတော့ ရဲဆွေက သင်တန်းမှာ အောင်လက်မှတ်တွေ ထုတ်လို့ရပြီလို့ လှမ်းသတင်းပေးတာကြောင့် အားလုံးစုပြီး သင်တန်းသို့ သွားကြရန် တိုင်ပင်ပါသည်။

ထုံးစံအတိုင်း ထက်သန့်တစ်ယောက်က သူအလုပ်များနေသဖြင့် အောင်လက်မှတ်လေးယူလာပေးဖို့ အားလုံးကို အကူအညီတောင်းကာ သင်တန်းသို့ မလိုက်ခဲ့တော့ပါ။

သင်တန်းမှာ လူငါးဆယ်လောက် တက်ရောက်ခဲ့ပေမယ့် စာမေးပွဲအောင်မြင်ကာ အောင်လက်မှတ်ရတာက လူနှစ်ဆယ်ဝန်းကျင်လောက်ပဲ ရှိပါသည်။

ကံကောင်းထောက်မစွာ သူမတို့တစ်အုပ်စုလုံး အောင်မြင်ခဲ့သည့်အပြင် ထက်သန်က ပထမ၊ ငွေယွန်းက တတိယရတာမို့ တစ်အုပ်စုလုံး ပျော်မဆုံးဖြစ်နေပါသည်။

ဆောင်းဝတ်လွှာသည် သူမအောင်လက်မှတ်မှာ Normal Pass (ရိုးရိုးသာအောင်သည်) လို့ မှတ်ချက်ရေးထားတာကို ဘယ်လိုမှ မခံစားရဘဲ ထက်သန်ရဲ့ အောင်လက်မှတ်က First (ပထမ) ဆိုတဲ့ ဝိုဝိုကြွားကြွားစာလုံးတွေကိုသာ ငေးမောမဆုံး ဖြစ်နေပါသည်။

သူ့အတွက် ဝမ်းသာရလွန်းသဖြင့် သင်တန်းက ဆရာ၊ ဆရာမတွေက ပထမရတဲ့သူကို လွှတ်ပြီး ဘယ်သင်တန်းထပ်တက်မလဲ၊ လာ Choice လုပ်ပါ၊ သင်တန်း Free တက်လို့ရသည်လို့ ရှင်းပြနေတာကိုပင် မကြားတချက် ကြားတစ်ချက်နှင့် ရင်ထဲမှာ တုန်ယင်နေပါသည်။

အပြန်ကျတော့ တစ်အုပ်စုလုံး ဝတ်လွှာတို့အိမ်ပြန်ပါလာကာ ထက်သန်ကို ဝိုင်းဂုဏ်ပြုကြပါသည်။

"ကိုထက် အရမ်းတော်တယ်ဗျာ၊ Congratulation ပဲ"

"ကိုထက်သန်ကြီး ဆွေမာတို့ကို မုန့်ကျွေးရမယ်နော်"

သူကတော့ ပျော်လင့်ထားပုံပါပင်။ အံ့ဩဟန်မရှိဘဲ ဝမ်းသာဟန်ပဲရှိကာ

"အားလုံး ဘယ်မှာစားချင်လဲ၊ ဘယ်တော့စားချင်လဲ၊ ကျွေးပါ့မယ်ဗျာ"

လို့ ပြောရှာပါသည်။ အားလုံးရဲ့နောက်နားမှာ ခပ်ကွယ်ကွယ်လေးရပ်နေသည့် ဝတ်လွှာဆီ သူ့အကြည့်တစ်ချက် ရောက်လာပြီး

"ကျွန်တော်တို့အုပ်စုအားလုံး အောင်တယ်မဟုတ်လား"

လို့ အလောတကြီး မေးပါသည်။ ကျော်က

"အောင်တာပေါ့ ကိုထက်ရ၊ တစ်ယောက်မှ မကျဘူး"

ဆိုတော့မှ သူ စိတ်ဖြောင့်သွားပါသည်။

သူမကမ်းပေးတဲ့အောင်လက်မှတ်ကို လှမ်းယူတော့ သူ့ဆီက နေ "ကျေးဇူးပဲ ဝတ်လွှာ"လို့ ထွက်ပေါ်လာတဲ့ စကားသံက တိုးတိမ်လှတာမို့ သူမက ပြုံးကာ ခေါင်းတစ်ချက်ဆတ်ပြလိုက်ပါသည်။

ဝမ်းသာရင်ခုန်ရလွန်းလို့ သူမလက်ဖျားလေးတွေ တုန်နေတာကို သူမြင်မှာ မရှက်တော့ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူ့လက်ဖျားလေးတွေ မသိမသာ တုန်နေတာကိုလည်း အောင်လက်မှတ်ယူဖို့ သူ လက်ကမ်းလာတုန်းမှာ သူမ တွေ့လိုက်ရလို့ပင်။

သူမက သင်တန်းမှာ ထက်သန် ပထမရသည့်အကြောင်း မာမီ့ကိုပြောပြတော့ မာမီက အံ့ဩနေပါသည်။

"ကောင်လေးက တော်သားပဲ၊ သူကြိုးစားတာကိုတော့ မာမီသိပါတယ်၊ ဒါပေမဲ့ ဒီသည်လောက်ဉာဏ်ရည်ထက်လိမ့်မယ်လို့တော့ မာမီ ထင်မထားဘူး။ ကြည့်စမ်း ဗီးငယ်တို့ ကျော်တို့ ရဲဆွေတို့

တောင် နိုးနိုးအောင်တဲ့စာမေးပွဲကို သူက ပထမရသတဲ့လား။ သူ့အဖေကတော့ သိပ်မထက်ဘဲ ရိုးအေးသလောက် ကောင်လေးက Sharp ဖြစ်သားပဲ၊ အင်း ဒါဆို မာမီသူ့ကို ကိုမောင်နဲ့တွဲပြီး ခိုင်းကြည့်ရင် မကောင်းဘူးလားသမီး။ စိတ်ချ ယုံကြည်ရတယ် အကွက်မြင် သွက်လက်တယ်ဆို မာမ့်အတွက်ပဲဖြစ်ဖြစ်, ဒယ်ဒီ့အတွက်ပဲဖြစ်ဖြစ် အကူရတာပေါ့။ မာလီခြံစောင့်အလုပ်ကတော့ သူ့အဖေတစ်ယောက်တည်းနဲ့လည်း ဖြစ်ပါတယ် နော့''

''ကောင်းပါတယ် မာမီ၊ မာမ့် အစီအစဉ်ကောင်းပါတယ်''

ဘာပဲဖြစ်ဖြစ် လက်ရှိအလုပ်ထက်စာရင် မာမ့် PA ဖြစ်ဖြစ်၊ ဒယ်ဒီ့ အကူဖြစ်ဖြစ် လုပ်ရတာ သူ့အတွက် အများကြီးကောင်းမှာပါ။ အသိုင်းအဝိုင်း ကျယ်ပြန့်မယ်၊ လူအထင်သေးလို့ မရတဲ့နေရာ တစ်နေရာရမယ်။ အဓိကအချက်က အနီးကပ်လုပ်ကြည့်ရင် သူ့အရည်အချင်းကို မာမီနဲ့ ဒယ်ဒီပိုသိစေချင်တာပါပဲ။

''အင်း ဒါဆို ကိုမောင်နားတဲ့ရက်တို့ နေမကောင်းဖြစ်တာတို့ကျရင် မာမီ သူ့ကိုခေါ်ခေါ်သုံးပြီး လိုအပ်တာလေးတွေ သင်ထားပြထားကြည့်လိုက်ဦးမယ်''



အဲသည့်နောက်ပိုင်းမှာတော့ မာမီက သူ့ကို အမြဲတမ်း သွားလာတတ်သည့်နေရာတွေ၊ ဖောက်သည်တွေ၊ အသိမိတ်ဆွေတွေရဲ့ အိမ်တွေ ဖုန်းလှမ်းဆက်ကာ ''မောင်ထက်သန် ဘယ်ကိုလာပါဦး။ မောင်ထက်သန် ဘယ်နေရာမှာ ဘာပစ္စည်းလေး သွားယူပေးပါဦး'' စသဖြင့် ပြောတတ်ပါသည်။

သူကလည်း မာမီခိုင်းပြီးတာနဲ့ အဝတ်အစားလဲကာ Datsun အဖြူလေးမောင်းပြီး ချက်ချင်း ထွက်သွားတတ်ပါသည်။

သူ မာမီခိုင်းတာမှန်သမျှကို အေးအေးဆေးဆေးလေးနဲ့ မာမီစိတ်ကျေနပ်အောင် လုပ်ပေးနိုင်တာသိလျက်နှင့်ပင် သူမက ''အဆင်ပြေပါစေ မာမီ သူ့လုပ်ရည်ကိုင်ရည်ကို သဘောကျနှစ်သက်ပါစေ'' စသဖြင့် ကလေးတစ်ယောက်လို ရင်ထဲမှာ တစာစာ ဆုတောင်းနေတတ်ပါသည်။

ထူးခြားတဲ့ အပြောင်းအလဲတစ်ခုကို ကြုံရမည့်ရက်မှာတော့ မာမီက သူ့ကို ထုံးစံအတိုင်း ဖုန်းလှမ်းဆက်ကာ မြေနီကုန်းဘက်ကို ခိုင်းပါသည်။

သူမကလည်း Second Year အတွက် ကျောင်းအပ်လက်ခံပြီမို့ သူငယ်ချင်းတွေနဲ့ ကျောင်းသွားအပ်ကာ အပြန် ဗိုလ်ချုပ်ဈေးမှာရှိတဲ့ မာမ့်ဆိုင်ကိုဝင်ပြီး မုန့်ဖိုးတောင်းကာ ဗိုလ်ချုပ်ဈေးကို မွှေလိုက်ဦး

မယ်တွေးပြီး မာမို့ဆိုင်ကို ဝင်လိုက်ပါသည်။

မာမီက သူမ,တောင်းတဲ့ မုန့်ဖိုးကိုပေးအပြီးမှာပဲ မာမို့ဆီ ဖုန်းဝင်လာပါသည်။

"ဟော မောင်ထက်သန့်လား ပြော"

"----"

"ဩော် ရတယ်၊ ခဏစောင့်ယူပြီးရင် ဆိုင်ကိုလာမပေးနဲ့တော့၊ အိမ်ပဲပြန်ပြီး မပြုံးကို ပေးထားလိုက်"

"----"

"ရတယ် ရတယ်၊ အဲသည့်ပစ္စည်းလေးတွေ Dagon Centre မှာ ဝင်ဝယ်ဖို့ မမေ့နဲ့ဦးနော်၊ ဟုတ်ပြီ ဟုတ်ပြီ၊ ဒါပဲနော်"

မာမီက ဖုန်းပိတ်ပြီးတာနဲ့သူမကို ပြောလက်စ စကားဆက်ပါသည်။

"ကျောင်းအပ်ရတာ အဆင်ပြေတယ်မဟုတ်လား သမီး"

"ဟုတ် ပြေတယ် မာမီ၊ မာမီ မီးငယ်ပြန်တော့မယ်၊ ဘာမှာဦးမလဲ"

"မမှာတော့ပါဘူးကွယ်၊ တာ့တာ"

"တာ့တာ ဘိုင်"

မာမို့ကို နှုတ်ဆက်ပြီးတာနဲ့ သူမကားလေး Dagon Centre ကို ဦးတည်နေခဲ့ပါသည်။



ဗိုလ်ချုပ်ဈေးကို မွှေမယ့် အစီအစဉ်ကနေ Dagon Cen
tre ဆီသို့ ဦးတည်ချက်ပြောင်းသွားခဲ့တာ သူ့ကြောင့်ကလွဲပြီး ဘယ်
သူ့ကြောင့် ဖြစ်မှာတုန်း နော်။

သူနဲ့ တွေ့ကိုတွေ့ရမယ်လို့ တစ်ထစ်ချ မှန်းပြီးလာခဲ့တာ
မဟုတ်ပေမယ့် သူ့ကို မာမီက ပစ္စည်းဝယ်ခိုင်းထားတော့ သူမလည်း
Shopping ထွက်ရင်းနဲ့ တွေ့လိုတွေ့ငြားပေါ့လေ။

ဒါပေမဲ့ Dagon Centre မရောက်ခင်လေးမှာ သူ့ကား
ရပ်လျက်သားတွေ့လိုက်ရတော့ သူ့ကားများ ဘာဖြစ်လို့ပါလိမ့်
သူမ ပူသွားမိသည်။ ဩော် လက်စသတ်တော့ သူက အသိတွေ့
တာကိုး။ ကားဘေးနားမှာ သူက ကောင်မလေးတစ်ယောက်နှ
ရပ်ပြီးစကားပြောနေတာ သူ့မျက်နှာက ချိုရွှင်လွန်းနေသလိုပင်။

သူမ ကားကိုရပ်လိုက်ပြီး သူ့ကိုစောင့်ကြည့်နေတုန်းမှာပ
သူနှင့်ကောင်မလေးက ကော်ဖီဆိုင်တစ်ခုထဲကို ဝင်သွားပါသည်
သို့သော် လမ်းမဘက် မျက်နှာမူထားသည့် ကော်ဖီဆိုင်က မှန်အကြည်
များကာရံထားတာကြောင့် သူတို့နှစ်ယောက်ကို သူမ ကားပေါ်က
သဲသဲကွဲကွဲ မြင်နေရပါသည်။

သူက အကြောင်းအရာတစ်ခုကို အလေးအနက်ပြောနေ
ပြီး ကောင်မလေးကလည်း ထောက်ခံနေပုံပင်။ ချည်သားရင်ဖုံးအက
ခါးတို အပွ အဖြူရောင်နှင့် ပါတိတ်လုံချည် အဝါနုနုလေးဝတ်ထား

ဆံပင်အရှည်ကြီးကို ကျစ်ဆံမြီးကျစ်ထားသည့် နုယဉ်လှပလွန်းသော ကောင်မလေးက နယ်ကလာသည့် ပုံစံမှန်းသိသာပေမယ့် မျက်နှာလေးက ကျက်သရေရှိလွန်းကာ ကိုယ်လုံးကိုယ်ပေါက်လေးကလည်း လှမည့်ပုံပေါက်လေသည်။

သူကြိုက်တာ အဲသည့်လို မဟာဆန်တဲ့ ပုံစံလေးလား။ သူမက သူမ,ဝတ်ထားသည့် ကိုယ်ကျပ်ဂါဝန်အဖြူလေးကို ပြန်ငုံ့ကြည့်မိပြီး လေဒီရှူးအနက်လေးကိုရော၊ Fancy ဆွဲကြိုးခပ်ရှုပ်ရှုပ်တွေကိုရော၊ ပလက်တီနမ် နားကွင်းကိုရော ဆွဲဖြုတ်ချင်စိတ်ပေါက်ကာ ငိုမဲ့မဲ့ ဖြစ်လာပါသည်။

သူတို့နှစ်ယောက်ဆီ ပြန်ကြည့်လိုက်တော့ တစ်ခုခုကို သဘောကျသွားသည့်ပုံဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးတူရယ်မောနေကြသဖြင့် သူမ သူ့ကိုမနာကြည်းစေချင်၊ အတော်နာကြည်းမိကာ ကားကို တစ်ရှိန်ထိုး မောင်းထွက်ခဲ့လိုက်ပါသည်။

သူမကတော့ သူ့အတွက်နဲ့ နေ့နေ့ညည ခံစားလိုက်ရတာ၊ သူကတော့ သူကတော့ . . .။ ဝေ့သီလာသည့် မျက်ရည်တို့ကြောင့် မြင်ကွင်းက ဝေဝါးနေသဖြင့် မျက်ရည်တွေကို ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်ပါသည်။

❀ ❀ ✿ ❀ ❀

## အခန်း (၁၅)

"ဟင်၊ မြနု၊ မြနု မဟုတ်လား"

"ဟယ် ကိုထက်သန့်ကြီးပါလား"

"အေး နင်ဘယ်လာတာလဲ"

"ညကျရင် ရွှေတိဂုံဘုရားဖူးမလို့ သည်ဈေးမှာ ပန်းလာဝယ်တာတော့၊ ကြီးတော်ဆီ မြနု အလည်ရောက်နေတာ သုံးရက်ရှိပြီ ကြီးတော်က ဟိုနားက တိုက်ခန်းမှာနေတာလေ"

"သြော်၊ မြနုမိဘတွေရော နေကောင်းကြလား"

"နေကောင်းတယ်၊ ဦးလေးသိန်းရော နေကောင်းလား ကိုထက်သန့်ကြီးကရော ဘယ်လာတာလဲ"

"ဖေဖေလည်း ကျန်းမာပါတယ်၊ ငါ သည်မှာ ပစ္စည်းလေး တစ်ခု သူများခိုင်းလို့ လာဝယ်ပေးတာ၊ လာဟာ တို့ ဟိုဆိုင်မှာ

ဆိုင်ပြီးစကားပြောကြရအောင်"

သူ ကားကိုသော့ခတ်ပြီး မြနုနှင့် ကော်ဖီဆိုင်ထဲသို့ ဝင်ခဲ့ပါ
သည်။

"ငါ နင့်ကို အေးအေးဆေးဆေး စကားပြောချင်တာ ကြာ
လှပါပြီဟာ၊ ရွာမှာဆို သူများတွေက တစ်မျိုးထင်မှာစိုးတာနဲ့ ငါမပြော
ခဲ့တာ"

"ဘာများတုံးတော့"

"ဩော် ငါ ဆယ်တန်းအောင်တဲ့နှစ်က လူကြီးတွေစကား
တန်းလှန်းတော့ ငါက သဘောမတူနိုင်တဲ့အကြောင်းကို စိတ်လိုက်မာန်
ပါ ပြောမိတယ်၊ အဲသည့်တုန်းကလည်း ကလေးစိတ်ပဲရှိသေးတော့
ဘာ၊ အမှန်ဆို အေးအေးဆေးဆေး အလိမ္မာနဲ့ ငြင်းရင်လည်း ရတာ
ပဲလေ၊ ငြင်းပြီးတော့မှ ငါ့စကားက နင့်ကို ထိခိုက်မလားတွေးပြီး
ငါ နင့်ကိုတောင်းပန်ချင်နေခဲ့တာ၊ ခုမှပဲ တောင်းပန်ခွင့်ကြုံတော့တယ်"

"အမယ်လေးတော်၊ မြနုက ဘာများလဲလို့ ရပါတယ်တော်၊
တောင်းပန်စရာ မလိုပါဘူး။ မြနုလည်း အဲသည့်တုန်းက ကစားချင်
စိတ်တောင် မကုန်သေးတဲ့ ကလေးအရွယ်ဆိုတော့ အစ်မနဲ့အဘကို
သာ ကြောက်လို့ငြိမ်နေရတာ၊ ယောကျ်ားလုံးဝကို မယူချင်ဘူး။ ကို
ထက်သန့်ငြင်းလိုက်တယ်ဆိုတော့ မြနုပျော်တာ အရမ်း"

"အေးပါဟာ၊ သည့်လိုဆိုရင် ပြီးတာပါပဲ၊ ဒါဆို နင်က



အပျိုကြီးလုပ်ဖို့ စိတ်ကူးနေတာလား"

"မလုပ်ပေါင်တော်၊ အရိုးမြသား ကိုဖိုးဇော်နဲ့ သည်ဝါဝင်ရင် လက်ထပ်မှာတော့"

"အောင်မလေး၊ ဖြည်းဖြည်းငြင်းပါ မြနုရယ်၊ အပျိုကြီးလုပ်ရမှာကြောက်လို့ ငြင်းတာများ ငါတောင် လန့်တယ်"

"ကိုထက်သန့်ကြီးနော်"

သူရော မြနုပါ အားရပါးရ ရယ်မောမိကြပါတော့သည်။

"ကဲ သွားကြရအောင်၊ နင် မင်္ဂလာဆောင်ရင် ငါ ရွာပြန်ပြီး လက်ဖွဲ့လာပေးဦးမယ်"

"လူလာရင် ရပါပြီတော်၊ လက်ဖွဲ့မလိုပါဘူး"

"နင့်ကို လိုက်ပို့ရဦးမလား မြနု"

"ရတယ်၊ ဈေးဝယ်ရဦးမှာ၊ အိမ်က သည်နားတင်၊ သွား သွား၊ ကိုထက်သန့်ကြီး နောက်ကျနေဦးမယ်"

သူ Dagon centre ထဲဝင် ဒေါ်မိမိကိုမှာတဲ့ ပစ္စည်းဝယ်ပြီး အိမ်ပြန်ခဲ့ချိန်အထိ သူ ရင်နာကြေကွဲရမယ့် ကိစ္စတစ်ခုက ဆီးကြိုနေလိမ့်မယ်လို့ တွေးမထားခဲ့ပါ။

လမ်းမပေါ်ကနေ သူတို့လမ်းထဲသို့ ချိုးဝင်ရမည့်ကွေ့လေးမှာ လူတွေစုအုံနေတာ တွေ့ရတော့ "ဘာများဖြစ်လဲ" လို့ တွေးမိပေမယ့် ကားပေါ်ကဆင်းဖို့တော့ စိတ်ကူးမရှိဘဲ လူအုပ်ကို ကွေ့ရှောင်မောင်း

ရင်း တစ်ချက်ကြည့်လိုက်တော့ ဝတ်လှာရဲ့ ခဲရောင်ဆလွန်းကားလေးကို အတွေ့မှာ သူ့ရင်ထဲ ဒုန်းခနဲမြည်ပြီး ပြောမပြတတ်အောင် စိုးရိမ်သွားပါသည်။

ကားပေါ်က အမြန်ဆင်းကာ လူအုပ်ကြားမှတိုးကျော်ပြီး ရှေ့ရောက်အောင်သွားတော့မှ ခဲရောင် Saloon နှင့် အနီရောင် မာ့ခ်တူးကားက ခေါင်းချင်းဆောင့်ထားပုံနှင့် ကားနှစ်စီးလုံးရဲ့ ခေါင်းချင်းက မျက်နှာချင်းဆိုင် ထိစပ်ပိန်ရှုံ့နေပါသည်။

တစ်ဖက်ကားကို ကြည့်ဖို့တောင် သတိမရအားဘဲ စိုးရိမ်မှုဇောအဟုန်ဖြင့် saloon ကားခေါင်းခန်းကို ဖွင့်ဝင်လိုက်တော့ ဝတ်လှာတစ်ယောက် ကားဒတ်ရှ်ဘုတ်ပေါ် မျက်နှာတစောင်းတင်လျက်သားလေးနှင့် သတိမေ့နေကာ နဖူးနှင့် နားထင်မှာလည်း သွေးအနည်းငယ်စီးကြောကျနေတာကို တွေ့လိုက်ရတော့ သူ့ အမြန်ပွေ့ကာ ကိုယ်ကိုလှုပ်ခါခေါ်ပေမယ့် သတိရမလာခဲ့ပါ။

သည်အချိန်မှာပဲ တစ်ဖက်ကားပေါ်မှာ အသက်လေးဆယ်လောက်ရှိမည့် လူတစ်ယောက် ခပ်ယိုင်ယိုင်ဆင်းလာပါသည်။ထို့နောက် ကားပြတင်းပေါက်မှတစ်ဆင့် ကိုယ်ကိုကိုင်းပြီး ငုံ့ကြည့်ကာ ထူပူပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတဲ့သူ့ကို စကားပြောလာပါသည်။

"ကိုယ် ကွေ့ဖို့ဟွန်းတီးနေတာကို သူမကြားဘဲ ကိုယ်ကားဆီ ခေါင်းတိုးဝင်လာတာကွ၊ အကွေ့မို့ နှစ်စီးစလုံး အရှိန်လျှော့ထားကြလို့ သည်လောက်ပဲဖြစ်တာ၊ ကိုယ် ခေါင်းတော်တော်မူးသွားတယ်၊ သူ့ကို အမြန်စစ်ဆေးကြည့်မှ၊ သူ့အိမ်ကို အမြန်သွားကြရအောင် ကိုယ် စစ်ဆေးကြည့်ချင်ပြီ၊ ကိုယ် ဆရာဝန်တစ်ယောက်ပါ"

"ဪ ဟုတ်ကဲ့ဒေါက်တာ၊ ကျွန်တော့်ကားပေါ် ကြွပါခင်ဗျာ"

သူမကို ပွေ့ချီပြီး သူ့ကားခေါင်းခန်းကို မှီလျက်သားတင်ကာ ကားမောင်းထွက်လိုက်ရင်း သဘောကောင်းရည်မွန်သော ဆရာဝန်ကို အမောတကော မေးရပါသည်။

"ဒေါက်တာ သူ့အခြေအနေ မစိုးရိမ်ရပါဘူးနော်"

"မစိုးရိမ်ရလောက်ပါဘူး။ နဖူးက ကားဒတ်ရှ်ဘုတ်နဲ့ ဆောင့်မိလို့ ကွဲသွားတာဖြစ်မယ်၊ သူ လန့်ပြီး ရှော့ခ်ဖြစ်သွားတာလို့တော့ ထင်တယ်၊ ဒါပေမဲ့ သေချာအောင် မြန်မြန်စမ်းသပ်ကြည့်တာ ကောင်းတာပေါ့"

"ဟုတ်ကဲ့ ဒေါက်တာ၊ ရောက်ပါပြီ၊ ရှေ့ကခြံပဲ"

သူမကိုပွေ့ချီပြီး ကားပေါ်ကဆင်းလာတာနဲ့ ဒေါ်ပြုံးက စိုးရိမ်တကြီး အနားရောက်လာတာမို့ သူမအခန်းဆီ သွားနေရင်းမှ အတိုချုပ် ရှင်းပြရပါသည်။

"အောင်မယ်လေး ကျေးဇူးတင်လိုက်တာ ဒေါက်တာရယ်၊ ကျွန်မ သူ့အမေဆီ ဖုန်းဆက်လိုက်ဦးမယ်"

"ကျွန်တော်က သည်လမ်းထဲက မိတ်ဆွေကို ဆေးလာကုပေးတာဆိုတော့ ဆေးအိတ်ပါ ပါလာတော့ သူကံကောင်းတာပဲ"

ဒေါက်တာက သူမကို စမ်းသပ်ကြည့်ရှုပြီး နဖူးက ဒဏ်ရာကို ဆေးကြော၊ ဆေးထည့်၊ ပတ်တီးစီးကာ ဆေးတစ်လုံးထိုးပြီး သောက်ဆေးတွေ ပေးကာ စိတ်ချသွားသလိုပြောပါသည်။

"Ok မစိုးရိမ်ရပါဘူး။ ကိုယ်ထင်တဲ့အတိုင်းပဲ နဖူးက ဒဏ်ရာကြောင့်ရယ်, ထိတ်လန့်သွားတာကြောင့်ရယ် သူ သတိမေ့သွားတာပါ"

ထိုအချိန်မှာပဲ ဒေါ်မိမိကို အပြေးအလွှားရောက်ချလာသဖြင့် သူက ဆီးကြိုပြီး အခြေအနေအရပ်ရပ်ကို ရှင်းပြရပါသည်။

မစိုးရိမ်ရဘူးဆိုတာ သိတော့မှ သူမလည်း ရင်ဘတ်ဖိကာ စကားပြောနိုင်ပါသည်။

"ကျေးဇူးတင်လိုက်တာ ဒေါက်တာရယ်၊ မောင်ထက်သန့်ကိုလည်း ကျေးဇူးတင်တယ်၊ ခုကိစ္စမှာ သမီးလေးက မှားတယ်ဆိုတော့ ဆရာကားကိုလည်း ကျွန်မတို့ပဲ တာဝန်ယူပြင်ပေးပါရစေရှင်၊ သမီးလေး နေကောင်းသွားရင်လည်း ဆရာ့ကို ကန်တော့ပါရစေ"

"ရပါတယ်ဗျာ၊ Accident ဆိုတာ ဖြစ်တတ်ပါတယ်၊ ဒါပေမဲ့ သူ့ကို သတိထားနိုင်းပါဗျာ၊ နောက်နောင်ကိုပေါ့၊ ကျွန်တော် ဟွန်းတီးနေတာကို သူ မကြားစရာမရှိဘူး၊ ဒါပေမဲ့ သူ့အာရုံက တစ်နေရာရာ



ရောက်နေပုံရတယ်၊ ကျွန်တော့်ကားကို လုံးဝမမြင်တဲ့ပုံမျိုး ဝင်တိုးလာတယ်၊ ဒါပေမဲ့ သူ့ရော, ကျွန်တော်ရော အကျွေ့ဆိုပြီး ကားရှိန်လျှော့ထားကြလို့ သည်လောက်ပဲဖြစ်တာ၊ ကားမောင်းရင်း စိတ်နဲ့ကိုယ်နဲ့ မကပ်တာမျိုးက အန္တရာယ်သိပ်ကြီးပါတယ်"

"ဟုတ်ကဲ့ပါဆရာ၊ သမီးလေးမှားတာကို ကျေအေးပေးတဲ့အပြင် ခုလို ဆေးပါကုပေးတာ အရမ်းကိုကျေးဇူးတင်ပါတယ်ဆရာ၊ ဆရာ့လိပ်စာလေး သိပါရစေ၊ ဝပ်ရှော့က ကားပြန်ရရင် ချက်ချင်းလာပို့ပေးပါ့မယ်၊ ခုလည်း ဆရာ့ကို ပြန်ပို့ပေးပါရစေ"

ဒေါ်မိမိကိုက ဆရာဝန်နှင့် စကားပြောနေတုန်း သူက ဒေါ်ကြီးပြုံးကို ဆရာဝန်ပေးထားသည့်ဆေးတွေကို ပြကာ ဘယ်အချိန်မှာ ဘယ်ဆေးတိုက်ရမည်ဆိုတာ သေချာမှာကြားရပါသည်။ ပြီးတော့မှ တည်ကြည်အေးဆေးကာ သဘောကောင်းလှတဲ့ ဒေါက်တာဦးကျော်သာကို ရန်ကင်းရှိ သူ့အိမ်သို့ ပြန်ပို့ပေးရပါသည်။

စိတ်ထဲမှာတော့ သူမလေး မြန်မြန်သတိရပါစေ ဆုတောင်းကာ ဆရာဝန်က မစိုးရိမ်ရဘူးလို့ ပြောသည့်တိုင် သူ့ရင်ထဲမှာ လေးပင်နင့်ခဲနေကာ သူမလေးနားမှာ မခွာတမ်း ထိုင်စောင့်ချင်သည့်စိတ်တို့ ဖြစ်ပေါ်နေရပါသည်။

ဒေါ်မိမိကိုနှင့် ဦးသက်နိုင်က သူ့ကိုခေါ်ကာ ဆောင်းဝတ်လွှာကိုစွန့်ပတ်သက်ပြီး ကျေးဇူးတင်ကြောင်း လေးလေးနက်နက်ပြောကာ

ကျေနပ်ဖူးတဲ့ပြုံးနည်းအနေနှင့် ဒေါ်ပြုံးမှတစ်ဆင့် မုန့်ဖိုးဟုဆိုကာ ပိုက်ဆံတစ်ထပ်ပေးတာကို သူ ရေတောင်ရေတွက်မကြည့်ဘဲ အဖေ့ကိုသာ အပ်လိုက်ပါသည်။

သူလိုချင်တာ မုန့်ဖိုးမဟုတ်ပါ။ သူမလေးအခြေအနေ ဘယ်လိုလဲ၊ နေကောင်းပြီလား၊ ဘာတွေစားချင်လဲ၊ ဘာလုပ်ချင်နေလဲ ဆိုတာတွေ သိခွင့်ရချင်တာသာဖြစ်သည်။

ကံကောင်းထောက်မစွာ ဝတ်လွှာအနားမှာ အချိန်ပြည့်နီးပါး ထိုင်စောင့်ရတဲ့ အိပုမှတစ်ဆင့် သူကလေးအခြေအနေကို သိခွင့်ရပါသည်။

"မမဒီးငယ် နေကောင်းတယ် ကိုကြီးထက်သန်၊ ထမင်းတော့ နည်းနည်းပဲစားတယ်၊ ဒေါ်ကြီးပြုံးက ဘာစားချင်လဲမေးတော့ ဘာမှ မစားချင်ဘူးတဲ့၊ အိပုကိုလည်း အရင်လို စကားသိပ်မပြောဘူး။ ဒါပေမဲ့ တစ်ခါတလေ မျက်ရည်ကျတယ် သိလား။ ငိုတာမဟုတ်ဘဲ မျက်ရည်တွေ စီးကျလာတာ၊ မမဒီးငယ် နာလို့လားဆိုတော့လည်း ဘာမှမဖြေဘူး"

"နေကောင်းခါစဆိုတော့ မအီမသာဖြစ်တယ် ထင်ပါရဲ့၊ ခြံထဲ လမ်းလျှောက်ဖို့ ခေါ်ကြည့်ပါလား။ ပြီးတော့ သူ့အိပ်ခန်းထဲမှာ ပန်းအိုး ရှိလား"

"ရှိတယ် ကိုကြီးထက်သန်"



"ဒါဆို နှင်းဆီပန်းတွေ လှလှလေး ပန်းအိုးထိုးပေးပါလား။ ဟိုတစ်လောက စိုက်ထားတဲ့နှင်းဆီဖြူတွေက ပွင့်နေတာမှ အများကြီးပဲ၊ ငါ ခူးပေးလိုက်မယ်၊ အဲသည့်ပန်းအိုးအတွက် ငါ နေ့တိုင်း နှင်းဆီပန်းတွေ ခူးပေးမယ်၊ နင် နေ့တိုင်း ပန်းလဲပေး။ ရတယ်မဟုတ်လား"

"ဟုတ် ကိုကြီးထက်သန်"

ကလေးပီပီ ပေါ့ပေါ့ပါးပါးပြေးထွက်သွားတဲ့ အိပုကိုကြည့်ပြီး သူ ကတ်ကြေးယူကာ နှင်းဆီပန်းခင်းဘက်သို့ လျှောက်ခဲ့လိုက်ပါသည်။

အိပ်ရာနိုးတော့ စားပွဲပေါ်ကပန်းအိုးမှာ နှင်းဆီဖြူတွေ ဝေနေအောင်ထိုးထားတာ မွှေးကြိုင်လှပလွန်းနေသဖြင့် သူမရဲ့ ရှုပ်ထွေးနောက်ကျိကာ မှုန်မှိုင်းနေသောစိတ်တို့ ပြေလျော့ကြည်သာသွားသယောင် ရှိပါသည်။

နှင်းဆီဖြူငါးပွင့်က လန်းဆန်းလတ်ဆတ်လွန်းသဖြင့် အစိမ်းနုရောင်လေးတောင် အနည်းငယ်သမ်းနေပါသည်။ တစ်ပွင့်တစ်ပွင့်ကို Milo ပုလင်းဖုံးလောက်ကြီးသဖြင့်လည်း လှချင်တိုင်းလှကာ ဆွဲဆောင်အားကောင်းနေပါသည်။

"အိပု အိပု"

"ရှင် မမဒီးငယ်"

"နင် ဘာလုပ်နေတာလဲ"

"ထမင်းစားနေတာပါ"

"ဪ ဒါဖြင့် သွားစား၊ ငါက သည်ပန်းအိုး နင်ထိုးတာလား မေးမလို့"

"ဟုတ်တယ် မမဝီးငယ်၊ ပန်းအိုးထိုးတာတော့ အိုပုပဲ၊ ဒါပေမဲ့ ပန်းတွေခူးပေးတာက ကိုကြီးထက်သန်၊ သူက ပန်းတွေ နေ့တိုင်းခူးပေးမယ်၊ သည်ပန်းအိုးကို နေ့တိုင်း ပန်းလဲပေးတဲ့"

အောင်မယ် ခုမှ။ ဟွန်း မုန်းပါတယ်။

"ဒါပဲလား။ ပြီးတော့ ဘာပြောသေးလဲ"

"နေကောင်းခါစဆိုတော့ စိတ်ကြည်အောင် ခြံထဲလမ်းလျှောက်ဖို့ ခေါ်ပါလားတဲ့"

"အေး အေး။ နင် ထမင်းသွားပြန်စားတော့၊ ရပြီ"

သူမ နှုတ်ဖူးက ကျက်စပြုနေပြီဖြစ်သော ဒဏ်ရာကို လက်နှင့်ဖွဖွ စမ်းလိုက်ပါသည်။ သည်ဒဏ်ရာရတာ သူ့ကြောင့်ပေါ့။

သူမ တစ်ခုခုဖြစ်ရင် သူ ပျာနေအောင် ဂရုစိုက်တာတော့ မှန်ပါရဲ့။ ဒါပေမဲ့ သူက သူမကွယ်ရာမှာ တခြားမိန်းကလေးကိုလည်း ဂရုစိုက်တာပါပဲ။

အို သည်အကြောင်းတွေးရတာ ငရဲရောက်သလို ဆင်းရဲလှပါတယ်။ မတွေးတော့ပါဘူးလေ။



သူ့ကြောင့် သူမ ပူလောင်ခံစားရတယ်ဆိုပေမယ့် သူနဲ့ကင်းနိုင်လို့လား။ သူ့အကြောင်း မတွေးဘဲ နေနိုင်လား။ သူ့ကို မမြင်ရဘဲ နေနိုင်လား။ သူ့ကြင်နာ မှုတွေ ရတဲ့အခါမကြည်နူးဘဲ နေနိုင်လို့လား။

အို ဒါတွေ သူမ မလုပ်နိုင်ပါဘူး။ နှင်းဆီပန်းတွေဆီ မျက်နှာငုံ့ကာ အားပါးတရ နမ်းရှိုက်ပြီး ပြတင်းပေါက်ကနေ ခြံထဲငေးကြည့်တော့ သစ်ပင်ရေလောင်းနေတဲ့ သူ့ကိုတွေ့ရတဲ့အခါမှာလည်း သူမ ရင်ခုန်မှုတွေကို ဘယ်လိုမှ မတားဆီးနိုင်ဘူးလေ။

❀ ❀ ✿ ❀ ❀

## အခန်း (၁၆)

"ဖြစ်ရလေ ဝတ်လွှာရယ်၊ ဟင် နှင် သည်လောက်ထိ ခံစားရတယ်၊ ဟုတ်လား။ အေး ခံစားရတာ အရေးမကြီးဘူး။ ကားတိုက်မိလို့ အသက်ပျောက်သွားရင် ဘယ့်နှယ်လုပ်မလဲ"

"အေးလေဟာ၊ မတ်တတ်ရပ် စကားပြောတယ်၊ ကော်ဖီဆိုင်ထိုင်တယ်၊ ဒါ မရိုးမသားလို့ ပြောလို့ရတဲ့ပုံစံမျိုးမှ မဟုတ်တာ၊ မသကာ သူက ကောင်မလေးလက်ကို ကိုင်တာတို့ ပခုံးကိုဖက်တာတို့ တွေ့ရလို့ ခုလိုဖြစ်တယ်ဆိုရင် ထားလိုက်ပါတော့ဟာ"

သူငယ်ချင်းတွေ ပြောတာလည်း မှန်နေသဖြင့် သူမ ပြန်ပြောလို့ မရပါ။

ဒါပေမဲ့ မပြောသာ ပြောသာတော့ ပြောကြည့်ပါသေးသည်။

"ဒါပေမဲ့ဟာ သူ ဘယ်မိန်းကလေးနဲ့မှ အဲသည့်လို ရင်းရင်းနှီးနှီးနေတာမျိုးမှ မရှိတာ၊ ဥပမာ နှင်တို့နဲ့ဆိုရင်တောင် သူ အဲသည့်လို မရင်းနှီးဘူး"



"ဒါတော့ဟာ၊ ကျောင်းတုန်းက သူငယ်ချင်းတို့, နယ်မှာတုန်းက သူငယ်ချင်းတို့ပဲ ဖြစ်မှာပါ"

"အေးလေ နှင် သည်လောက်ရောဂါတက်မှန်း ခုမှပဲ သိရတော့တယ်၊ Heart ထိတယ်ဆိုတာ ဒါမျိုးကိုပြောတာပဲ ဖြစ်ရမယ်"

"ငါတို့မှာတော့လေ နှင့်သတင်းကြားလို့ ပြေးလာရတာ အမောတောင် ဆို့တယ်"

"အေးပါ သူငယ်ချင်းတို့ရယ်၊ ငါလည်း နှင်တို့ကိုတွေ့မှ ရယ်နိုင်, ပျော်နိုင်တာပါ နှင်တို့ အပြစ်ပြောချင်ပြောတော့၊ အဲသည်ကိစ္စ ဖြစ်ပြီးကတည်းက ငါ့မျက်လုံးထဲ အဲသည့်မြင်ကွင်းက မထွက်နိုင်ဘူးဖြစ်နေပြီး နေရတာ မပျော်ဘူးဟာ"

"ကဲပါ နှင် သည်လောက်ဖြစ်နေရင် ငါမေးပေးမယ်၊ လာငါ့အစ်တာကို နှင်နားထောင်ကြည့်"

သူမ ဆွေမာတို့ဆွဲခေါ်ရာကို ယက်ကန်ယက်ကန်ပါလာတော့ ခြံထဲမှာ စကားကောင်းနေသည့် ကျော်၊ ရဲဆွေနှင့် ထက်သန့်တို့က သူမတို့ကို ဝိုင်းကြည့်ကြပါသည်။

ထက်သန့်က မတ်တတ်ရပ်ကာ

"ဝတ်လွှာ သည်မှာလာထိုင်လေ"

ဆိုသဖြင့် သူမ သူ့ထိုင်ခုံမှာ ထိုင်လိုက်ရပါသည်။

"ဆွေမာတို့အတွက်လည်း ခုံသွားယူလိုက်ဦးမယ် ခဏနော်"

"မယူနဲ့ ကိုထက်သန်၊ မထိုင်တော့ဘူး။ ကိုထက်သန်ကို မေးစရာရှိလို့ ဟဲ ဟဲ"

"ဆွေမာ့ဟဲဟဲက ကြောက်ဖို့ကောင်းတယ်နော် ကိုထက်၊ သတိထား။ ကိုထက်ကို အချွန်နဲ့ မ,တော့မယ်ထင်တယ်"

"ကျော် နှင့်ပါးစပ် ပိတ်ထား။ ကိုထက်သန်ကို ခြိမ်းခြောက်မနေနဲ့ သူပြောတာ အလကား ကိုထက်သန်၊ ဆွေမာက ကိုထက်သန်ကို မေးစရာရှိတယ်ဆိုတာ ဟိုနေ့က ကိုထက်သန်ကို အတွဲနဲ့တွေ့လိုက်လို့၊ အဲဒါ ဆွေမာတို့ ဘယ်တော့မုန့်စားရမလဲ မေးမှာ"

"အတွဲနဲ့၊ မဟုတ်တာ၊ ဘယ်တုန်းကလဲ၊ ဘယ်မှာတွေ့တာလဲ ဆွေမာရဲ့"

"ပြီးခဲ့တဲ့ လေးရက်ကလေ၊ Dagon Center နားက ကော်ဖီဆိုင်မှာ"

"ဩော် မြနုကို ပြောတာကိုး။ အတွဲမဟုတ်ပါဘူး။ သူက ကျွန်တော်တို့ရွာကပါ။ သူ့အဒေါ်ဆီ အလည်လာရင်းနဲ့ လမ်းမှာတွေ့လို့ နှုတ်ဆက်တာ"

"ဒါဆို ငယ်ကျွမ်းဆွေပေါ့"

"ငယ်ကျွမ်းလည်း မဆွေရပါဘူးဗျာ၊ သူနဲ့ ကျွန်တော့်ကို



မိဘတွေက သဘောတူတာတောင် နှစ်ယောက်စလုံး ငြင်းခဲ့ကြတာပါ။ ဟိုနေ့က ပြန်တွေ့တော့ အဲသည့်အကြောင်းတွေတောင် ပြန်ပြောပြီး ရယ်ကြသေးတယ်၊ သူလည်း ခု ဝါဝင်ရင် မင်္ဂလာဆောင်တော့မှာမို့ ကျွန်တော့်ကိုတောင် ဖိတ်သွားသေးတယ်"

"ဟာ ဒါဆို ကိုထက်သန်လည်း ရဲဆွေတို့၊ ကျော်တို့လို မျက်စိတောင် မဖွင့်ဖူးသေးတဲ့လူပေါ့၊ ဆွေမာတို့တော့ မုန့်စားရဖို့ ဝေးပြီ"

"မဝေးပါဘူး ဆွေမာရ၊ နင်စားချင်ရင် ငါ မုန့်လက်သီးကျွေးမှာပေါ့"

"ရဲဆွေ ကောင်စုတ်"

ရဲဆွေက ပြေး၊ ဆွေမာက လိုက် ဖြစ်နေတာကို အားလုံးက သဘောတကျရယ်မောနေပါသည်။

သူမလေးကတော့ အားလုံးနှင့်မတူဘဲ တစ်စုံတစ်ရာကို သဘောကျ ကျေနပ်ပီတိဖြစ်နေပုံနှင့် ပြုံးနေသဖြင့် ထက်သန်မှာ သူမကို ငေးမောမဆုံး ကြည့်နေမိကာ အငွေ့ထည်အနက်လေးနှင့် ကလေးပေါက်စနလို ကောင်မလေးကို သူ့ရင်ခွင်ထဲ ထည့်ထားချင်စိတ်သာ ကြီးစိုးမင်းမူနေပါသည်။

ဝတ်လွှာ ကား accident ဖြစ်ပြီးနောက်ပိုင်းမှာတော့ မာမီနှင့် ဒယ်ဒီက စိတ်မချသဖြင့် ကားကို မမောင်းစေချင်တာရယ်၊ ဝတ်လွှာ

ကိုယ်တိုင်ကလည်း ကားမောင်းဖို့ မရဲသလိုလို ဖြစ်နေတာရယ်ကြောင့် ဒုတိယနှစ်ကျောင်းတတ်တော့ အသွားအပြန်ကို ထက်သန်က အကြို အပို့ လုပ်ပေးရပါသည်။

စတ်လွှာကားကို မောင်းတဲ့အလုပ်ကိုပဲ အဓိကလုပ်ရကာ ဝတ်လွှာ Sopping ထွက်တာတို့၊ သူငယ်ချင်းတွေဆီ လည်တာတို့၊ ကျူရှင်တက်တာတို့ကိုလည်း သူပဲကားမောင်းပို့ရသဖြင့် သည်တစ်ခါ တော့ သူမလေးကို ရှောင်လွှဲခွင့် မသာတော့ပါ။

သူ့စိတ်ကလည်း သူမလေးအတွက် လိုအပ်တာတွေကို အမြဲ ဖြည့်ပေးချင်နေသဖြင့် သူရည်မှန်းခဲ့သော Free တက်ခွင့်ရသည့် သင်တန်းကိုတောင် ဆက်မတက်တော့ပါ။

သူ သင်တန်းသွားနေတုန်း သူမ သွားစရာရှိရင် အခက် တွေ့မှာစိုးတာကြောင့်ရယ်၊ သူမလေးကိုယ်တိုင် မောင်းရင်လည်း accident ထပ်ဖြစ်မှာ စိုးရိမ်ပူပန်တာကြောင့်ရယ်က လွှမ်းမိုးသွားကာ သူ့ဘဝတက်လမ်းအတွက် အထောက်အကူဖြစ်မယ့် အရာကိုတောင် သူ အပြုံးမပျက် တိတ်တိတ်လေး စွန့်လွှတ်ခဲ့ပါသည်။

ဒါတွေကို သူမလေးကို့ ပြောပြဖို့ မဖြစ်နိုင်ပေမယ့်၊ ဖြစ်နိုင်ရင် လည်း ပြောပြဖို့ထက် မျိုသိပ်ဖို့ကိုပဲ စိတ်ကူးထားပေမယ့် သူ့ရင်ထဲက အချစ်တွေကိုတော့ တစ်ခါလောက်တော့ သူမလေးကို သိစေချင်ပါ သည်။



ဒါပေမဲ့ မဖြစ်နိုင်တဲ့ ဘဝအခြေအနေမှာတော့ ချောင်းသာက ညတစ်ညလို စိတ်တွေပွင့်ထွက်လုနီးနီး မဖြစ်အောင် သူ အရင်ကထက် ပိုထိန်းချုပ်ရပါသည်။

သူမလေးရဲ့ မျက်ဝန်းထဲမှာ နက်ရှိုင်းရွှန်းလဲ့တဲ့ အချိန် အယောင်အချို့ကို မြင်တွေ့ရပေမယ့်လည်း သူ မပျော်နိုင်ပါ။

သူ့ဘဝအခြေအနေဟာ သူမရဲ့အချစ်နဲ့ မထိုက်တန်သေးတဲ့ အတွက် သူမလေး သူ့ကြောင့် ဝေဒနာရမှာကို သူစိုးရိမ်လှပါသည်။

ဒါပေမဲ့ သူမလေးကလည်း နှစ်ယောက်အတူသွားရတဲ့ အခေါက်ပေါင်းများစွာမှာ ငှကာငိုင်ကာ စကားနည်းလှပါသည်။

သည်အခြေအနေကို အမြန်ဆုံး ထိုးဖောက်ထွက်ချင်ပေမယ့် သူ့မှာရှိသည့် ငွေကြေး၊ ပညာနှင့် ကြိုးစားမှုတို့က အလုံးစုံ မပြည့်ဝ သေးသဖြင့် အခြေအနေအခွင့်အခါကို စောင့်ကာ အပြောင်းအလဲ တစ်ခုဖြစ်ပေါ်ရန် အားထုတ်ဖို့စဉ်းစားနေဆဲမှာပင် သူနှင့် သူမရင်ထဲက အချစ်တွေကို ပွင့်အန်လာအောင် ဖောက်ခွဲပေးသော အဖြစ်အပျက် တစ်ခုက အမှတ်မထင် ဖြစ်ပေါ်လာခဲ့ပါသည်။

သီချင်းအင်မတန်ကြိုက်တဲ့ ကျော်က မြို့ပြည်မြက်ခင်းပြင်မှာ ကျင်းပမယ့် Stage Show ကြည့်ဖို့ အဖော်စပ်တော့ အားလုံးက စိတ်ပါဝင်စားပေမယ့် ညပွဲဖြစ်တာကြောင့် အိမ်ကလွှတ်ပါ့မလားလို့ စိုးရိမ်ကာ ဘယ်လိုလုပ်ရင်ကောင်းမလဲ စုတိုင်ပင်ကြပါသည်။

ဒါမျိုးဆို အင်မတန်တက်ကြွသော ကျော်နှင့် ရဲဆွေက

"နင်တို့ မပူနဲ့၊ ညပွဲဆိုပေမယ့် သိပ်ညမနက်ပါဘူးဟာ၊ ကိုးနာရီခွဲ ဆယ်လောက် ပြီးပါတယ်၊ မပြီးလည်း တို့ ဆယ်နာရီနောက်ဆုံးထား ပြန်ကြမယ်၊ နင်တို့တွေတစ်အိမ်စီကို တို့ လိုက်ခွင့်တောင်းပေးမယ်၊ အသွားအပြန်ကိုလည်း ငါတို့တွေ အကြိုအပို့ အိမ်ရှေ့ထိ လုပ်ပေးမယ်၊ လူကြီးတွေ လွှတ်မှာပါ၊ တို့က အုပ်စုတောင့်တာပဲ၊ ဘာမှ မလွှတ်စရာ မရှိဘူး"

လို့ ရဲရဲတာဝန်ယူကြပါသည်။

"အေး နင်တို့အိမ်ကို သေချာလိုက်ပြောပေးရင် ရနိုင်တယ်၊ နင်တို့ အကြိုအပို့လုပ်ပေးမယ်ဆို အိမ်ကလည်း စိတ်ပူစရာမရှိဘူးပေါ့"

"မိုင်နာပါ၊ နင်တို့ မိန်းကလေးငါးယောက်မှာ ဝတ်လွှာကတော့ ကိုထက်သန့်ကြီး ရှိလို့ ဖယ်ထားလိုက်၊ တို့ ကြိုပို့လုပ်စရာလိုမယ်မထင်ဘူး။ ဒါဆို လေးယောက်ကျန်မယ်၊ ရဲဆွေ မင်း နှစ်ယောက်တာဝန်ယူ၊ ငါ နှစ်ယောက်တာဝန်ယူပြီးပြီ"

တကယ်လည်း ကျော်နှင့်ရဲဆွေက လိုက်ပြောပေးကြ၊ တာဝန်ခံပေးကြသဖြင့် မိဘတွေက ခွင့်ပြုကြသော်လည်း ဝတ်လွှာမာမီကတော့ စဉ်းစားဦးမယ်ကွယ်လို့ ပြောကာ ခွင့်ပြုမိန့်မချသေးပါ။

မာမီက သူမကို ညဘက် အပြင်မထွက်စေချင်တာရယ်၊ ညကြီးမိုးချုပ် ထက်သန့်ကို အသွားအပြန်ကြိုပို့နိုင်းရင် လူငယ်နှစ်



ယောက်တည်း အချိန်မတော်ကြီးမှာ ဖြစ်နေတာရယ်ကြောင့် ချင့်ချိန်နေမှန်း ဝတ်လွှာသိပါသည်။

ဝတ်လွှာကလည်း သူငယ်ချင်းတွေနှင့် အတူပျော်ချင်တာလောက်ပဲရှိကာ အာသီသ သိပ်အပြင်းပြကြီး မရှိလှသဖြင့် မာမီမလွှတ်လည်း မသွားရုံပေါ့လို့ သဘောပိုက်ကာ ခပ်အေးအေးပဲ နေလိုက်ပါသည်။

သူနှင့် ဝတ်လွှာက ကားထဲမှာ နှစ်ယောက်တည်းရှိကာ အတူသွားလာကြချိန်မှာ စကားတစ်ခွန်းတောင် မပြောဖြစ်ကြတာမျိုးလည်း ရှိပါသည်။

နှစ်ယောက်စလုံး ကိုယ့်ခံစားချက်ကိုကိုယ် နှစ်ဆယ့်လေးနာရီ ထိန်းချုပ်နေကြတာမို့ နေ့ပဲဖြစ်ဖြစ်၊ ညပဲဖြစ်ဖြစ် ဘာမှစိုးရိမ်စရာမလိုဘူးဆိုတာ မာမီ ဘယ်သိမလဲ နော်။

နှလုံးသားက ထုံပေနေသဖြင့် ဘာကိုမှ လှုပ်လှုပ်ခတ်ခတ်မရှိဘဲဖြစ်နေတာကို မာမီက သူမ တစ်ခုခုဖြစ်နေတယ်၊ မှိုင်နေတယ်ဆိုပြီး ဆရာဝန်နှင့်တိုင်ပင်တော့ ဆရာဝန်က အရွယ်ရောက် မိန်းကလေးများဟာ ဒါမျိုး ပုံမှန်မဟုတ်တဲ့အခြေအနေ တစ်ကြိမ်တော့ ရှိစမြဲပဲ၊ သိပ်တင်းကျပ်တာမျိုး မချုပ်ချယ်ပါနှင့် ဆိုသဖြင့် မာမီက နောက်ဆုံးတော့ သူမကို စတိတ်ရှိုးကြည့်ခွင့် ပြုလိုက်ပါသည်။

ကိုမောင်က သူ့အမေနေမကောင်းသဖြင့် ခွင့်သုံးရက်ယူကာ

နယ်မြှန်သွားတာမို့သာ။ ပြီးတော့ ကျော်တို့ ရဲဘော်တို့ကိုလည်း ထက် သန့်ရှိလျက်နှင့် ဝတ်လွှာကို ကြိုးနိုင်းပိုနိုင်းဖို့ မကောင်းလို့သာ မာမိ သည်လောက် အချိန်ယူစဉ်းစားတာ ဝတ်လွှာသိပါသည်။

❀ ❀ ✿ ❀ ❀

## အခန်း (၁၅)

စတိတ်ရှိုးသွားမှာမို့ လူငယ်ဆန်ဆန် ပေါ့ပေါ့ပါးပါးပဲ ဝတ်ဖို့ စဉ်းစားကာ အနက်ရောင်စပို့ရှပ် ကိုယ်အတိနှင့် ကာကီရောင် Hang ten ဘောင်းဘီရှည်ဝတ်ပြီး ဆံပင်ကို ရိုးရိုးပဲဖြီးချကာ မျက်နှာကိုလည်း ခပ်ပါးပါးပဲ လိမ်းခြယ်လိုက်ပါသည်။

"မာမိက ဘာပြောလိုက်လဲဟင်၊ မီးငယ်ကို ညကျမှ တစ်ခေါက်လာကြိုမှာလား"

"မဟုတ်ဘူး။ အန်တီက တစ်ခါတည်း စောင့်ကြိုခဲ့တဲ့"

"ဒါဆို ကားထဲမှာ စောင့်မနေနဲ့နော်၊ မီးငယ်တို့နဲ့ Stage Show လိုက်ကြည့်၊ ကျော့်ကို လိုရမယ်ရ လက်မှတ်တစ်စောင် မိုဝယ်ခိုင်းထားတယ်"

စတိတ်ရှိုးကြည့်ဖို့ ဝါသနာမပါလှသော်လည်း သူမလေးကို

လူတွေအများကြီးကြား လွတ်ကာ သူက ကားပေါ်မှာနေဖို့ကိုဖြင့် လုံးဝစိတ်မဖြောင့်တာကြောင့် သူခေါင်းညိတ်ကာ ရှစ်ယောက်အုပ်စုကြီး မြို့ဗိုလ်ညီအပေါက်ဝမှာ ဆုံကြပါသည်။

ခုနစ်နာရီက စတဲ့ပွဲက ခု ရှစ်နာရီတောင်ရှိပြီမို့ သူမအတွက် စားစရာတို့ ရေဘူးတို့ ကားပေါ်မှာပါလာခဲ့တာ သွားယူပေးရကောင်း မလားလို့ စဉ်းစားကာ သူမကို ကြည့်လိုက်ပါသည်။

သူ့အာရုံက စတိတ်စင်ပေါ်က အဆိုတော်တွေဆီမှာ မရှိတဲ့ သီချင်းတွေကို စင်ပေါ်က အဆိုတော်တွေဆိုတဲ့အတိုင်း လိုက်ဆိုကာ မြူးကြွပျော်ရွှင်နေတဲ့ သူမဆီမှာပဲ ရှိပါသည်။

ကလေးလေးလို လက်ခုပ်တီးအားပေးနေသည့် သူမကို ချစ်စနိုးဖြစ်လှစွာ သူ ပြုံးလိုက်ချိန်မှာပင် ဆူညံသောအသံတွေကို ရုတ်တရက်ကြားလိုက်သဖြင့် သူ့လက်က အလိုလို သူမလက်ကိုဆွဲကာ ဘေးကိုကြည့်လိုက်တော့ သူတို့နားမှာ ရန်ပွဲတစ်ခု ထဖြစ်တာကို သိလိုက်ရပါသည်။

ရန်ပွဲက လူများကာ အသေအကျေထိုးသတ်ကြသည့်အပြင် ဘယ်ကပစ်ပေါက်မှန်းမသိသည့် အုတ်ခဲလို၊ ဖိနပ်လို အရာတွေက လည်း နီးကပ်စွာ ကျရောက်လာသဖြင့် သူမလက်ကို ခပ်တင်းတင်းဆွဲကာ လွတ်ရာသို့ မြန်မြန်ထွက်တော့ သူမလေးက ကြောင်အ,ကာ ခပ်တောင့်တောင့်လေး ပါလာပါသည်။



လူရှင်းတဲ့နေရာမှာ ရပ်ထားတဲ့ ကားနားအထိ သူမကို ခေါ်လာကာ ကားထဲက ရေဘူးကို အမြန်ထုတ်တိုက်လိုက်ပါသည်။

"မကြောက်နဲ့နော်၊ ရန်ဖြစ်တဲ့နေရာနဲ့ ဝေးသွားပြီ၊ ဘာမှ အန္တရာယ် မရှိဘူး"

သူမ ခေါင်းညိတ်ပြကာ အကြောက်မပြေသေးသလို အသံ တိုးတိုးလေးဖြင့်

"ခွေမာတို့ လွတ်ရဲ့လားမသိဘူး၊ ရန်ဖြစ်တာ တစ်ခါမှ မကြုံဖူးဘူး။ ကြောက်ဖို့ကောင်းလိုက်တာနော်"

လို့ ပြောလာပါသည်။

"လွတ်မှာပါ၊ ကျော်တို့ ရဲခွေတို့ ရှိတာပဲ၊ ဝတ်လွှာ စိတ်ပူ လို့လား။ ကိုယ် သွားရှာရမလား"

"ဝတ်လွှာ မပြောတတ်ဘူး။ ဘယ်လိုလုပ်ကြမလဲဟင်"

"ဒါဆို ဝတ်လွှာ ခဏနေခဲ့နော်၊ ကျွန်တော် သူတို့ကို သွားရှာ လိုက်ဦးမယ်၊ သူတို့လည်း ကျွန်တော်တို့ကို စိတ်ပူပြီး ရှာရင်ရှာနေမှာ၊ ဝတ်လွှာ ကားပေါ်တက်နေ၊ ခဏလေးရှာပြီး တွေ့တွေ့၊မတွေ့တွေ့ ပြန်လာခဲ့မယ်၊ နေရဲရဲ့လား"

သူမက လူရှင်းတိတ်ဆိတ်သော ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်ကာ ခေါင်းညိတ်ပြတာမို့ သူ အမြန်ထွက်လာကာ ကားပါကင် က ကားတွေ လိုက်ကြည့်တော့ ဟိုးခပ်လှမ်းလှမ်းမှာ ရဲခွေကားကို

တွေ့ရပါသည်။

သူသွားကြည့်တော့ ရဲဆေွကားထဲမှာ ငွေယွန်းနှင့် လှိုင်းဖြူ ရှိကာ ရဲဆေွက ကားရှေ့ရပ်နေပါသည်။

"ဟား ကိုထက်သန့်၊ ဝတ်လွှာရော၊ နှစ်ယောက်လုံး ဘာမှ မဖြစ်ဘူးနော်"

"ဘာမှမဖြစ်ဘူး။ သူက ခင်ဗျားတို့ကို စိတ်ပူနေလို့၊ ကျော်ရော"

"ရှိတယ်၊ ကျော်က ခင်ဗျားတို့ကို ဟိုးဘက်မှာ လိုက်ရှာနေတာ၊ ကျော့်ကားထဲမှာ သစ္စာနှင့် ဆွေမာလည်း ရှိတယ်၊ ဘယ်သူမှ ဘာမှတော့မဖြစ်ဘူး။ ဒါပေမဲ့ လှိုင်းဖြူက မူးလို့တဲ့၊ သူ ရန်ပွဲကို ကြောက်သွားတာနဲ့တူတယ်၊ ကျော့်ကားထဲမှာလည်း သစ္စာတစ်ယောက် လန့်နေတယ်၊ သူတို့ကို မြန်မြန်ပြန်ပို့မှ ဖြစ်မယ်၊ ကျွန်တော်တို့လည်း သူတို့ ပြန်ပို့ရကောင်းနိုး၊ ခင်ဗျားတို့နှစ်ယောက် ဘာဖြစ်မှန်း မသိလို့ လိုက်ရှာရကောင်းနိုး ဖြစ်နေတာ၊ တော်ပါသေးရဲ့ဗျာ ကိုထက်သန့် ရောက်လာတာ"

"ဒါဆို မြန်မြန်ပြန်တော့၊ ကျော့်ကိုခေါ်လိုက်၊ ကျွန်တော်တို့ကားက ဟိုးဘက်မှာ ရပ်ထားတာ၊ သူရှာတဲ့ဘက်မှာ မဟုတ်ဘူး။ ကျွန်တော်လည်း သွားမယ် ကိုရဲဆေွ၊ ဟိုမှာ ဝတ်လွှာတစ်ယောက်တည်း ကျန်ခဲ့တာ၊ ဘယ်သူမှ ဘာမှမဖြစ်တာ တော်သေးတာပေါ့၊



ကဲ သွားပြီဗျာ"

သူ့စိတ်ထဲမှာ ဝတ်လွှာတစ်ယောက်တည်း ကျန်ခဲ့တာကို စိတ်မချနိုင်ဖြစ်ကာ ခပ်သွက်သွက်ပြန်လာတုန်း ကားနားရောက်ခါနီးမှာ

"အား ကိုထက်သန့်ရေ"

ဆိုတဲ့ ဝတ်လွှာရဲ့ ကြောက်လန့်တကြား အသံတိမ်တိမ်လေးကို ကြားလိုက်ရတော့ ကားနား ဘယ်လိုရောက်သွားမှန်းတောင် မသိလိုက်ရချိန် မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် ဒေါသတွေက ရင်ထဲမှ ခေါင်းအထိ ဆောင့်တက်ကာ ဝတ်လွှာကို ချုပ်ထားတဲ့ အမူးသမား နှစ်ယောက်ကိုရော၊ ဝတ်လွှာနားကို တိုးကပ်နေတဲ့ လူဆိုးကိုရော တစ်ရှိန်ထိုး ဝင်လုံးလိုက်ပါသည်။

သုံးယောက်စလုံး ဟန်ချက်ပျက် ကြောင်အ,ကာ ဝတ်လွှာ လွှတ်သွားချိန်မှာ

"ကားပေါ် တက်နေ၊ တံခါး လော့ခ်ချထား"

လို့ သူမကို အော်ပြီး သုံးယောက်တစ်ယောက် ထိုးပုတ်ကန်ကျောက်ကာ ခုမှပဲ ရန်ပွဲကို မရှောင်သာ နွှဲရလေတော့သည်။

သူက သန်မာသော၊ လျင်မြန်သော လူကောင်း။ တစ်ဖက်က ယိုင်နေသော အမူးသမားတွေ ဆိုပေမယ့် သုံးယောက်တစ်ယောက်မို့ သူ အနည်းအကျဉ်းတော့ ခံရတာပင်။

သူ့လက်ထဲကို စမ်းမိစမ်းရာ တုတ်တစ်ချောင်း ရောက်လာ

ချိန်မှာတော့ ထိုသုံးယောက် အချင်းချင်းတွဲကာ ယိုင်တိယိုင်တိုင် ထွက်ပြေးသွားကြပါသည်။

ဥပဒေဆိုတာသာ သူ့ခေါင်းထဲမရောက်လာခဲ့လျှင် သူမလေးကို စော်ကားဒုက္ခပေးရန် ကြံစည်သော သည်ဆေးသမားသုံးကောင်ကို သူသေကိုယ်သေ အမှုန့်ခြေပစ်လိုက်ချင်ပါသည်။

သူတို့နောက်ကို ပြေးလိုက်ရန် ဟန်ပြင်ပြီးမှ သူမလေးကို သတိရကာ လက်ထဲကဓားတုတ်ကို ပစ်ချပြီး ကြည့်လိုက်တော့ ကားဘေးမှာ တောင့်တောင့်လေးရပ်ကာ အရမ်းထိတ်လန့်နေဟန် မျက်လုံးလေးဝိုင်းနေသဖြင့် သူ့ရင်ထဲမှာ သနားကရုဏာတွေ လျှံသွားကာ သူမနားကို ပြေးသွားလိုက်ပါသည်။

သူမပခုံးကို လှုပ်ယမ်းပြီး ခေါ်လိုက်တော့မှ သတိဝင်လာသလို ငိုချလိုက်ကာ သူ့ကို အရမ်းဖက်တွယ်လာပါသည်။

သူလည်း သူမလေးရဲ့ကိုယ်ကို တင်းတင်းကျပ်ကျပ်ပွေ့ဖက်ကာ တဆတ်ဆတ်တုန်နေတဲ့ ကျောပြင်လေးကို ဖွဖွပွတ်သပ်ကာ သူမကို ကြင်နာအားပေးမိစဉ်မှာတော့ သူ အစဉ်အမြဲ ဂရုစိုက်သတိထားခဲ့ရတဲ့ အဆင့်အတန်းတွေ၊ စည်းတွေ၊ အခြေအနေကွာဟမှုတွေကို သူ့ခေါင်းထဲက အပြီးအပိုင် လွှင့်ပစ်လိုက်တော့သည်။

တစ်ချိန်လုံး ကွယ်ဝှက်ထားခဲ့တဲ့ အချစ်တွေနဲ့ သူမလေးကို လွှမ်းခြုံပေးပါရစေတော့။



"ဝတ်လွှာ ဝတ်လွှာ မငိုနဲ့၊ ကိုယ်ရှိတယ် ဘာမှမဖြစ်ဘူး။ ဘာမှမဖြစ်စေရဘူး သိလား။ ဝတ်လွှာကို ထိပါးလာရင် ကိုယ် အသက်နဲ့ လဲရဲတယ်၊ ကိုယ် ဝတ်လွှာကို အသက်လောက် မြတ်နိုးတယ်။ သိလား။ ခုမှမဟုတ်ဘူး။ ဟိုးကတည်းက၊ ဟိုးတုန်းကတည်းက"

တုန်ယင်နေတဲ့ သူမခန္ဓာကိုယ်လေးက တဖြည်းဖြည်း ငြိမ်သက်လာပေမယ့် သူ့ကျောပြင်ကို တွယ်ဖက်ထားတဲ့ လက်ကလေးတွေက တင်းကျပ်ဆဲပင်။

သူလည်း သူမခန္ဓာကိုယ်လေးကို ခပ်တင်းတင်း တိုးဖက်ကာ ကာလများစွာ မြိုထားခဲ့ရတဲ့ ရင်ထဲကစကားတွေကို ဆက်ပြောနေမိသည်။

"ကိုယ့်ကြောင့် ဝတ်လွှာ ခံစားရမှာစိုးလို့၊ ကိုယ့်ကြောင့် ဝတ်လွှာ မိဘတွေရဲ့ ငြိငြင်ချုပ်ချယ်မှုကို ခံစားရမှာစိုးလို့၊ ကိုယ့်ကြောင့် ဝတ်လွှာ ဆင်းရဲပင်ပန်းရမှာစိုးလို့ ကိုယ် အများကြီး ထိန်းချုပ်ခဲ့ပါတယ်၊ ဒါပေမဲ့ အချစ်ဆိုတာကို ဖိနှိပ်သိုဝှက်တိုင်းလည်း အရောရောပြည့်စုံအဆင်ပြေသွားတာမှ မဟုတ်တာမျိုးပဲကွာ၊ ခုတော့ ကိုယ် ဝတ်လွှာကိုလုံးဝ မစွန့်လွှတ်နိုင်တော့ဘူး။ ကိုယ် ယောကျ်ားပါ ဝတ်လွှာရယ်၊ ပြည့်စုံချမ်းသာတဲ့ ဘဝတစ်ခုကို ကိုယ် မရအရ တည်ဆောက်ပြီး ဝတ်လွှာကို ကိုယ့်ဘဝထဲမှာ စိတ်ဆင်းရဲစရာ တစ်ချက်မရှိအောင်ထားမယ်၊ ကိုယ် ဝတ်လွှာကို ဘယ်တုန်းကတည်းက ချစ်တာလဲ

သိလား။ သစ္စာမွေးနေ့မှာ သစ္စာကို ကိုယ်လက်ဆောင်ပေးတုန်းက တုန်နေတဲ့ နှုတ်ခမ်းလေးကို မရအရ စေ့ပိတ်ပြီး မျက်နှာမဲ့မဲ့လေးနဲ့ ကိုယ့်ကို အကြည့်လွှဲသွားကတည်းက ကိုယ် အရမ်းချစ်သွားတာ''

သူ့ရင်ခွင်မှာ မျက်နှာအပ်ပြီး သူ့ရင်ဖွင့်စကားကို နားထောင်ရတဲ့အချိန်မှာ ခုနတုန်းက ကြောက်ခဲ့ရတာ၊ ထိတ်လန့်ခဲ့ရတာ၊ သွေးပျက်ခဲ့ရတာတွေက ပျောက်ကွယ်သွားခဲ့ပြီး ငြိမ်းချမ်းစိမ်းလန်းတဲ့ ကမ္ဘာသစ်တစ်ခုကို ရောက်သွားရသလိုပင်။

ထိန်းချုပ်ခဲ့ရတဲ့ ကာလတွေများလို့ထင်။ သူ့ရင်ဖွင့် ချစ်စကားက ရှည်လျားလှပါသည်။

ဒါကိုပဲ သူမက နားထောင်မဝဖြစ်ကာ ရင်ထဲမှာ အမြဲတမ်း တင်းကျပ်ပင်ပန်းနေခဲ့ရတာတွေက အဝေးသို့ပြေးသွားသလို ရှင်းလင်းကြည်လင်လာတဲ့ ရင်ခွင်အချစ်အိမ်ထဲကို သူ့ရဲ့နိုင်မာတဲ့ စကားသံတွေကနေ ခွန်အားတွေ ဖြည့်ပေးနေသလို အရာရာကို ရင်ဆိုင်ဖြတ်ကျော်ကာ သူပြောတဲ့ဘဝကို ချက်ချင်းပိုင်ဆိုင်လိုစိတ်တွေ ဖြစ်လာရလေသည်။

သူက သူမကို ခါးမှပွေ့ကာ ကားရှေ့ဖုံးပေါ်တင်လိုက်ပြီး သူမရဲ့ ဘေးတစ်ဖက်စီကို လက်ထောက်ကာ သူမမျက်နှာကို မော့ကြည့်လာပါသည်။

''ဝတ်လွှာ၊ ဝတ်လွှာကရော ကိုယ့်ကိုချစ်လား။ ကိုယ့်စကား



တွေကို ဝတ်လွှာ ယုံကြည်နားလည်လား။ ကိုယ့်အချစ်တွေကို ဝတ်လွှာ အသိအမှတ် ပြုလားဟင်''

''ဝတ်လွှာလည်း ကိုထက်သန့်လို ဟိုးတုန်းကတည်းက ချစ်ခဲ့တာပါ၊ ဘယ်အချိန်တုန်းက ဘယ်အပြုအမူတုန်းကလို့ မပြောနိုင်ပေမယ့် ကိုထက်သန့် ဝတ်လွှာရင်ထဲ ရောက်နေတာ ကြာလှပါပြီ''

ဝတ်လွှာက သူ့မျက်နှာပေါ်က ဒဏ်ရာအချို့ကို ခပ်ဖွဖွကိုင်တွယ်ကာ သူ့ကို ရင်ဖွင့်ချစ်တုံ့ပြန်လိုက်တော့ သူက ဝတ်လွှာလက်တွေကို သူလက်နှင့်ဆုပ်ကိုင်ပြီး

''ချစ်လေး ချစ်လေးရယ်''

လို့ ရင်ထဲက လှိုက်တက်လာတဲ့ အသံနှင့် ရေရွတ်နေပါသည်။

သူမရဲ့ခါးကို တင်းတင်းဖက်ကာ သူမရဲ့ပခုံးမှာ ခေါင်းမှောက်ချနေတဲ့ သူ့ရဲ့ဆံပင်တွေကို သူမ. ခပ်ဖွဖွသပ်ပေးရင်း

''ဟိုတစ်လောက ကား Accident ဖြစ်တာ ဘယ်သူ့ကြောင့်လဲ သိလား''

လို့ မေးလိုက်တော့ သူ ခေါင်းထောင်လာပါသည်။

''ဘယ်သူ့ကြောင့်လဲ၊ ချစ်လေးပဲ တစ်ဖက်က ကားဟွန်းသံကိုလည်း မကြားလို့၊ တစ်ဖက်က ကားကိုလည်း မမြင်လို့ဆို''

''အင်းလေ၊ အဲဒါ သူ့ကြောင့်ပေါ့၊ သူနဲ့ ကောင်မလေး

တစ်ယောက်ကို Dagon center နားက ကော်ဖီဆိုင်မှာ တွေ့ခဲ့ရလို့ တစ်လမ်းလုံး ငိုပြီး ကားမောင်းလာလို့ အဲသည့်လို ဖြစ်သွားတာပေါ့၊ ဆွေမာက ဝတ်လှာကိုသနားလို့ သူနဲ့အဲသည့်ကောင်မလေး ဘယ်လို ပတ်သက်လဲဆိုတာ လှည့်ပတ်မေးပေးတာ၊ တကယ်က အဲသည့်နေ့မှာ သူ့ကိုတွေ့ခဲ့တာ ဆွေမာ မဟုတ်ဘူး၊ ဝတ်လှာပါ''

''ချစ်လေးရယ် ကိုယ့်ကို သည်လောက်ချစ်တယ်၊ ကိုယ့်အတွက် သည်လောက်ခံစားရမယ်လို့ မမျှော်လင့်ခဲ့မိပါဘူး၊ ဒါပေမဲ့ သည်လို ဆက်နေသွားရင် ကိုယ်နဲ့ချစ်လေး ဘယ်လိုလုပ်ပေါင်းဆုံဖို့ ဖြစ်လာနိုင်ပါ့မလဲ၊ ပြီးတော့ ကိုယ် တန်ဖိုးထားတဲ့ ချစ်လေးကို နိုးကြောင်နိုးဝှက် မတွဲချင်ပါဘူး၊ ကိုယ် အချိန်ကာလတစ်ခုအထိ ချစ်လေးနဲ့ခွဲပြီး အားလုံးလက်ခံနိုင်တဲ့ အခြေအနေတစ်ခု မရ,ရတဲ့အထိ ကြိုးစားမယ်၊ ချစ်လေး နားလည်လား၊ သဘောတူလား၊ ခွင့်ပြုမယ် မဟုတ်လား''

သူ့ရဲ့ တောက်ပြာနေတဲ့မျက်ဝန်းကို စိုက်ကြည့်ခေါင်းညိတ်ရင်းမှ သူမ မျက်ရည်တွေ ကျဆင်းလာပြန်ပါသည်။

သူမမျက်ရည်တွေကို ခပ်ဖွဖွသုတ်ပေးကာ

''မငိုပါနဲ့ ချစ်လေးရယ်၊ ကိုယ်လည်း ဘယ်ခွဲချင်ပါ့မလဲ၊ ဒါပေမဲ့ တစ်ဘဝလုံး အတူနေရဖို့ ခဏတော့ မဖြစ်မနေ ခွဲရမှာပေါ့''

လို့ အားပေးပြီး ကားရှေ့ဖုံးပေါ်ထိုင်နေတဲ့ သူမရဲ့ခါးကို



ပွေ့ကာ အောက်သို့ ပြန်ချပေးပါသည်။

''ကိုယ်တို့ ပြန်ကြရအောင်နော်၊ ကိုးနာရီထိုးတော့မယ်၊ သိပ်ညည့်နက်ရင် မကောင်းဘူး''

သူမ ကားပေါ်မတက်ခင် သူက သူမပခုံးကို ဆုပ်ကိုင်ကာ နဖူးနဲ့ပါးပြင်ကို ခပ်ဖိဖိ ရှိုက်နမ်းပါသည်။

ကားပေါ်ရောက်တော့ သူက သူမကို မှာတမ်းချွေပါသည်။

''မျက်ရည်သုတ်လိုက်တော့ ချစ်လေး၊ ငိုထားမှန်း သူများတွေရိပ်မိရင် တစ်မျိုးထင်နေဦးမယ်၊ အိမ်ရောက်ရင် အိပ်ပျော်အောင်အိပ်၊ တစ်ခုခုစားဖို့လည်း မမေ့နဲ့ဦး''

''သူ့မျက်နှာ ဒဏ်ရာတွေရော''

''ဒါက အသေးအဖွဲပါ၊ အိမ်ရောက်မှ ကိုယ့်ဘာသာ ဆေးထည့်လိုက်ပါမယ်၊ ချစ်လေး စိတ်မပူနဲ့နော်''

သူမက သူ့လက်မောင်းကိုဖက်ကာ သူ့ပခုံးပေါ် ခေါင်းမှီတော့ သူက

''ချစ်လေး ကိုယ်ကို မမှီတော့နဲ့၊ အိမ်နားရောက်တော့မယ်၊ ဟိုဘက်တိုးထိုင် နော်''

လို့ ချော့ပြောသလိုပြောကာ သူမပါးပြင်ကို လက်နှင့် တစ်ချက်ထိကိုင်ပြီး အားပေးပြုံး ပြုံးပြပါသည်။

အိမ်ရောက်တော့ ဒေါ်ကြီးပြုံးက သူမကိုစောင့်ကာ တံခါးဖွင့်

ပေးတာမို့ သူမ ဟန်မပျက်အောင်ကြိုးစားပြီး အိမ်ထဲဝင်ခဲ့ပါသည်။

''မီးငယ် ညစာစားဦးမလား''

''မစားတော့ဘူး ဒေါ်ကြီးပြုံး''

''ဒါဆို နွားနို့လာပို့ပေးမယ်၊ အဲဒါလေးတော့ သောက်လိုက်နော်၊ မမကြီးတို့တောင် စာကြည့်ခန်းထဲမှာ ရှိတယ်၊ ခုနကပဲ မီးငယ်လေးရောက်ပြီလား မေးနေသေးတယ်''

ကွန်ပျူတာရှေ့မှာထိုင်ကာ အင်တာနက်ဈေးကွက်ကြည့်နေသည့် မာမီနှင့်ဒယ်ဒီရှေ့မှာ သူမ ရပ်လိုက်ပါသည်။

''ဟော မီးငယ်လေး ပြန်လာပြီလား၊ သွားရလာရ အဆင်ပြေလား၊ ပျော်ခဲ့လား မီးငယ်''

''ပျော်ပါတယ်၊ ဒါပေမဲ့ မီးငယ် ပင်ပန်းလာတယ်၊ နွားနို့သောက်ပြီး အိပ်တော့မယ်၊ ဒယ်ဒီ မာမီ Good Night (ကောင်းသောညပါ) နော်''

''အေး အေး၊ Good Night''

''အိပ်တော့ မီးငယ်၊ Good Night''

အဝတ်အစားလဲပြီး အိပ်ရာပေါ် ပစ်လှဲချလိုက်တဲ့ အချိန်မှာတော့ မကြာခင်လေးက ကြုံတွေ့ခဲ့ရတဲ့ ရင်ခုန်စရာကောင်းတဲ့ အဖြစ်အပျက်တွေကို ပြန်လည် မြင်ယောင်လာပါသည်။

သူနဲ့သူမ သည့်လို ပွင့်လင်းတဲ့ ချစ်သူဘဝကို မြန်မြန်ဆန်



ဆန် ပိုင်ဆိုင်ရလိမ့်မည်လို့ သူမ အိပ်မက်တောင် မမက်ခဲ့ဖူးပါ။

သည်ညဟာ သူမဘဝရဲ့ မမေ့နိုင်စရာကောင်းတဲ့၊ ဆွတ်ပျံ့ကြည်နူးဖွယ်ရာကောင်းတဲ့ ညတစ်ညဖြစ်တာကြောင့် လူက နှံ့ချည့်နေပေမယ့် အိပ်မပျော်နိုင်သေးဘဲ ချိုကြည်တိမ်းမူးဖွယ်ရာ သူ့စကား၊ သူ့မျက်နှာ၊ သူ့အပြုအမူတွေနှင့် ရှေ့ကြုံရမယ့် ရင်ဆိုင်စရာတွေ၊ အခက်အခဲတွေကြားမှာ သူမ ချာချာလည်နေတော့သည်။

❀ ❀ ✿ ❀ ❀

## အခန်း (၁၈)

မနက် ကော်ဖီဝိုင်းမှာတော့ ဒေါ်ပြုံးက မာမီနှင့် ဒယ်ဒီကို

"မောင်ထက်သန့်က ဆရာနဲ့ မမကြီးဆီမှာ ခွင့်တောင်းစရာ တစ်ခုရှိလို့ တွေ့ခွင့်ပြုပါလို့ ပြောခိုင်းလိုက်လို့ ကျွန်မ ဘာပြောလိုက်ရမလဲ"

လို့ ခပ်ရိုရိုလေး လာပြောချိန်မှာ သူမမှာ အရာရာကို ရင်ဆိုင်နိုင်သည့်ခွန်အား အပြည့်ရှိနေပြီ ဖြစ်ပါသည်။

"ဘာကိစ္စတဲ့လဲ"

"ကျွန်မ မသိပါဘူး မမကြီး။ သူက မမကြီးတို့နဲ့ပဲ ပြောပါရစေလို့ ပြောပါတယ်"

ဒယ်ဒီနှင့်မာမီက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးတော့မှ မာမီက



"မမကြီးတို့ ကော်ဖီသောက်ပြီးရင် အပေါ်ထပ်ညေ့ခန်းကို လွှတ်လိုက်ပါ"

လို့ အကြောင်းပြန်လိုက်ပါသည်။

သူမ လက်ဖျားခြေဖျားတွေအေးစက်လာကာ ကော်ဖီသောက်ပြီးတော့ မာမီတို့နှင့်အတူ အပေါ်ထပ်ကို တက်ခဲ့ပါသည်။

သူက သူမတို့ရှေ့သို့ မာမီနှင့်ဒယ်ဒီကို ရိုသေလေးစားပုံနှင့် ခပ်ရိုရိုလာရပ်ပေမယ့် သူ့မျက်နှာမှာတော့ ကြောက်ရွံ့ခြင်း အလျဉ်းမရှိဘဲ တည်တည်ငြိမ်ငြိမ်ပါပင်။

"ကျွန်တော် အလုပ်က ထွက်ချင်တဲ့အကြောင်း ခွင့်ပန်ပါရစေ"

ဒယ်ဒီက ခပ်မှန်မှန်ပဲ ဟန်မပျက်ရှိပေမယ့် မာမီကတော့ အံ့သြသွားပုံ ပေါက်ပါသည်။

"ဘာအဆင်မပြေတာ ရှိလို့လဲ"

"အဆင်မပြေတာ မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော် အချိန်တစ်ခုအတွင်းမှာ အောင်မြင်ကြီးပွားတဲ့ ဘဝတစ်ခု တည်ဆောက်ချင်လို့ပါ။ ကျွန်တော့်ရည်ရွယ်ချက် ပြည့်တဲ့အချိန်ကျရင်တော့ ကျွန်တော့်ကို သည်ပြန်လာခွင့်ပြုပါ။ ဘာဖြစ်လို့လဲဆိုတော့ အမှန်အတိုင်းပဲ ပြောပါရစေ၊ ကျွန်တော်နဲ့ ဆောင်းဝတ်လှာနဲ့ မနေကပဲ မေတ္တာမျှသွားမိကြပါတယ်၊ ဒါ့ကြောင့် အန်တီတို့လက်ခံနိုင်တဲ့ အခြေအနေတစ်ခုကို

အန်တီတို့ ဦးတို့ သတ်မှတ်ပေးမယ့်အချိန်အတွင်းမှာ ကြိုးစားပြီးရင် ကျွန်တော့်ကို ဝတ်လွှာနဲ့ လက်ထပ်ခွင့်ပြုပါ”

“မင်း မင်း သည်စကားမျိုး ပြောရဲတယ်”

“ကျွန်တော် သည်စကားမျိုးပြောရတာ အင်မတန်ခက်ခဲပါတယ်၊ ဒါပေမဲ့ လူကြီးတွေ သဘောတူတူ၊ မတူတူ ခိုးဝှက်တွဲတာမျိုး ကျွန်တော်တို့နှစ်ယောက်စလုံး လုံးဝမနှစ်မြို့တဲ့အတွက် အကောင်းဆုံးလို့ထင်တဲ့ သည်နည်းကိုပဲ ရွေးချယ်စရာရှိတော့လို့ပါ”

သူ့စကားကြောင့် မည်းမှောင်တင်းမာနေတဲ့ ဒယ်ဒီရဲ့မျက်နှာက အနည်းငယ်ပြေလျော့သွားသော်လည်း မာမီက သူမနာမည်အပြည့်အစုံကို မခေါ်စဖူး တင်းမာခါးသီးစွာ ဆောင့်အော်လိုက်ပါသည်။

“ဆောင်းဝတ်လွှာ”

“မာမီ ဒယ်ဒီ မီးငယ်တို့ကို ခွင့်လွှတ်ပါ။ မီးငယ်ရော သူရော အချိန်အကြာကြီး ထိန်းချုပ်ခဲ့ကြပါတယ်၊ ခုတော့ ခုတော့ မာမီတို့ ဒယ်ဒီတို့ မကြိုက်မှန်းသိပေမယ့် မီးငယ်တို့ မီးငယ်တို့ . . .”

“နှင် အခုမှ ငိုမနေစမ်းနဲ့ အမိုက်မ”

ထက်သန်က ဆောင်းဝတ်လွှာရဲ့ မျက်ရည်တွေကို မကြည့်ရက်သလို ခေါင်းငုံ့လိုက်ချိန်မှာ ဒယ်ဒီက ဒေါသပြင်းထန်နေသည့် မာမီ့ကို အသာထိန်းလိုက်ပါသည်။

“ဒီ . . နေ၊ ကိုယ်ပြောမယ်၊ ထိုင်ပါ မောင်ထက်သန်”



သူက ခုံမှာထိုင်လိုက်တော့ ဒယ်ဒီက သူ့ကို တည်ငြိမ်စွာပဲ အကျိုးသင့်အကြောင်းသင့် ပြောပါသည်။

“မောင်ထက်သန်ပြောသွားတဲ့ စကားတွေထဲမှာ လူကြီးမိဘတွေမသိအောင် ဘာမှခိုးဝှက်မလုပ်ဘူးဆိုတဲ့ စကားကို အန်ကယ်စိတ်ဝင်စားတယ်၊ အဲသည့်စကားအတိုင်း တည်အောင်လည်း ထိန်းနိုင်ကြမယ်လို့ မျှော်လင့်ပါတယ်၊ သည်တော့ကာ အန်ကယ်ရည်မှန်းထားတဲ့ အစီအစဉ်တစ်ခုကို ပြောပြကြည့်မယ်၊

သမီးက အခု ဒုတိယနှစ်ဆိုတော့ နောက်သုံးနှစ်လောက်ဆို ကျောင်းပြီးပြီပေါ့ကွာ၊ သူကျောင်းပြီးရင် သူ့အိမ်ထောင်ရေးကို အန်ကယ်တို့ စဉ်းစားစီစဉ်ပေးတော့မယ်၊ အဲသည်အချိန်မှာ မောင်ထက်သန်က အန်ကယ်တို့ လက်ခံနိုင်လောက်တဲ့ အခြေအနေရှိမယ်ဆိုရင် မင်းတို့လိုချင်သလို ငါတို့ သဘောတူလက်ထပ်ပေးမယ်။

အဲ လက်ခံဖို့ မင်းတို့ဘက်က အသင့်အခြေ ဖြစ်မနေရင်တော့ အန်ကယ်တို့ လုံးဝသဘောတူမှာ မဟုတ်ဘူး။ ရှင်းတယ်နော်၊ တစ်ခုသိထားရမှာက ဒါ မင်းကို အချိန်ဘယ်လောက်ပေးတယ်၊ ဘယ်လိုမျိုး ဖြစ်ရမယ်ဆိုတာမျိုး သမီးနဲ့ပတ်သက်ပြီး တောင်းဆိုလိုက်တာ၊ ကန့်သတ်ပေးလိုက်တာ၊ အပေးအယူလုပ်လိုက်တာ မဟုတ်ဘူးနော်၊ မင်းတို့ရဲ့ စိတ်ထား၊ ခံယူချက်ကို သဘောကျလို့ ငါတို့ဘက်က ဘယ်လို စီစဉ်ထားတယ်ဆိုတဲ့ တစ်ချက်ကို ပြောပြလိုက်တာ”

"အန်ကယ်ပြောတာကို ကျွန်တော် ကောင်းကောင်းသဘော ပေါက်ပါတယ် ခင်ဗျာ၊ ကျွန်တော့်အတွက် သိပ်လိုအပ်တဲ့အချိန်မှာ အန်ကယ့်ဘက်က သည်အစီအစဉ်လေးကို ပြောပြတဲ့အတွက် ကျွန်တော် အရမ်းကျေးဇူးတင်ပါတယ်"

"မလိုပါဘူးကွာ၊ မင်း ဘယ်အချိန်လာခဲ့ တံခါးဖွင့်ပေးမယ်လို့ ပြောတာမျိုးမှ မဟုတ်တာ၊ တံခါးဘယ်အချိန်မှာ ဖွင့်မယ်ဆိုတာကို ပြောလိုက်တာ၊ တိုးဝင်လာတဲ့သူက မင်းဖြစ်ချင်လည်း ဖြစ်မယ်၊ တခြားတစ်ယောက်ဖြစ်ချင်လည်း ဖြစ်မယ်ပေါ့"

စိတ်ချပါ အန်ကယ်၊ အန်ကယ်တို့ရဲ့ စဉ်းစားခြင်းတံခါးပေါက်ကနေ ဝတ်လွှာရဲ့ ဘဝကြင်ဖော်နေရာကို လှမ်းဝင်လာမယ့်သူက ကျွန်တော်ကလွဲလို့ ဘယ်သူမှ မဖြစ်စေရပါဘူး

ဆိုတဲ့ စကားကိုတော့ သူ့ရင်ထဲကနေပဲ လေးလေးနက်နက် လှမ်းပြောခဲ့ပါသည်။

❀ ✺ ❀

"ဟယ် ဒါဆို ကိုထက်သန့်ကြီးက စတိတ်ရှိုးကြည့်ပြီး နောက်နေ့ကတည်းက အိမ်ကထွက်သွားတာပေါ့"



"ဟုတ်တယ်၊ အခုဆို မာမီကလည်း ငါ့ကို စကားလုံးဝ မပြောဘူး။ ငါ အရမ်းအားငယ်တာပဲ"

လူမရှိသော စာသင်ခန်းအလွတ်တစ်ခန်းထဲမှာ သူတို့နှစ်ယောက်သား ဝင်စကားပြောနေခဲ့ကြတာ ဖြစ်ပါသည်။

ကျောင်းရောက်ရောက်ချင်း ကိုမောင်မောင်းပို့တဲ့ ကားပေါ်က ဆင်းပြီးတာနဲ့ သူတို့အုပ်စုကိုလည်း တွေ့ရော ဝတ်လွှာတစ်ယောက် ဘာမပြောညာမပြော ငိုချလိုက်သဖြင့် တစ်အုပ်စုလုံး အတန်းမတက်နိုင်ဘဲ အခုလို ဝတ်လွှာရဲ့ရင်ဖွင့်သံကို နားထောင်ပွဲ ကျင်းပနေကြတာ ဖြစ်သည်။

မိန်းကလေးလေးယောက်က အခြေအနေအားလုံးကို သိပြီးကြသူများမို့ သိပ်မအံ့သြသော်လည်း ကျော်နှင့် ရဲခွေကတော့ ဝတ်လွှာနှင့် ထက်သန့်ရဲ့ ဇာတ်လမ်းကို နားထောင်အံ့သြနေကြသည်။

"အားမငယ်ပါနဲ့ဟာ၊ ငါတို့တွေ ရှိနေတာပဲ၊ တို့ စတိတ်ရှိုးကြည့်တာ သောကြာနေ့ဆိုတော့ စနေ၊တနင်္ဂနွေတွေမှာ နင်တစ်ယောက်တည်း လှိုမ့်ပိမ့်ခံနေရတာပေါ့၊ တို့ဆီ ဘာလို့ ဖုန်းမဆက်တာလဲဟာ"

"ငါ့မှာ ဖုန်းဆက်ဖို့တောင် အားမရှိတော့ပါဘူးဟာ"

"တို့လည်း စတိတ်ရှိုးမှာ ရန်ပွဲနဲ့တိုးတာကို လူကြီးတွေသိရင် နောက် ဘယ်မှမလွှတ်ဘဲ နေမှာမို့လို့ဆိုပြီး စနေ၊တနင်္ဂနွေ အိမ်မှာ

ခြေငြိမ်ပြီး ဘယ်သူ့ဆီမှ ဖုန်းမဆက်ဖြစ်ကြတာ၊ ဖြစ်မှဖြစ်ရလေ ဝတ်လွှာရယ်''

''ဒါနဲ့ နေပါဦး။ ကိုထက်သန့်ရဲ့ အဖေကြီးလည်း နင်တို့ဆီမှာပဲ အလုပ်လုပ်တာမဟုတ်လား။ သူရော ဝတ်လွှာ''

''ဦးသိန်းမောင်ကြီးလည်း ကိုထက်သန့်နဲ့ လိုက်သွားတာပေါ့။ သူက ကိုထက်သန့်မေမေ ဆုံးပြီးကတည်းက တရားရိပ်ခိုချင်နေတာ၊ သားလေးကို စိတ်မချလို့တဲ့၊ ခုတော့ ကိုထက်သန့်က စီးပွားရေးကို သေသေကျေကျေ လုပ်တော့မှာဆိုတော့ သူက လယ်တွေ၊ နွားတွေ ရောင်းထားတဲ့ငွေအကုန်ကို သူ့သားကို အမွေလွှဲပေးပြီး ဘုန်းကြီး ရာသက်ပန် ဝတ်တော့မယ်လို့ ဒေါ်ကြီးပြုံးကို ပြောသွားတယ်၊

သူတို့ နွားတွေ၊ လယ်တွေ ရောင်းထားတဲ့ငွေက ဆယ်သိန်း ဝန်းကျင်လောက်ဆိုတော့ ရန်ကုန်မှာ စီးပွားရေးလုပ်ရင် Taxi မောင်းတာလောက်၊ လက်ဖက်ရည်ဆိုင်ဖွင့်တာလောက်ပဲ ရမှာတဲ့၊ နယ်မှာ သည်ငွေနဲ့ရင်းပြီး လုပ်ငန်းလုပ်မယ်လို့တော့ ပြောသွားတယ်၊ ဘယ်နယ်ရယ်တော့ သူလည်း အတိအကျ မပြောနိုင်ဘူးပေါ့ဟာ၊

ငါ့ဆီ တစ်လတစ်ခါ စာထည့်မယ်လို့ ပြောသွားတယ်၊ စာရမှပဲ သူ ဘယ်ရောက်နေလဲ သိရတော့မယ်၊ ငါ့ အရမ်းသတိရတာပဲဟာ''

''သတိရတာလည်း ရတာပေါ့ဟာ၊ ငါတော့ နင်တို့နှစ်



ယောက်ရဲ့ သည်အခြေအနေကို ပိုကြိုက်တယ်၊ အရင်တုန်းကဆို နင်တို့နှစ်ယောက်က မပွင့်မလင်း၊ မပြတ်မသားနဲ့၊ တစ်ယောက်က လည်း ငူငူ၊ တစ်ယောက်ကလည်း ငိုင်ငိုင်၊ မြင်ရတာ စိတ်မချမ်းသာဘူး။ ခုတော့ ဘာပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်း ချစ်သူတွေဖြစ်သွားပြီ၊ သုံးနှစ်ဆိုတာ ခဏလေးပါ ဝတ်လွှာရယ်''

''အေးဟာ၊ ငါနဲ့ရဲခွေက နင်တို့ဇာတ်လမ်းကို ခုမှ သိရပေမယ့် ကိုထက်သန့်ကြီးသည်လောက်ထိ နင့်ကိုချစ်တာ အံ့ဩလို့မဆုံးဘူး။ တခြားယောက်ျားလေးဆို နင့်ကို ခိုးပြေးမှာပေါ့၊ ခုတော့ သူက သည်လောက်ထိ အပင်ပန်း အဆင်းရဲခံပြီး နင့်ကို လေးလေးနက်နက် တန်ဖိုးထားတာ၊ ငါတို့ဆိုရင်တောင် ကိုယ်ချစ်တဲ့ မိန်းကလေးအတွက် သည်လောက်ပေးဆပ်နိုင်မှာ မဟုတ်ဘူး''

အားလုံးရဲ့ ပြောစကားတွေကို နားထောင်သုံးသပ်ပြီး ရဲခွေက ဖြစ်နိုင်ခြေကို လက်တွေ့ဆန်စွာ စဉ်းစားပြောဆိုလာပါသည်။

''ကိုထက်သန့်ကြီး အရည်အချင်းရှိတာကို ငါသိပါတယ်၊ သည်အချိန် သည်ငွေနှင့် ရင်းနှီးအားထုတ်မယ်ဆို အတိုင်းအတာတစ်ခုထိလည်း ဖြစ်မြောက်မှာပါပဲ၊ ဒါပေမဲ့ သုံးနှစ်ပြည့်တဲ့အခါ နင့်မိဘတွေက သူ့အခြေအနေကို အားမရသေးဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ သူ့ကို ပယ်ချလိုက်ရင် ဘယ်လိုလုပ်မလဲ ဝတ်လွှာ''

''တစ်ကြိမ်ပယ်ချရင် နှစ်ကြိမ်၊ နှစ်ကြိမ်သဘောမတူရင်

သုံးကြိမ်၊ အို မာမီနဲ့ ဒယ်ဒီသဘောတူတဲ့အထိ ဘယ်နှကြိမ် ကြိုးစားရ ကြိုးစားရ၊ သူနဲ့ငါ လုံးဝလက်တွဲမဖြုတ်ဘူးဟာ''

''ဒါဆို နှင့်ကို တခြားတစ်ယောက်နဲ့ သဘောတူခဲ့မယ်ဆိုရင်ကော''

''ငါတို့က လူကြီးတွေကို သည်လောက် Respect ထားတာတောင် ငါတို့ကို အဲသည့်လို ရက်စက်မယ်ဆိုရင်တော့ အဝေးတစ်နေရာကို ထွက်ပြေးရုံပေါ့၊ ထွက်ပြေးခွင့်မသာခဲ့ရင် ရတဲ့နည်းနဲ့ ဆန့်ကျင်မယ်၊ ဘယ်လိုမှ မရတဲ့အဆုံး ဆိုရင်တော့ သူနဲ့မှ မဆုံစည်းရတော့ရင် ငါ အဆိပ်သောက်ဖို့လည်း ဝန်မလေးတော့ပါဘူးဟာ''

''ဝတ်လှာ ဘာတွေပြောနေတာလဲ၊ ဖွဟဲ့ မဟုတ်တာတွေ၊ နှင် သည်လို ရူးရူးမိုက်မိုက်အလုပ် ဘယ်တော့မှ မလုပ်ပါဘူးလို့ တို့ကို ကတိပေးစမ်း။ ရဲဆွေ နှင်လည်း စိတ်ညစ်စရာတွေ ထပ်မမေးနဲ့တော့''

''စိတ်ချပါဟာ၊ ငါကလည်း သည်လို ရူးရူးမိုက်မိုက်အလုပ် ဘယ်လုပ်ချင်ပါ့မလဲ၊ နောက်ဆုံး ဘယ်လိုမှ ထွက်ပေါက်မရှိတော့ရင်သာ ပြောတာပါ''

''ထွက်ပေါက်မရှိရင် ဆိုတဲ့စကားကို မပြောပါနဲ့ဟာ၊ သည်မှာ နှင်နဲ့ကို ထက်သန်က်စွကိုလေ တို့ခြောက်ယောက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကူညီမယ်၊ ကြားလား''



သူမအပေါ် နားလည်အားပေးနိုင်လွန်းတဲ့ သူငယ်ချင်းတွေကို ကြည့်ပြီးတော့ မျက်ရည်လည်ကာ သူ့ကို သတိရမိပြန်ပါသည်။

❀ ❀ ✿ ❀ ❀

## အခန်း (၁၉)

သူထွက်သွားပြီး နှစ်ဆယ့်လေးရက်အကြာမှ သူ့ဆီက ပထမဆုံးစာကို လက်ခံရရှိပါသည်။

ချစ်လေး

ချစ်လေးမိဘတွေနဲ့ အဆင်ပြေရဲ့လား။

ကိုယ်က သားသမီးပဲ။ သူတို့မကြိုက်တာလည်း လုပ်ထားမိတယ်ဆိုတော့ ချစ်လေး တတ်နိုင်သမျှ အလျှော့ပေးလိုက်ပါ။

ကိုယ့်ကို သတိရတိုင်း ခဏခဏ မငိုရဘူးနော်။

ချစ်လေးတို့ဆီက ထွက်ပြီးတော့ ကိုယ်တို့ ရွာပြန်ပြီး ရောင်းဖို့ကျန်တဲ့ပစ္စည်းတွေ အကုန်ရောင်းတယ်။

ဖေဖေကတော့ ရာသက်ပန် ဘုန်းကြီးဝတ်သွားပြီ။



ကိုယ် အသိတစ်ယောက် အဆက်အသွယ်နဲ့ ရှမ်းပြည်နဲ့ မန္တလေး သစ်သီးတွေ ကုန်ကူးနေတယ်။

အခု သည်စာကို အောင်ပန်းကနေ ရေးတာ။

ကလော၊ အောင်ပန်းနဲ့ တောင်ကြီးက သစ်သီးခြံတွေကနေ ထွက်တဲ့ သစ်သီးတွေကို မန္တလေးဈေးကြီးတွေကို ပို့နေတယ်။

ကုန်ကားကိုလည်း ကိုယ်တိုင်မောင်း။ ငွေရှင်းကလည်း တစ်ယောက်တည်း ပိုင်ပိုင်စိုက်ထုတ်နိုင်တော့ အကျိုးအမြတ်များပါတယ်။

ဒါပေမဲ့ ဆောင်းကုန်ရင် သစ်သီးရာသီကုန်ပြီမို့ သည်အလုပ်က သိပ်ကိုက်တော့မှာမဟုတ်ဘူး။

နွေကျရင် ဘယ်မြို့မှာ ဘာလုပ်ရကောင်းမလဲ ကိုယ်စဉ်းစားနေတယ်။

ကိုယ် တစ်လတစ်ခါ စာထည့်မယ်။

ချစ်လေးကို သိပ်လွမ်း။ သိပ်တွေ့ချင်ပေမယ့် ရန်ကုန်ဆင်းရင် အလုပ်ပျက်မှာစိုးလို့ အလုပ်ပါးမှပဲ ဆင်းလာတော့မယ်။

ကိုယ့်ဆီ စာထည့်ချင်ရင် ထည့်လို့ရအောင် ကိုယ်ယာယီနေတဲ့လိပ်စာကို အောက်မှာ ရေးပေးလိုက်တယ်။

စာမှန်မှန်ကျက်၊ ကျန်းမာအောင်နေ၊ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နော်။

တစ်ရက်ကုန်ဆုံးသွားတိုင်း ချစ်လေးနဲ့ကိုယ် ဆုံစည်းရဖို့

နီးလာပြီလို့ တွေးလိုက်ရင် ဘယ်လိုဆင်းရဲပင်ပန်းမှုမျိုးကိုမဆို ကိုယ်ခံနိုင်ရည်ရှိသွားတယ် သိလား။

ရဲခွေတို့ တစ်အုပ်စုလုံးကို သတိရတယ်လို့ ပြောပေးဦးနော်။

ချစ်လေးကို ပြောချင်တာတွေ အများကြီးမို့ စာနဲ့ ရေးနေရင် ဆုံးတော့မယ် မထင်ဘူး။ ကိုယ့်စာကို သည်မှာပဲ အဆုံးသတ်လိုက်တော့မယ်နော်။

ချစ်လေးရဲ့ကိုကို

ထက်သန့်

P.S ကိုယ်သိပ်လွမ်းရင် ကြည့်ဖို့ ချစ်လေးရဲ့ ဓာတ်ပုံတချို့ လိုချင်တယ်။

ချစ်လေး အဆင်ပြေမှပါ။

သူမ သူ့စာကို ဖတ်လို့မဝဖြစ်ကာ အခေါက်ခေါက်ဖတ်ပြီးမှ နမ်းရှိုက်သိမ်းဆည်းလိုက်ပါသည်။

ခုဆို သူမဗီရို လျှို့ဝှက်အံ့ဆွဲထဲမှာ ချောင်းသာသွားတုန်းက သူ့ဆီကရကာ ပြန်မပေးဘဲ အပိုင်းသိမ်းခဲ့သည့် မီးခိုးဖျော့ရောင် ရှပ်အင်္ကျီနှင့် အပြာနုရောင် ယောက်ျားကိုင် လက်ကိုင်ပဝါတစ်ထည် အပြင် အခုတော့ စာလေးတစ်စောင်ပါ ထပ်တိုးသွားခဲ့ပြီ ဖြစ်သည်။

နောက်ဆို လတိုင်း လတိုင်း စာတစ်စောင်စီ တိုးတိုးလာကာ



စာအစောင် သုံးဆယ်ကျော်သွားခဲ့ရင် –

အို့း ရင်ခုန်စရာကောင်းတဲ့အချိန်ကို ရောက်လာတော့မှာ ဖြစ်သည်။

အံ့ဆွဲထဲကို အသည်းပုံ ပရုတ်လုံးလေးတွေ ထည့်ပြီးမှ ပိတ်လိုက်ကာ သော့ခတ်လိုက်သည်။

မင်္ဂလာဦးညကျလို့ သည်ပစ္စည်းလေးတွေ ထုတ်ပြလိုက်ရင် ကိုကို ဘယ်လောက်ဝမ်းသာသွားမလဲ တွေးကာ သူမ မျက်လုံးမှိတ်ကြည်နူးနေပြီး အတူရှိစဉ်က ခေါ်ဖို့အခွင့်အရေး မရခဲ့သည့် "ကိုကို" ဆိုတဲ့ နာမ်စားကို ရင်ထဲမှာ အကြိမ်ကြိမ်ခေါ်ကာ တမ်းတနေမိတော့သည်။

❀ ✿ ❀

မာမီက တစ်လကျော်ကျော် သူမကို မခေါ်မပြောဘဲ နေနေပြီး ကိုထက်သန့်ထွက်သွားပြီး နှစ်လနီးပါးကြာတဲ့အချိန်မှာ သူမ ဖျားတော့မှ စကားပြန်စပြောပါသည်။

မာမီရဲ့စကားပြောမှု၊ ဂရုစိုက်မှုတွေရတော့ သူမ ငိုချင်ပြီး ပြလာတာမို့ မျက်ရည်ကျိတ်ကျတော့ မာမီက သူမမျက်ရည်ကို ကြင်

နာစွာ သုတ်ပေးပါသည်။

"မငိုပါနဲ့ မီးငယ်ရယ်၊ နင် မိစာနေရာရောက်မှ ငါတို့ကို ကိုယ်ချင်းစာနိုင်မယ်၊ သိလား"

"မာမီရယ် ခုလည်း မီးငယ်တို့က မာမီတို့ကို ဆန့်ကျင်ချင်စိတ်၊ စိတ်ဆင်းရဲအောင် လုပ်ချင်စိတ် လုံးဝမရှိပါဘူး။ ဒါ သူ့ဘာသာ အလိုလျောက်ဖြစ်လာတဲ့ကိစ္စပါ မာမီရယ်၊ မီးငယ်တို့ ကြိုးစားထိန်းချုပ်ပါသေးတယ်၊ ဒါပေမဲ့ လူမှန်ရင် အချစ်နဲ့ မကင်းနိုင်ဘူးဆိုတဲ့ စကားအတိုင်း မီးငယ်တို့ . . ."

"တော်ပါတော့၊ အချစ်နဲ့ မကင်းဘူးဆိုတာ လက်ခံပါတယ်၊ ဒါပေမဲ့ အဆင့်အတန်းဆိုတာလေးကိုတောင် နင် ထည့်မတွက်နိုင်တာ ငါ အံ့သြတယ် မီးငယ်၊ နင့်ပတ်ဝန်းကျင်မှာ ယောကျ်ားရှားသလား၊ နောက်ဆုံး အဆုံးစွန် ကျော်တို့၊ ရဲဆွေတင့်တို့နဲ့ ဆိုရင်တောင် ငါ သည်လောက် မခံစားရဘူး"

"မာမီရယ် သူတို့ကိုမှ မီးငယ် စိတ်မဝင်စားတာ၊ ဒါမျိုးက သူနဲ့သင့်တော်လို့ သူ့ကိုပဲ စိတ်ဝင်စားရမယ်လို့ သတ်မှတ်ပြဋ္ဌာန်းလို့ ရတာမျိုးမှ မဟုတ်တာဘဲ"

"ညည်း ငါ့ ဆရာလာမလုပ်နဲ့၊ ငါက ညည်းကို မွေးထားတဲ့ အမေပါ၊ ဘာပဲဖြစ်ဖြစ် ငါတို့တစ်သက်လုံး ညည်းကို ဂရုစိုက်အရိပ်ကြည့်ပြီး ရွှေပေါ်မြတင် မွေးခဲ့တာဟာ သည်လို ကိုယ့်ထက်နိမ့်တဲ့သူကို



ရွေးချယ်ဖို့, ကိုယ့်အလုပ်သမားကို ပြန်ကြိုက်ဖို့ မဟုတ်ဘူး"

"သူ မီးငယ်တို့ အလုပ်သမားဖြစ်နေတာ, သူဆင်းရဲနေတာ အပြစ်လား မာမီ၊ အဆင့်အတန်းတို့ စည်းစိမ်ချမ်းသာတို့ကို ဖယ်ကြည့်လိုက်လို့ ကျန်တဲ့ ကိုယ်ရည်ကိုယ်သွေးမှာ သူ ဘာများနိမ့်ကျလို့လဲ၊ ယောကျ်ားတစ်ယောက်မှာ အရေးကြီးတာ အရည်အချင်းမဟုတ်ဘူးလား၊ အရည်အချင်းရှိရင် ကျန်တဲ့အရာတွေ ဖန်တီးလို့ရနိုင်တယ် မလား မာမီ၊

မာမီကြိုက်တဲ့ ယောကျ်ားတစ်ယောက်, မီးငယ်နဲ့ သဘောတူနိုင်တဲ့သူတစ်ယောက်ကို ရွေးပြီး ကိုထက်သန်နေရာမှာ ထားကြည့်စမ်းပါ၊ ခု ကိုထက်သန်ဆုံးဖြတ်သလို ရဲရင့်ပြတ်သားရင်, မီးငယ်ကို တန်ဖိုးထားမြတ်နိုးရင် မာမီတို့စီမံသမျှ လုံးဝမငြင်းဘူး"

"တော်စမ်း မီးငယ်၊ ငါ အဲသည့်နာမည် မကြားချင်ဘူး။ ညည်းက သိပ်စကားတတ်နေတယ်၊ အမေကိုတောင် စိန်ခေါ်နေတယ် ပေါ့လေ၊ အေးပါ သုံးနှစ်ပြည့်အောင်ပဲ စောင့်ကြည့်လိုက်ဦး။ ဟုတ်လား။ သုံးနှစ်အတွင်းမှာ ဟိုကောင် နီးစပ်ရာမိန်းမတစ်ယောက်ကို ယူပြီး ကလေးတွေ ဘာတွေတောင် ရရင်ရနိုင်တာပဲ၊ ဒါမှမဟုတ်လို့ သူ့ကတိအတိုင်း လာခဲ့ရင်တောင် ငါတို့ကျေနပ်မှ လက်ခံမှာ၊ နားလည်လား"

ဒေါ်သစကြီး ထွက်ခွာသွားတဲ့ မာမို့ရဲ့ကျောပြင်ကိုကြည့်ပြီး

အနားမှာ သူမကို နားလည်သည့် ကရုဏာမျက်ဝန်းတွေနှင့် ငေးနေသော ဒေါ်ကြီးပြုံးကို ဖက်ငိုမိပါတော့သည်။

❀ ✿ ❀

ဆွေမာတို့အုပ်စု အိမ်ရောက်နေတဲ့အချိန်မှာ စာပို့သမား ရောက်လာသဖြင့် –

"ဟယ် ကိုကို့စာပဲဖြစ်ရမယ်၊ သည်ရက်ပိုင်းဆို လာနေကျ"

လို့ ပျော်ရွှင်စွာ ဟစ်အော်ပြီး သူမ စာပို့သမားဆီ ပြေးထွက်ခဲ့ပါသည်။

သူမ ထင်သည့်အတိုင်းပင် ကလောမှ စာဖြစ်သည်။

"မိန်းမ ပျော်နေတယ်ပေါ့လေ"

"ဒါပေါ့ဟာ၊ ဒါ ငါ့ဘဝရဲ့ အားဆေးလေးတွေပဲလေ၊ ကိုကို ရှမ်းပြည်နယ်က လှမ်းပို့တာပေါ့"

"ဟဲ့ ရဲဆွေတို့ ကျော်တို့ ရှိသေးတယ်"

"ရှိရှိ မရှက်ပေါင်၊ သည်စာရောက်ဖို့ တစ်လမှာ ငါ နှစ်ဆယ့်ကိုးရက် မျှော်ရတာ"

"ရပါတယ်ဟာ၊ တို့က မောင်နှမတွေလို ဖြစ်နေပြီပဲ၊ ဝတ်



လွှာကို နားလည်ပါတယ်၊ တို့ကို ရှက်စရာမလိုဘူး။ ဒါ ဘယ်နှစောင်မြောက် စာလဲ"

"လေးစောင်မြောက် ကျော်ရဲ့"

"ဝတ်လွှာ နင့်အားဆေးကို ငါတို့ရော မြည်းစမ်းခွင့်ရှိလား"

"ရှိတာပေါ့ ငွေယွန်းရယ်၊ လာ တို့အားလုံး တူတူဖတ်ကြမယ်၊ နင်တို့လောက် ငါ့အပေါ် နားလည်တဲ့သူကိုမှ ပေးမဖတ်ရင် ငါ ဘယ်သူ့ကို ပေးဖတ်ရမှာလဲ"

"ရှက်စရာတွေပါရင် ဘယ်လိုလုပ်မလဲ၊ တို့က ရည်းစားမရှိသေးတဲ့ ကလေးတွေဆိုတော့ ရှက်တယ်ဟ"

"ရုပ်ကြမ်းကြီးနဲ့ နွဲ့မနေနဲ့ ဆွေမာ၊ မဖတ်ချင်နေ"

"ကျော်နော် ကောင်စုတ်၊ ဖတ်မှာပေါ့ဟ"

ချစ်လေး

ကိုယ် သည်စာကို ကလောက ရေးလိုက်တာ။

ချစ်လေးရဲ့ စာကို ပြီးခဲ့တဲ့တစ်ပတ်က ရတယ်။

ကိုယ် အခု အလုပ်တွေ လက်စသတ်နေတယ်။ သစ်သီးရာသီက ကုန်လုပြီဆိုတော့ ကိုယ် အလုပ်ပြောင်းမှ ဖြစ်တော့မယ်လေ။

အလုပ်ပြီးရင် ရန်ကုန်ကို တစ်ရက်လောက် ဆင်းခဲ့ဦးမယ်။ ရှေ့ဆက်လုပ်မယ့် အလုပ်တွေအတွက် ချစ်လေးနဲ့ တိုင်ပင်ချင်တာ

ရယ်၊ ချစ်လေးရဲ့မျက်နှာကို သိပ်တွေ့ချင်တာရယ်ကြောင့်ပေါ့။

သိပ်သတိရတယ်ကွာ။ ချစ်လေးကို မတွေ့ရတာ လေးလတောင် ပြည့်တော့မယ်နော်။

အလုပ်အကြောင်း ဆက်ပြောရရင်တော့ သည်တစ်ခါ ကော့သောင်းမှာ ငါးဖမ်းစက်လှေလုပ်ငန်းလုပ်ဖို့ အဆက်အသွယ်တစ်ခု ရထားတယ်။ တွေ့ရင် အသေးစိတ် ပြောပြမယ်နော်။

သည်မှာက ဆောင်းကုန်ခါနီးတောင် အရမ်းချမ်းတယ်ကွာ။ ဘယ်လောက်ချမ်းချမ်း ဘယ်လောက်ပင်ပန်းပင်ပန်း ကိုယ် အရက်ကို ဘယ်တော့မှ မသောက်ဘူး သိလား။ ချစ်လေး မကြိုက်ဘူးထင်တဲ့ အရာမှန်သမျှကို ကိုယ်ရှောင်ကြဉ်ဖို့ ဆုံးဖြတ်ထားတယ်။ အဲဒါ ချစ်လေးကို ကိုယ့်အချစ်တွေအတွက် သက်သေပြနည်း တစ်မျိုးပဲပေါ့။

ချစ်လေးလည်း ကိုယ့်ကိုချစ်တယ်ဆိုရင် ကျန်းမာရေး ဂရုစိုက်နော်။ စာကို မှန်မှန်ကျက်။ စိတ်ဆင်းရဲစရာတွေ မတွေးနဲ့။ ဒေါ်ကြီးပြုံးနဲ့ ဆွေမာတို့ ခြောက်ယောက်လုံးကို သတိရတဲ့အကြောင်း ပြောပေးပါ။

သူတို့ ချစ်လေးကို နားလည်အားပေးတဲ့အတွက် ကိုယ် ပြောမပြတတ်အောင် ကျေးဇူးတင်တယ်လို့လည်း ပြောပေးပါ။

ကိုယ် ချစ်လေးကို ပြောချင်တဲ့စကားတွေ များနေရတော့ စာက ဟိုရောက်သည်ရောက် ဖြစ်နေတယ်နော်။



ကိုယ် ရန်ကုန်ဆင်းရင် ချစ်လေးအတွက် ဘာဝယ်ခဲ့ရမလဲ။ မှာချင်တာရှိရင် စာရေးတဲ့အခါ ထည့်မှာလိုက်နော်။ သိပ်လှတဲ့ ပန်းနုရောင် ဆွယ်တာလေးတစ်ထည်တော့ ချစ်လေးအတွက် ကိုယ်ဝယ်ထားတယ်။ ချစ်လေးနဲ့ ချစ်သူဖြစ်ပြီးချိန်မှာ ပထမဆုံးပေးမယ့် ချစ်လက်ဆောင်ပေါ့။ ကိုယ် ရန်ကုန်ဆင်းရင် ယူလာခဲ့မယ်။

ချစ်လေး ပေးနိုင်မယ်ဆိုရင် ကိုယ်လည်း ချစ်လေးဆီက ချစ်လက်ဆောင်အဖြစ် အနမ်းတစ်ပွင့်လောက် လိုချင်တယ်။ ရန်ကုန်ရောက်ရင် ပေးမှာလားဟင်။

ကိုယ့်စာ တော်တော်ရှည်သွားပြီနော်။ ကိုယ့်စာကို သည်မှာပဲ အဆုံးသတ်လိုက်တော့မယ်။

ချစ်လေးရဲ့
ကိုကို
ထက်သန်

ဖတ်ပြီးသွားတော့ သူမက ထုံးစံအတိုင်း စာလေးကို နှမ်းရှိုက်ကာ ရင်ဘတ်မှာ အပ်ထားမိပါသည်။

"ဪ အချစ်ဆိုတာ လူကို တယ်လည်း ရူးသွပ်စေပါလားနော်"

ရဲဆွေက သည်လို ရေရွတ်ကာ သူမကို စလိုက်ပါသည်။

အမှန်တော့ ထက်သန်ကို သတိရကာ ငိုချင်လာသဖြင့် မျက်ရည်ဝဲလာသော သူမကို အာရုံပြောင်းလိုက်ခြင်းသာ ဖြစ်ပါသည်။

ကျန်ငါးယောက်ကတော့ ဝတ်လှာရဲ့အချစ်ကို ရူးသွပ်သည့် အမူအရာကို အံ့ဩငေးမောနေကြပါသည်။

❀ ❀ ✿ ❀ ❀

## အခန်း (၂၀)

"ဒယ်ဒီ သမီးပြောစရာရှိလို့ ဝင်ခဲ့ပါရစေ"

Dinner ပါတီကို ဒယ်ဒီနှင့်မာမီ အတူသွားရာမှ ပြန်လာတော့ မာမီက ပင်ပန်းလို့ဟုဆိုကာ အိပ်ရာ စောစောဝင်သွားပါသည်။

ဒယ်ဒီကတော့ ကွန်ပြူတာဒစ်ကာဒ်တွေ၊ စာရွက်စာတမ်းတွေနှင့် အလုပ်ရှုပ်နေသည်မှာခု ညဆယ့်နှစ်နာရီခွဲထိပင် လက်စသတ်မည့်ပုံ မပေါ်သေးသဖြင့် သူမ ဒယ်ဒီအလုပ်လုပ်နေရာ အခန်းရှေ့မှာ မတ်တတ်ရပ်ကာ ခွင့်တောင်းလိုက်ပါသည်။

မျက်နှာတည်၍ စကားနည်းသော ဒယ်ဒီက သူမကို ခေါင်း တစ်ချက်ဆတ်ပြကာ သူ့လက်ထဲကစာရွက်တွေကို စားပွဲပေါ် အသာချ ထားလိုက် ပါသည်။

"ဟုတ်၊ သမီး ဒယ်ဒီကို ခွင့်တောင်းစရာ တစ်ခုရှိလို့ စောင့်နေတာပါ"

"သမီးမာမီအိပ်သွားမှ ဒယ်ဒီ့ဆီ လာခွင့်တောင်းတာဆိုတော့ မောင်ထက်သန့်နဲ့ပတ်သက်တဲ့ ကိစ္စပဲပေါ့၊ ပြောကြည့်လေ သမီး"

အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ပီပီ ဒယ်ဒီက သူမစကားကို မှန်ကန်စွာ သုံးသပ်နိုင်လေသည်။

ဒယ်ဒီ့ရဲ့ ပါးနပ်မှု၊ လူတစ်ယောက်ရဲ့စကားအပေါ် မူတည်၍ အမှန်ကို တွက်ချက်နိုင်မှုကြောင့် သူမ နည်းနည်းတော့ လန့်သွားပါသည်။

"ဟို သည်နေ့ သူ သမီးဆီ ဖုန်းဆက်ပါတယ်ဒယ်ဒီ၊ သန်ဘက်ခါ သူ ရန်ကုန်ကိုဆင်းလာမယ်ဆိုတော့ သူ သမီးနဲ့ ခဏတွေ့ချင်လို့တဲ့၊ အဲဒါ သူနဲ့သမီး ကော်ဖီဆိုင်တစ်ဆိုင်ဆိုင်မှာ ခဏလောက်တွေ့ပါရစေလို့ ဒယ်ဒီ့ဆီမှာ ခွင့်တောင်းတာပါ၊ လူကြီးတွေ မသိအောင် ဘာမှ မလုပ်ဘူးလို့ ပြောခဲ့တဲ့စကားကို သမီးတို့နှစ်ယောက်စလုံး တည်ချင်လို့ပါ"

"သူက ရန်ကုန်ကို ဆင်းလာမယ်ဆိုတော့ ခု ဘယ်မှာနေလို့လဲ"

"ကလောမှာပါ ဒယ်ဒီ၊ ရှမ်းပြည်နဲ့ မန္တလေး သစ်သီးတွေ ကုန်ကူးနေတယ်လို့ ပြောပါတယ်"



"ရန်ကုန်ကို အပြီး ပြန်လာတာလား"

"မဟုတ်ပါဘူး ဒယ်ဒီ၊ ရန်ကုန်မှာ တစ်ရက်ပဲ နေမှာပါ၊ ပြီးရင် သူ ကော့သောင်းမှာ အလုပ်သွားလုပ်မယ်ပြောပါတယ်"

"ကော့သောင်းမှာ ... ဟုတ်လား၊ ဘာအလုပ်တဲ့လဲ"

"စက်လှေနဲ့ ငါးဖမ်းတဲ့လုပ်ငန်းလို့တော့ အကြမ်းပြောပါတယ်၊ သန်ဘက်ခါတွေ့မှ သေချာပြောပြမယ်တဲ့"

"ဟုတ်ပြီလေ၊ သမီးက လူကြီးမိဘမသိအောင် ဘာမှမလုပ်ချင်ဘူးဆိုပြီး ခုလိုခွင့်တောင်းတာ ဒယ်ဒီဝမ်းသာပါတယ်၊ ဒါပေမဲ့ သည်လိုကိစ္စတော့ ဒယ်ဒီ့ဆီက ခွင့်ပြုချက်မတောင်းဘဲ သမီးဘာသာ စဉ်းစားဆုံးဖြတ်ပါလို့ ဒယ်ဒီပြောချင်တယ်၊ ဒယ်ဒီတို့က သမီးကို ပညာသင်ပေးတယ်၊ အပူအပင်ကင်းတဲ့ဘဝမှာ ထားပေးတယ်၊ လိုအပ်ချက်ဆိုတာ မရှိရအောင် တက်နိုင်သမျှ ဖြည့်ဆည်းပေးမယ်၊ ဒါကြောင့် သမီး စဉ်းစားဆုံးဖြတ်တတ်မယ်၊ မိဘအပေါ် ရိုသေလေးစားမယ်၊ ပြီးတော့ မိဘမျက်နှာပျက်အောင်, အရှက်ရအောင်, ကိုယ့်ဘဝနစ်မွန်းအောင်လည်း ဘယ်တော့မှ လုပ်လိမ့်မယ်မဟုတ်ဘူးလို့ ဒယ်ဒီယုံကြည်ထားပါတယ်"

"သမီးကို ယုံကြည်နားလည်တဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်၊ ဒယ်ဒီ့ယုံကြည်မှုကို သမီးကလည်း ဘယ်တော့မှ ဖျက်စီးဘဲ တန်ဖိုးထားပါ့မယ် ဒယ်ဒီ၊ Good Night နော်"

"Good Night"

ရက်ပေါင်းတစ်ရာကျော် မမြင်မတွေ့ဘဲ နေခဲ့ရတဲ့ ချစ်သူ့မျက်နှာကို မြင်တွေ့ရတော့မည်ဆိုတော့ သူ ဘယ်လိုများနေမလဲ၊ အရင်လိုပဲလား၊ ပုံစံပြောင်းသွားမလား တွေးကာ သူမ ရင်ခုန်လွန်းရပါသည်။

ချစ်သူဖြစ်ပြီးပြီးချင်းမှာ ခွဲခွာရတဲ့အတွက်ရော၊ ခွဲခွာရတဲ့အချိန်ကလည်း လနဲ့ချီကြာမြင့်သည့်အတွက်ပါ ခုလိုတွေ့ဆုံရခွင့်မျိုးဟာ အခြားချစ်သူစုံတွဲများထက် အခွင့်အရေးပိုနည်းသောကြောင့် သူမနှင့် ကိုကို့အတွက်တော့ ကံကြမ္မာကပေးသော သူမတို့ အမက်မောရဆုံးသော လက်ဆောင်မွန်တစ်ခု ဖြစ်ပါသည်။

❀ ✿ ❀

ကော်ဖီဆိုင်ထဲသို့ ဝင်ဝင်ချင်းမှာပင် ရင်ခုန်စိတ်လှုပ်ရှားစွာ မတ်တတ်ရပ်လိုက်ပြီး သူမဆီလျှောက်လှမ်းလာနေတဲ့ ကိုကို့ကို တွေ့လိုက်ရတာကြောင့် သူမလည်း စိတ်လှုပ်ရှားဝမ်းမြောက်စွာ သူ့ဆီ အမြန်သွားလိုက်ပါသည်။

တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင်ကာ စားပွဲမှာ



ထိုင်ပြီးချိန်ထိ စကားမဆိုနိုင်သေးဘဲ အပြန်အလှန် စူးစူးစိုက်စိုက် ငေးမောနေမိပါသည်။

ကွဲကွာသွားတဲ့ လေးလကျော်ကာလအတွင်းမှာ အသားတွေ ညိုပြီး မျက်နှာ အနည်းငယ်ချောင်ကျသွားသော သူသည် အရင်ကထက် ပိုမိုတည်ငြိမ်ရင့်ကျက်ဟန်ပေါက်ကာ အားကိုးချင်စရာကောင်းတဲ့ အရည်အသွေးတွေ ပေါ်လွင်နေသော မျက်ဝန်းလက်လက်တွေဖြင့် သူမကို မဆုံးတမ်း ငေးမောနေပါသည်။

ပြီးတော့မှ သူမလက်ကိုကိုင်ပြီး သူ့ပါးပြင်ကို သူမလက်ခုံနှင့် ထိကပ်ထားကာ "ချစ်လေးရယ်"လို့ ညည်းသလိုလေး ရေရွတ်လိုက်တော့ သူမ ကြည်နူးမှုဖြင့် မျက်ရည်တောင် စို့လာပါသည်။

"ကိုကို အရမ်းပင်ပန်းလားဟင်၊ အသားတွေတောင် နည်းနည်း ညိုသွားတယ်နော်"

"ကုန်ကား မောင်းရတာဆိုတော့ ပင်တော့ပင်ပန်းတာပေါ့ ချစ်လေးရယ်၊ ဒါပေမဲ့ ကိုကို ခံနိုင်ရည်ရှိပါတယ်"

"ကိုကို့ကို နေ့တိုင်း သတိရတယ် သိလား၊ တစ်ခါတလေ သတိရရင် ငိုချင်တယ်၊ ဒါပေမဲ့ ကိုကိုက စာထဲမှာ မငိုရဘူးမှာထားလို့"

"မငိုပါနဲ့ ချစ်လေးရယ်၊ ကိုကို ပြောတယ်မဟုတ်လား၊ တစ်ရက်ကုန်သွားတိုင်း ချစ်လေးနဲ့ကိုကို နီးဖို့အချိန် မြန်မြန်ရောက်လာတော့မယ် တွေးပါလို့"

“အင်းပါ ကိုကိုရယ်”

“သည့်မှာ ချစ်လေးဖို့ ကိုကိုဝယ်လာတဲ့ ဆွယ်တာလေး။ ကြိုက်လား ကြည့်ပါဦး။ သိပ်တော့ မဝယ်တတ်ဘူး။ ဒါပေမဲ့ ဒါလေးက မျက်စိထဲမှာ လှနေတော့ ချစ်လေးနဲ့ လိုက်မယ်ထင်လို့”

“ကြိုက်တယ် ကိုကို၊ ပန်းနုရောင်လေး အရမ်းလှတာပဲ”

“ဒါဆို ကိုကိုတောင်းတဲ့ လက်ဆောင်ရော ပေးမှာလား”

သူမက အနည်းငယ်ရှက်ရွံ့စွာ ခေါင်းညိတ်ပြပြီး ဘေးစားပွဲကိုကြည့်ကာ သူ့လက်ကို အသာဆွဲယူပြီး လက်ခုံကို ဖျက်ခနဲ နှာသီးများနဲ့ ထိကပ် နမ်းရှိုက်လိုက်ပါသည်။

“ချစ်လေးက သိပ်လူလည်ကျတာပဲကွာ၊ ကိုကိုပြောတာ သည်နေရာ မဟုတ်ဘူးဆိုတာ သိရဲ့သားနဲ့”

“တော်ပြီကွာ ကိုကိုကလည်း”

သူမက မျက်နှာလေးရဲကာ အရမ်းရှက်နေတော့ သူက

“အေး အေး၊ မပြောတော့ဘူးနော်”

ဟု ချော့သံလေးနှင့် စကားလွှဲလိုက်ပါတယ်၊

“အလုပ်အကြောင်း ပြောကြမယ်လေ နော်၊ ရှမ်းပြည်တက်သွားတော့ ကိုကို့လက်ထဲမှာ ဆယ့်ငါးလောက် ပါသွားတယ်၊ ရွာက ကိုကိုတို့အိမ်ရော, လိုရမယ်ရ မရောင်းဘဲချန်ထားတဲ့ မြေတစ်ကွက်ကိုရော ထပ်ရောင်းလိုက်တယ်လေ၊ ခု ငါးလနီးပါးကို ကိုကို လုံးဝမနား



ဘဲ ဆက်တိုက်လှုပ်ရှားလိုက်တော့ အရင်းလောက်နီးပါးကို အမြတ်ငွေ ထပ်တိုးပါတယ်၊ ခု အသိတစ်ယောက်နဲ့ ကော့သောင်းဘက် ထွက်မလားလို့၊

သူက အဲသည့်က ငါးဖမ်းလုပ်ငန်းကျွမ်းကျင်တယ်၊ သဘောကတော့ သူက ကျွမ်းကျင်မှုနဲ့ အရင်းနည်းနည်းစိုက်၊ ကိုကိုက အရင်းများများစိုက်ပေါ့လေ၊ သူနဲ့လိုက်သွားပြီး လေ့လာဦးမှာပါ၊ သေချာမှ လုပ်ငန်းစမှာ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုကိုက အချိန်ရောငွေရောကို ဘာအကြောင်းနဲ့မှ အရှုံးမခံနိုင်ဘူးလေ၊ ကိုကိုလိုချင်တဲ့ အနေအထားကို သုံးနှစ်အတွင်းရဖို့ရာမှာ ဘယ်လိုဆုံးရှုံးမှုမျိုးက နောက်ကျအောင် လုပ်တာကိုမှ မခံနိုင်ဘူး။

ကိုကိုမျှော်မှန်းထားသလို ဟိုမှာ အဲ့ဒီလုပ်ငန်းက မကိုက်နိုင်ရင်လည်း နယ်စပ်ဆိုတော့ အလုပ်ရှားလှမယ် မထင်ပါဘူး။ တခြားအဆင်ပြေရာ တစ်ခုခုလုပ်ပြီးတော့ ငွေရော, လုပ်ငန်းအတွေ့အကြုံရော ရသမျှ သုံ့ရမှာပဲ၊ သိပ်မဖြစ်ထွန်းဘူးဆိုရင်တော့လည်း နောက်တစ်နေရာ ရှာပြီးပြောင်း။ ဆောင်းကို ရှမ်းပြည်စောစောတက်မယ်၊ အချိန်တိုတိုနဲ့ ငွေများများရမယ့်သမာအာဇီဝမှန်သမျှကို ကိုကို လုပ်ချင်တယ်ကွာ၊ ချစ်လေးနဲ့ နီးချင်လှပြီ”

“ကိုကိုရယ် ချစ်လေးကြောင့် အရမ်းပင်ပန်းနေရပြီနော်”

“အဲသည့်လို မဟုတ်ပါဘူး။ ကိုကိုက ယောက်ျားပဲကွာ၊

ဘဝတက်လမ်းကို မရ့အရှာရမယ်၊ ဆုံးဖြတ်ပြီးမှ ကိုကို ရန်ကုန်ကို ရောက်လာတာပါ။ ချစ်လေးကြောင့် ခုလို မြန်မြန် အလုပ်တွေလုပ်ဖြစ်တာ ကျေးဇူးတောင်တင်တယ်၊ ကိုကို ခုချိန်မှာတော့ ငွေနောက် အသည်းအသန် လိုက်နေရပေမယ့် အဲသည်က ရလာတဲ့ အတွေ့အကြုံတွေက တစ်ချိန် ကိုကိုလုပ်ငန်းလုပ်ရင် အထောက်အကူဖြစ်လာမှာပါ၊

ကိုကို့အသိတချို့ကတောင် နိုင်ငံခြားမထွက်ဘူးလားလို့ မေးနေကြသေးတယ်၊ ဟိုကိုသွားဖို့ သင်တန်းတက်ရမှာတို့, စာရွက်စာတမ်းကိစ္စတို့နဲ့ အချိန်ကုန်မှာတို့ကို ကိုကို့မှ အချိန်မပေးနိုင်ဘာ၊ ပြီးတော့ ချစ်လေးနဲ့ ခုလို သုံးလေးလတစ်ခါ မတွေ့ရမှာလည်း စိုးတယ်၊ ငွေအလိမ်ခံရမှာတို့, အလုပ်အကိုင်အဆင်မပြေဖြစ်မှာတို့, ချက်ချင်းပြန်လာဖို့ အခက်အခဲဖြစ်မှာတို့တွေ တွေးမိတော့ မသွားဘူးလို့ပဲ ဆုံးဖြတ်လိုက်တယ်၊ သည်မှာက ကိုယ့်နိုင်ငံဆိုတော့ တစ်နေရာ အဆင်မပြေရင် တစ်နေရာ သွားလာလုပ်ကိုင်လို့ ရသေးတယ်လေ၊ ကိုကိုပြောတာ ချစ်လေးသဘောတူလား''

''တူတယ်၊ အဓိကက ကိုကိုနဲ့ နိုင်ငံတစ်ခုထဲမှာ အတူတူ နေနေရသေးတယ်ဆိုပြီး လွမ်းရင် ဖြေတွေးလို့ရတယ်လေ၊ ကိုကို ဘာပဲလုပ်လုပ်, ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ် ချစ်လေး အမြဲသဘောတူပြီးသား။ သိလား''



ထို့နောက်တော့ လေးလတာကာလအတွင်း ဖြစ်ပျက်သမျှတွေ အတိုးချကာ ပြောလို့မဝဖြစ်နေပါသည်။

ကိုကိုက သူ့လုပ်ငန်းနဲ့ပတ်သက်တဲ့ ထူးခြားတာလေးတွေ၊ ရယ်စရာလေးတွေ အနည်းငယ်လောက်ပဲ ပြောစရာရှိတာမို့ သူမပြောမဆုံးသည့် အကြောင်းအရာစုံကို တပြုံးပြုံးနှင့် နားထောင်ကာ ''အို ဟုတ်လား၊ အဲသည်တော့'' စသဖြင့် စကားထောက်ပေးကာ ကလေးဆန်လှတဲ့ သူမရဲ့စကားပြောဟန်ကို ချစ်စနိုးဖြစ်လို့မဆုံး ရှိနေပါသည်။

သူမနှင့် ဆော့နေကျ ခွေးလေးနစ်ကီ ကလေးမွေးတာရော၊ သူသွားပြီး လေးလအတွင်း သူမ နှစ်ခါဖျားတာရော၊ သူမတို့ ခုနစ်ယောက်အုပ်စု ဘယ်တွေသွားဖြစ်တယ်၊ ဘယ်လို အတန်းလစ်တယ်ဆိုတာရော၊ အလှအရမ်းကြိုက်တဲ့ လှိုင်းဖြူကို ရုပ်ဆိုးတဲ့ကျောင်းသားတစ်ယောက်က ရည်းစားစာလိုက်ပေးသဖြင့် လှိုင်းဖြူ ဒေါသထွက်ပြီး ငိုတယ်ဆိုတာရော အို အစုံမှ အစုံပါပဲ။

မာမီနှင့် စကားများသလိုဖြစ်တာကိုတော့ ကိုကို စိတ်မကောင်းမှာစိုးလို့ မပြောဘဲ ချန်ခဲ့ကာ ဒယ်ဒီ့ဆီမှာ ကိုကိုနှင့်တွေ့ဖို့ ခွင့်တောင်းတော့ ဒယ်ဒီက ပြောတာတွေကိုလည်း ပြန်ပြောပြပါသည်။

ပြောစရာတွေ ကုန်သလောက်နီးပါးရှိတော့မှ ပြန်ချိန်တန်ပြီဆိုတာ သတိရလာပါသည်။

"ကိုကို ဘယ်တော့ပြန်မှာလဲဟင်"

"သည်တစ်ညတော့ နေလိုက်ဦးမယ်၊ မနက်ဖြန် ညနေ ပြန်မယ်ချစ်လေး"

"ဟင်၊ သည်ည ဘယ်မှာအိပ်မှာလဲ"

"ရန်ကင်းဘက်မှာ မိတ်ဆွေတစ်ယောက်အိမ် ရှိတယ်၊ အဲသည့်မှာ အိပ်မယ်၊ ညနေလေးနာရီလောက်ပြန်မယ်၊ ချစ်လေး မနက်ဖြန် ဘယ်အချိန် အားလဲ"

"မနက်မိုးလင်းကတည်းက ကိုကိုမပြန်ခင်အထိကို မအားလည်း အားတယ်ပဲ၊ ကိုကို ဘယ်အချိန်လာစေချင်လဲ"

"ကိုကိုကတော့ ချစ်လေးနဲ့ တစ်နေ့လုံးတွေ့နေချင်တာပေါ့"

"OK ဒါဆို နက်ဖြန် ချစ်လေး ကိုကိုနဲ့အတူ Breakfast စားမယ်"

"ဒါဆို ကျော်တို့ကိုပါ ခေါ်ခဲ့ပါလား။ ကိုကို သူတို့နဲ့လည်း တွေ့ချင်တယ်"

"OK ဒါဆို ကိုကို M3 မှာ မနက်ရှစ်နာရီစောင့်၊ ချစ်လေး သူတို့နဲ့ လာခဲ့မယ်"

"ပြီးရင် ရွှေတိဂုံမှာ ချစ်လေးနဲ့ကိုကို သစ္စာဆိုကြမယ်၊ မကောင်းဘူးလား"

"ကောင်းတယ်ကိုကို၊ ပြီးရင် ကိုကို့ကို နေ့လယ်စာ ချစ်လေး



ကျွေးမယ်နော်"

"ကိုကို ပစ္စည်းနည်းနည်းပါးပါး ဝယ်ရဦးမယ်ကွ၊ သည်က ပြန်ရင် ဖေဖေကို အဲ ဘုန်းဘုန်းကို ဝင်ကန်တော့ပြီး ပစ္စည်းလေးဘာလေး ကပ်ချင်လို့၊ ပြီးမှ ကော့သောင်းကို ဆက်သွားမှာ"

"ဒါဆို ချစ်လေးလည်း ဘုန်းဘုန်းကို ကန်တော့ချင်လို့၊ ကိုကိုနဲ့အတူ ပစ္စည်းလေးတွေ ဝယ်ထည့်ပေးလိုက်မယ်နော်"

"အင်း ဒါပေမဲ့ နည်းနည်းပဲ ဝယ်ပေးနော်၊ ဒါမှ ကိုကိုခွင့်ပြုမယ်၊ အများကြီးဝယ်ပေးမယ်ဆိုရင်တော့ ကိုကိုခွင့်မပြုနိုင်ဘူး"

"မာနကြီးလှချည်လား ကိုကိုရယ်၊ ချစ်လေးကတော့ ကိုကို့အပေါ်ကို မာနထားဖို့ အိပ်မက်တောင်မမက်မိပါဘူး"

"မဟုတ်ပါဘူး။ နားလည်မှုမလွဲပါနဲ့ ချစ်လေးရယ်၊ ချစ်လေးနဲ့ ကိုကိုက လူတန်းစားတူညီရင် ဒါတွေထည့်တွက်စရာ မလိုဘူးပေါ့၊ ဒါပေမဲ့ အခုလို ချစ်လေးနဲ့ကိုကိုက ဘဝအခြေအနေကွာတော့ သူများတွေက တစ်မျိုးမှတ်ချက်ချမှာ စိုးလို့ပါ၊ ပတ်ဝန်းကျင်က ကိုကို့ကို ရုပ်ဆိုးဆိုးမှတ်ချက်တစ်ခုပေးမှာမျိုး ချစ်လေးလည်း ကြိုက်မှာမဟုတ်ပါဘူး။ ကိုကိုပြောတာ လက်ခံတယ်နော်"

စကားပြောပါးနပ်လှတဲ့ ကိုကို့ကို သူမ မလွန်ဆန်နိုင်တော့သဖြင့် ခေါင်းအသာညိတ်ပြကာ ကိုကိုငှားပေးတဲ့ တက္ကစီပေါ်တက်ပြီး အိမ်ပြန်ခဲ့ရပါသည်။

ကိုကိုကတော့ သူမကို မြင်ကွင်းမှ ပျောက်ကွယ်သွားသည် အထိ ရပ်ကြည့်နေလိမ့်မည်ဆိုတာ သူမ အလိုလို သိနေခဲ့ပါသည်။

❀ ✿ ❀

"ကျွန်တော်လည်း ရုတ်တရက် ရန်ကုန်ဆင်းခဲ့ရတာဆိုတော့ ခင်ဗျားတို့အတွက် ဘာလက်ဆောင်မှ ပါမလာခဲ့ဘူး။ အားနာလိုက်တာဗျာ"

"ဟာ မဟုတ်တာ ကိုထက်ရာ၊ ကိုထက်က အပျော်သွားတာမှ မဟုတ်တဲ့၊ အလုပ်သွားလုပ်နေတာပဲ၊ ကျွန်တော်တို့ နားလည်ပါတယ်"

သူမက နန်းကြီးသုပ်ပန်းကန်ကို တူဖြင့် သေချာနှံ့အောင် မွှေပေးပြီး ကိုကို့ရှေ့ ချပေးလိုက်တာကို ဆွေမာနှင့် ငွေယွန်းက တခြားသူတွေကို လက်တို့ကာပြပြီး သူမကိုစနေသဖြင့် သူမ အနည်းငယ်ရှက်ကာ ရယ်မောလိုက်ပါသည်။

"အားမနာပါနဲ့ ကိုထက်သန့်ရဲ့၊ သည်ပိုင်းကို ကိုထက်ရှင်းမှာ မဟုတ်လား"

"အောင်မယ် ကိုကိုက ဘာလို့ ရှင်းရမှာလဲ၊ ဆွေမာနော်



နင်ပဲ လမ်းမှာ အားလုံးစားတာ ငါရှင်းမယ်ဆို"

"မပြောမိပါဘူး"

"ကဲပါဗျာ သူငယ်ချင်းတွေ နောက်မနေကြပါနဲ့ ကျွန်တော် ရှင်းမှာပါ။ ဝတ်လွှာကို အားလုံးက နားလည်အားပေးကြတဲ့အတွက် ကျွန်တော်က သည့်ထက်မကတောင် ကျေးဇူးဆပ်ချင်တာပါ။ ဒါပေမဲ့ အချိန်သိပ်မရလို့ နောက်အခေါက်မှာပဲ သေချာချိန်းပြီး သည့်ထက် ပိုကောင်းတဲ့နေရာ သွားကြတာပေါ့။ ဒါပေမဲ့ နောက်တစ်ခေါက်ဆိုတာ ဘယ်လောက်ကြာဦးမလဲ ကျွန်တော်ကိုယ်တိုင်တောင် မသိသေးတော့ အားလုံးသည်းခံ စောင့်ပေးကြပါဗျာ"

"စောင့်ပေးထားမယ် စိတ်ချ၊ ရဲဆွေနဲ့ ကျော်ကိုလေ တိုင်နဲ့ ခေါင်းနဲ့ ကျွန်မတို့ ဝိုင်းဆောင့်ပေးထားမယ်"

"အောင်မယ် စမ်းကြည့်လေ"

"ဟီ ဟီ၊ ကိုထက်သန့်က ဝတ်လွှာတဲ့၊ စာထဲမှာတော့ သည်လိုခေါ်တာ မဟုတ်ဘူး"

"ဟုတ်တယ်၊ ကျွန်တဲ့သူတွေ အားကျကုန်မှာစိုးလို့ စာထဲ ကလို မခေါ်ဘဲ ဘရိတ်အုပ်ထားတာ"

အနေတည်သော ထက်သန့်က ပြန်နောက်လိုက်သဖြင့် အားလုံး သဘောကျသွားကြပါသည်။

ပျော်ရွှင်စရာကောင်းတဲ့ နံနက်ခင်းလေးတစ်ခုကို ပိုင်ဆိုင်ခွင့်

ပေးတဲ့ ချစ်သူကို ငုံ့ကြည့်လိုက်တော့ သူမလေးက ကိုယ့်ကို "ဘာလဲ" ဆိုတဲ့သဘောနဲ့ မျက်ခုံးပင့်ပြပါသည်။

ရဲဆွေတို့အုပ်စုက Breakfast စားပြီးတော့ ဘုရားသွားရန် ခေါ်သော်လည်း မလိုက်ကြတော့ဘဲ အလိုက်သိစွာ ပြန်သွားကြပါသည်။

ရွှေတိဂုံဘုရားမှာ သစ္စာဆိုပြီးတော့ ဘုရားဖူးကာ မိုလ်ချုပ်ဈေးဘက် ကူးခဲ့ကြပါသည်။ ဝတ်လွှာက ဘုန်းဘုန်းအတွက်ဆိုပြီး သင်္ကန်းနှစ်စုံ၊ တဘက်တစ်ထည်နှင့် Milo တစ်ပုလင်း ဝယ်ပါသည်။ ပြီးတော့ အအေးဆိုင် ခဏထိုင်ကြပါသည်။

"ချစ်လေး အခု ကားကို ပြန်မောင်းနိုင်ပြီလား။ သတိတော့ ထားနော်၊ ဟိုတစ်ခါလိုသာဖြစ်ရင် ကိုယ်က အဝေးမှာဆိုတော့ ချစ်လေး ဘာဖြစ်မှန်း ချက်ချင်းသိရမှာမဟုတ်ဘူး။ တစ်ခုခုဆို ကိုယ်သေလုအောင် စိတ်ပူရလိမ့်မယ်"

"အင်းပါ ကိုကိုရဲ့ စိတ်မပူနဲ့နော်၊ ဘာမှမဖြစ်ဘူး။ ကိုကို အိမ်ကထွက်သွားပြီးတော့ ကိုမောင် မောင်းပို့သေးတယ်၊ မာမီက သူ့ဘာသာ ကိုယ်တိုင်မောင်းပြီး ကိုမောင့်ကို ချစ်လေးအတွက်ပေးထားတယ်။ နှစ်လလောက်နေတော့ ချစ်လေး ပြန်မောင်းနိုင်သွားတာနဲ့ပဲ ကိုမောင် မာမီ့ကားပေါ် ပြန်ရောက်သွားတာပေါ့။ အောင်မယ် ဟိုတစ်ခါ ကားတိုက်တာ ဘယ်သူ့ကြောင့်လဲ ပြောပြပြီးပြီနော်"



"ချစ်လေးရယ် ကိုယ် ချစ်လေးကလွဲရင် ဘယ်မိန်းမမှ စေ့စေ့တောင် ကြည့်ဖို့ စိတ်မပါပါဘူးကွာ၊ ဟာ ချစ်လေးပြောမှ သတိရတယ်၊ မြန်နက ဝါကျွတ်ရင် မင်္ဂလာဆောင်မှာဆိုတော့ ကိုယ်လည်းရှုဘုန်းဘုန်းဝင်ကန်တော့ရင်း လက်ဖွဲ့တစ်ခုလောက် ပေးရအောင်နော်။ ချစ်လေးကြိုက်တာ တစ်ခုလောက် လိုက်ရွေးပေး"

"ရည်းစားဟောင်း မင်္ဂလာဆောင်အတွက်များ တက်ကြွနေလိုက်တာ"

"ဟာကွာ သည်ကောင်မလေး မဟုတ်တာတွေ ပြောနေတယ်၊ အသည်းယားလာပြီကွာ"

ကိုကိုက သူမဆံပင်တွေကို ဆွဲဖွတော့ နှစ်ယောက်စလုံး ရယ်မိကြပါသည်။ ပြီးတော့ သူမက သူပြောတဲ့ မင်္ဂလာလက်ဖွဲ့အတွက် ယိုးဒယားမှလာသော လက်ဆွဲအိတ်နှင့် ထုပ်ပိုးထားသည့် နှစ်ယောက်အိပ်ခြုံစောင်တစ်ထည် ဝယ်ဖို့ ရွေးပေးလိုက်ပါသည်။

အချိန်တရွေ့ရွေ့နှင့် ကုန်ဆုံးသွားသဖြင့် သူ ကားဂိတ်သို့ သွားရတော့မည့်အချိန်ကို ရောက်ရှိလာခဲ့ပါသည်။ ခွဲရခါနီးဆို ကားဂိတ်အသွားမှာ သူမလေးက မျက်နှာလေး မဲ့နေပါသည်။

"ချစ်လေး ပြုံးပြုံးရွှင်ရွှင်နေပါကွာ၊ ချစ်လေးက မျက်နှာမျက်နေတော့ ကိုကို ဘယ်လိုလုပ်ပြီး စိတ်ဖြောင့်ဖြောင့်ပြန်နိုင်မလဲ"

"ခွဲရတော့ လေးလကြီးများတောင်၊ တွေ့ရတော့ နှစ်ခါ

တည်။ နောက်တစ်ခါဆို ကြာကြာနေပါ ကိုကိုရာ နော်"

"ချစ်လေးရယ် ခုတောင် ချစ်လေးကို တွေ့ချင်လွန်းလို့ လာရတာ၊ တစ်ရက်ဆို တစ်ရက်အလုပ်ပျက်တယ်၊ အလုပ်ပျက်တော့ ဝင်ငွေလျော့တာပေါ့။ နောက် အမြဲတမ်း အတူနေရဖို့ ခုတော့ ခွဲနိုင်ရမှာပေါ့ကွာ"

"ကိုကိုက သိပ်အသည်းမာတာပဲ၊ မာနိုင်မှာပေါ့လေ၊ ချစ်လေးလောက်မှ မချစ်ဘဲကိုး"

"ကိုကို့ကို သည်လောက်မှ နားမလည်ရင် ကိုကို ပင်ပင်ပန်းပန်း လုပ်နေတာတွေ ဘာအကျိုးရှိတော့မလဲ၊ ကိုကို စိတ်မကောင်းအောင် ရွေးပြောနေတာလား"

သူမကို ဆူသလိုလေး တစ်ချက်အော်မိပြီးတော့ ငိုမလို မျက်နှာလေး မဲ့လာတော့လည်း သူပဲ ပြန်ချော့ရပါသည်။

"မငိုနဲ့နော်၊ ချစ်လေး ကိုကို့ကို မခွဲနိုင်လို့ ဂျီကျနေတာ ကိုကိုသိတာပေါ့။ ဒါပေမဲ့ အခြေအနေတွေကို ချစ်လေး နားအလည်ဆုံးပါကွာ။ ခုနက ကိုကိုအော်မိတာ စိတ်မဆိုးနဲ့နော်"

သူမလေးကို ရင်ခွင်ထဲသွင်းကာ သူမရဲ့ ဆံပင်လေးတွေကို ပွတ်သပ်ရင်းချော့တော့ သူမလေးက ကိုယ့်ကို ဟိုတစ်ညတုန်းကလို တင်းတင်းကျပ်ကျပ် ဖက်တွယ်ထားပါသည်။

ပြီးတော့ မယုံနိုင်စရာကောင်းစွာ ကိုယ့်လည်တိုင်ကို လက်နှစ်



ဖက်နှင့် ယှက်တွယ်ပြီး ကိုယ့်နဖူး၊ ပါးပြင်နှင့် မေးရိုးကို ခပ်ဖွဖွ နမ်းရှိုက်နှုတ်ဆက်ပါသည်။

"ကြည့်စမ်း၊ ကိုကို့ကို မခွဲနိုင်အောင် ချုံနေတာလား"

သူမခါးလေးကို လက်နှစ်ဖက်နှင့် ဖွဖွဖက်ကာ သူမမျက်နှာကို ကြည့်ရင်း အသည်းယားစွာ မေးတော့

"မဟုတ်ပါဘူး။ ခုနက ကိုကိုစိတ်ဆင်းရဲအောင် ဆိုးမိလို့ ကိုကိုလိုချင်တဲ့လက်ဆောင် ပေးတာ"

လို့ ရှက်သလိုလေးဖြေပြီး သူမမျက်နှာကို သူ့ရင်ခွင်ထဲ အတင်းတိုးကပ်ထားပါသည်။

သူမလေးက ဆွဲပွေ့ဖျစ်ညှစ်ချင်စရာကောင်းလောက်အောင် ယုန်ဖြူလေးလို ချစ်စရာကောင်းလွန်နေတာမို့ သူလည်း သူမရဲ့အနမ်းတွေကို ခပ်ကြမ်းကြမ်းတုံ့ပြန်မိပါတော့သည်။

သူ့ရင်ခွင်ထဲမှာ ငြိမ်သက်နူးညံ့ပျော့ပျောင်းနေတဲ့ သူမလေးကို မခွဲချင်သော်လည်း အချိန်ကျရောက်လာပြီမို့ သူ မတတ်နိုင်စွာဘဲ သူမရဲ့ပခုံးနှစ်ဖက်မှ အသာကိုင်ကာ ခပ်သာသာလေး ဆွဲထုတ်လိုက်ရပါသည်။

"ချစ်လေး ကိုကိုပြောတာ နားထောင်နော်၊ ကားဂိတ် လိုက်မပို့နဲ့တော့၊ ကားထွက်သွားရင် ချစ်လေး ငိုကျန်ခဲ့ရမှာမျိုး ကိုကိုမလိုချင်ဘူး၊ သည်ကပဲ ကားငှားစီးပြီး ကားဂိတ်သွားလိုက်တော့မယ်၊

ချစ်လေး သည်ကနေပဲ အိမ်ကို တန်းပြန်တော့၊ ကားဂရုစိုက်မောင်း။ ကိုကို့ကို ဘာမှာချင်သေးလဲ''

''ကိုကို ကျန်းမာရေး ဂရုစိုက်၊ ဘယ်မိန်းကလေးနဲ့မှ မရင်းနှီးနဲ့၊ ပြီးတော့ ချစ်လေးဆီစာရေး၊ ဖုန်းဆက်''

''OK ဒါဆို ကိုကို ကားငှားလိုက်တော့မယ်''

ကိုကိုက သူမကားထဲက မထွက်ခင် သူမရဲ့မေးစေ့ကို ဖျတ်ခနဲ ငုံ့ကာနမ်းရှိုက်လိုက်ပါသည်။ ထို့နောက် Taxi တစ်စီးလှမ်းတားပြီး သူမကားပေါ်က သူ့ပစ္စည်းတွေကို Taxi ပေါ်ပြောင်းတင်ကာ သူမကို နှုတ်ဆက်ပြီး Taxi နှင့် ထွက်ခွာသွားပါတော့သည်။

သူမလည်း ဝဲချင်လာတဲ့မျက်ရည်တွေကို သုတ်ပစ်ပြီး အိမ်ပြန်လာရာလမ်းတစ်လျှောက်မှာ ကိုကို့စကားသံတွေ၊ ချစ်ခြင်းမေတ္တာတွေနဲ့ အနမ်းတွေကို ရင်ခုန်စွာပဲ ပြန်အတိရနေမိတော့သည်။

❀ ❀ ✿ ❀ ❀

## အခန်း (၂၁)

ချစ်လေး

ကိုယ် သည်စာကို ကော့သောင်းက ရေးလိုက်တာ။

သည်မှာ အလုပ်အတွက် ခွင်တွေတော့ တွေ့ထားတယ်။ ဒါပေမဲ့ မကျွမ်းကျင်ဘဲနဲ့တော့ မလုပ်ချင်လို့ ကိုယ်အခု စက်လှေသူဌေးတစ်ယောက်ဆီမှာ လုပ်ငန်းလေ့လာရင် အလုပ်လုပ်နေတယ်။ နောက်သုံးလလောက်ဆိုရင်တော့ လုပ်ငန်းစမယ် စဉ်းစားထားတယ်။

ချစ်လေး နေကောင်းရဲ့လား။

အရမ်းအလုပ်များလို့ စာကို တိုတိုပဲရေးနိုင်ရင် ချစ်လေး စိတ်မကောင်းမဖြစ်နဲ့နော်။

ကိုယ် မအားတာကြောင့်ရော၊ ဖုန်းပြောဖြစ်ရင် ခဏလေးနဲ့ ပြောလို့မဝတာကြောင့်ရော ဖုန်းသိပ်ဆက်ဖြစ်မှာ မဟုတ်ဘူး။

စာကိုတော့ ထုံးစံအတိုင်း တစ်လတစ်စောင် ရေးမယ်နော်။

ချစ်လေးစာရေးဖို့ အောက်မှာ ကိုယ် အခုနေတဲ့လိပ်စာ ရေးပေးလိုက်တယ်။

ကျန်းမာရေး ဂရုစိုက်၊ စာမှန်မှန်ကျက်။

အားလုံးကိုသတိရတယ် ပြောပေးနော်။

ချစ်လေးရဲ့ အနမ်းတွေကို အရမ်းသတိရနေတယ်။

ချစ်လေးရဲ့

ကိုကို

ထက်သန်

ထုံးစံအတိုင်း ကိုကို့စာလေးကို ရင်မှာအပ်ကာ သည်အချိန်ဆို ကိုကို ဘယ်လောက်ပင်ပန်းတဲ့ အလုပ်တွေကို လုပ်နေရပြီလဲလို့ သူမ တွေးနေမိပါသည်။

တစ်ခါတလေတော့လည်း သီချင်းတွေထဲကလို အတောင်ပေါက်ကာ ကိုကိုရှိတဲ့နေရာကို ပျံသန်းသွားလိုက်ချင်ပါသည်။ စိတ်ကူးတွေ တစ်ဝကြီးယဉ်ပြီးတော့မှ စာလေးကို သိမ်းနေကျနေရာမှာ ထည့်သိမ်းကာ စာကျက်ရန် စာကြည့်စားပွဲဆီ လှမ်းခဲ့ပါသည်။

ဘာလိုလိုနဲ့ သူမတို့ ဒုတိယနှစ်စာမေးပွဲဖြေဖို့ နှစ်လလောက်ပဲ လိုတော့သည်။



ကိုကိုပေးတဲ့စာလေးတွေလည်း သူမဆီမှာ တဖြည်းဖြည်း များပြားလာခဲ့ပြီဖြစ်သည်။

သုံးနှစ်ဆိုတဲ့ အချိန်ကာလဟာ စောင့်နေသူအတွက်တော့ ရှည်ကြာလွန်းတဲ့ ကာလတစ်ခုပင် ဖြစ်တော့သည်။

သူမတို့ ဒုတိယနှစ်စာမေးပွဲ ဖြေပြီးလို့ အောင်စာရင်းထွက်ချိန်မှာ ကိုကိုလည်း ကော့သောင်းမှာ အခြေကျနေပြီးဖြစ်သည်။

ကိုကို့စာများအရဆိုလျှင် ကိုကို့သူဌေးက ကိုကို့ရိုးသားမှုနှင့် လုပ်ရည်ကိုင်ရည်ကို သဘောကျသဖြင့် အလုပ်မှ ထွက်ခွင့်မပေးဘဲ ကိုကို့လုပ်အားခများကို လုပ်ငန်းထဲမှာ ရှယ်ယာသဘောမျိုး ထည့်ပေးထားကာ ကိုကို့ကိုလည်း သူ့ရဲ့ အတိုင်ပင်ခံသဘောမျိုး နေရာပေးထားသည်ဟု သိရပါသည်။

ဒါပေမဲ့ ထက်မြက်ပြီး အရည်အချင်းရှိသော ကိုကိုက သူ့မှာ အရင်ရှိပြီးသား ငွေရင်းနှင့် ယုံကြည်ရသောလူအချို့ကို စုစည်းကာ လုပ်ငန်းသေးသေးလေးတစ်ခု လည်ပတ်ထားပြီး သူက တစ်ပတ်တစ်ခါလောက်ပဲ သွားရောက်စစ်ဆေးကြီးကြပ်ကာ လုပ်ငန်းနှစ်ခု တစ်ပြိုင်တည်းလုပ်နေသည်ဟု သိရပါသည်။

ကိုကို့ဆီက ကြားလိုက်ရလျှင် သူအဆင်ပြေသည့်အကြောင်း လုပ်ငန်းအခြေအနေ ဘယ်လိုရှိကြောင်း အားရစိတ်ချမ်းသာစရာများ ပင်။

ဒယ်ဒီ နှင့်မာမီအမြဲပြောနေကျ စကားတစ်ခုကတော့ လုပ်ငန်းကြီးလေ ပြဿနာများလေ၊ လုပ်ငန်းများလေ အဆင်မပြေတာတွေ ရှိလေတဲ့။

ကိုကိုလည်း သူရင်ဆိုင်ကြုံတွေ့ရတဲ့ အဆင်မပြေတာတွေ၊ ဆုံးရှုံးမှုတွေ၊ ခက်ခဲမှုတွေ အနည်းအများတော့ ရှိမှာပါပဲ။

ဒါပေမဲ့ သူမ စိတ်ပူမှာ၊ စိတ်ဆင်းရဲမှာစိုးလို့ အဆင်မပြေတာတွေကို ဘယ်တုန်းကမှ သူမဆီ မပြောခဲ့တာပဲဖြစ်ရမယ်လို့ တွေးမိရင် ညာတာတတ်လွန်းတဲ့ ကိုကို့ကို အချစ်ပိုရပါသည်။

ကိုကို့ဆီက လက်ခံရရှိတဲ့စာ တစ်ဆယ့်ခြောက်စောင်ရှိပြီး ဖြစ်တဲ့အချိန်မှာ သူမလည်း တတိယနှစ် စာသင်ကာလ တစ်ဝက်ကျိုးနေပြီဖြစ်သည်။

အင်မတန်အလုပ်များကာ မအားလပ်လှပုံရသော ကိုကိုက စာရေးရင် တိုတောင်းလွန်းလှကာ ဖုန်းလည်း ကော့သောင်းရောက်ပြီးမှ နှစ်ကြိမ်လောက်သာ ဆက်သေးသည်။

အရင်လို ကလေးမဆန်တော့တဲ့ သူမကတော့ သူနှင့်မတွေ့ရတာ တစ်နှစ်ကြာပြီဖြစ်သော်လည်း ဂျီကျဂျစ်တိုက်ဖို့ စိတ်မကူးတော့ဘဲ စာရေးရင်တောင် "ကိုကိုနေကောင်းရဲ့လား။ ကျန်းမာရေး ဂရုစိုက်နော်၊ အရမ်းသတိရတယ်" ဆိုတာလောက်သာ အဓိကရေးဖြစ်ပါသည်။



"မတွေ့ရတာ ကြာလှပြီ၊ တွေ့ချင်တယ်ကိုကိုရယ်" လို့ ရေးလိုက်ရင် သူမဆီ လည်လာချင်၊ အလုပ်တွေလည်း မပြတ်နဲ့ ကိုကို ဗျာများနေမှာကို သူမ စိုးရိမ်တတ်ခဲ့ပြီ။

ဪ အချစ်ဆိုတာ လူတွေကို အကြောင်းအရာအမျိုးမျိုး၊ အတတ်ပညာ အမျိုးမျိုး သင်ပေးနိုင်စွမ်း ရှိပါလားနော်။

အရင်ကဆို သူမက လူတစ်ယောက်အပေါ် သည့်လိုစာနာ၊ ငဲ့ညှာတွေး တွေးကာ ကိုယ့်ဆန္ဒကို မျိုသိပ်ဖုံးဖိထားဖို့ စိတ်တောင် မကူးဖူးပါ။

ဒယ်ဒီတို့ရဲ့ ချမ်းသာကြွယ်ဝမှု၊ အလိုလိုက် ဖြည့်ဆည်းမှုနှင့် ကြီးကြီးပြုံးတို့ အခြားအလုပ်သမားတို့တွေရဲ့ ရွှေပေါ်မြတင် ဖူးဖူးမှုတ် ခံရခြင်းတွေကြားမှာ သူမက အမြဲတမ်း လိုတာပြည့်ကာ မဆိုးသော်လည်း ကလေးဆန်ဆန် ဂျစ်တိုက်တတ်သူတစ်ယောက် ဖြစ်ခဲ့ပါသည်။

အခု ကိုကိုနှင့်ကျမှ အရင်က နားမလည်ခဲ့သည့်အကြောင်းအရာတွေကို နားလည်လာတတ်ခဲ့ပြီဖြစ်သည်။

ကိုကို့ကို သိပ်သတိရလာလျှင် စာတွေထုတ်ဖတ်၊ ကိုကို့ ရုပ်အကျီဝတ်ကြည့်၊ တစ်ခါတစ်ရံ ဒေါ်ကြီးပြုံးနားကပ်ပြီး ကိုကို့ရဲ့ ဟိုးအရင်အကြောင်းတွေ မေးမြန်းပြောပြနိုင်း စသဖြင့် အလွမ်းဖြေရပါသည်။

သည့်တစ်လောမှာတော့ ကိုကို့ကို မနေထိုင်၊ မထိုင်နိုင် လောက်အောင်ကို သတိရမိသဖြင့် ကိုကို့ဖုန်းဆက်ရင် သိပ်ကောင်းမှာပဲကွာဟု တမ်းတနေတုန်းပင် ကိုကို့ဆီက ဖုန်းတကယ်ဝင်လာသဖြင့် သူမက လှပတဲ့တိုက်ဆိုင်မှုကို ကျေနပ်ဝမ်းမြောက်မဆုံး ရှိလေသည်။

"ချစ်လေး ခု ကိုကို ရန်ကုန်ကို အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ ရောက်နေပြီ၊ ချစ်လေးနဲ့ ပြီးခဲ့တဲ့အခေါက်တုန်းက ထိုင်တဲ့ ကားဂိတ်နားက ဆိုင်မှာ စောင့်နေမယ်၊ ချစ်လေး ထွက်လာခဲ့လိုက်နော်၊ အဆင်ပြေရဲ့လား"

"ပြေတယ်ကိုကို၊ နာရီဝက်အတွင်း ရောက်မယ်၊ ဒါပဲနော်၊ တွေ့မှ အဝပြောမယ်"

"ချစ်လေး ကားဖြည်းဖြည်းမောင်းနော်"

"ဟုတ် ကိုကို"

သူမ ကားသော့ဖြုတ်ရင်း နာရီကြည့်လိုက်တော့ ညနေလေးနာရီ ရှိနေပြီမို့

"ကြီးပြုံးရေ မီးငယ် အပြင်ခဏသွားမလို့၊ မာမီပြန်လာလို့ မေးရင် ခုနစ်နာရီလောက် ပြန်ရောက်မယ် ပြောပေးနော်"

လို့ အော်ခဲ့ကာ အဝတ်အစားပင်မလဲတော့ဘဲ ကားမောင်းထွက်ခဲ့လိုက်ပါသည်။

အပြောဖျော့ဖျော့ ရှပ်အင်္ကျီနှင့် ခရီးအနည်းငယ်ပန်းလာပုံရတဲ့



ကိုကို့ကို မြင်လိုက်တော့ သူမ ပြောမပြတတ်အောင် ဝမ်းသာရင်ခုန်သွားပါသည်။

"ကိုကို အရေးကြီးတဲ့ကိစ္စဆိုတာ ဘာလဲ၊ ချစ်လေး စိတ်တောင်ပူမိတယ်"

"စိတ်ပူစရာ မဟုတ်ပါဘူး။ အမောဖြေပါဦး ချစ်လေးရဲ့၊ ရော့ ကိုကို Pokka တစ်ဘူး ကြိုမှာထားတယ်၊ သောက်လိုက်၊ အေးအေးဆေးဆေး ပြောပြမယ်"

"ပြောတော့၊ သိချင်ပြီ၊ ချစ်လေး Pokka သောက်ရင်း နားထောင်မယ်"

"ကိုကို ဟိုတစ်ခါတည်းတဲ့ ရန်ကင်းတိုက်ခန်းက ကော့သောင်းကို လှမ်းပြီးအကြောင်းကြားတယ်၊ သူတို့အောက်ထပ်အခန်းက အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ အမြန်ရောင်းချင်လို့တဲ့၊ ဈေးကလည်း ခပ်ချိုချိုနဲ့ ရမယ်၊ သည်ရက်ပိုင်းအတွင်း ရောင်းချတာဆိုတော့ ဝယ်မယ်ဆို အမြန်လာခဲ့ဆိုတာနဲ့လေ၊ ကိုကို ဟိုကထွက်ခါနီး ချစ်လေးဆီ ဖုန်းခေါ်တာ မရတာနဲ့ သည်ရောက်တော့ ကားပေါ်ကဆင်းဆင်းချင်း ဖုန်းလှမ်းဆက်ရတယ်၊ တော်ကြာ သည်ကလေးမ စိတ်ကောက်မှာစိုးလို့ဗျ"

"မကောက်ပါဘူး ကိုကိုရယ်၊ ဟိုက လုပ်ငန်းတွေကို ပစ်ထားခဲ့ရလောက်အောင် သည်တိုက်ခန်းက အကျိုးအမြတ်ရှိလို့လား

ကိုကိုရဲ့"

"ရှိတာပေါ့၊ နေရာကလည်း အချိန်မရွေး အရောင်းအဝယ် ဖြစ်နိုင်တဲ့နေရာ, ဈေးကလည်း ချိုတယ်ဆိုတော့ ဝယ်ပြီးအိမ်ငှား တင်ထားလိုက်မယ်၊ နောက်တစ်နှစ်ခွဲလောက် အိမ်ငှားလိုက်ရင် ဆယ် သိန်းဝန်းကျင် ပြေးမလွတ်ပါဘူး ချစ်လေးရဲ့၊ ချစ်လေး ကျောင်းပြီး သွားရင် အဲသည့် အိမ်ငှားခ ရထားတဲ့ပိုက်ဆံနဲ့ အခန်းကိုရှိုင်းလိုက်ပြီး ရောင်းရင် အေးဆေးမြတ်တယ်၊

လိုတဲ့ငွေ ထပ်ထည့်ပြီး ချစ်လေးနဲ့ကိုကိုနေဖို့ တစ်ထပ်တိုက် လုလုလေးတစ်လုံး စိတ်တိုင်းကျ ရှာဝယ်ကြမယ်လေ၊ တိုက်ခန်းဈေး တွေက တရိပ်ရိပ်တက်နေတာဆိုတော့ တစ်နှစ်ခွဲလောက် အောင်းထား ရင် ဘဏ်မှာ ငွေစုတာထက်တောင် ကိုက်သေးတယ်"

"ကိုကိုက သိပ်တွက်တတ်တာပဲနော်၊ သည်ပညာတွေ ဘယ် သူသင်ပေးတာလဲ"

"ဘဝက သင်ပေးတာပေါ့ ချစ်လေးရဲ့၊ အဲဒါ သည်နေ့ ကြည့်ရှုဈေးညှိပြီး မနက်ဖြန်. စာချုပ်ချုပ်မယ်၊ ကိုကို့မိတ်ဆွေက သေချာကြည့်ရှု ပြောဆိုပြီးသားဆိုတော့ အဆင်မပြေစရာ ဘာမှမရှိပါ ဘူး"

"အလုပ်ကလည်း အလုပ်ပေါ့၊ ဒါပေမဲ့ ကျန်းမာရေးတော့ ဂရုစိုက်ပါ ကိုကိုရယ်၊ အအိပ်အစား မှန်ရဲ့လားဟင်"



"မှန်ပါတယ် ချစ်လေးရဲ့၊ ကိုကိုလည်း နေမကောင်းဖြစ်ရင် အံလုပ်ပျက်မှာ ကြောက်တာပဲ"

"အလုပ်ဆိုတာချည်းကို သည်လောက် မမဲပါနဲ့ ကိုကိုရယ်၊ သုံးနှစ်ပြည့်လို့ ကိုကို့မှာ အဆင်သင့်မဖြစ်သေးတာပဲ ဖြစ်ဖြစ်, အဆင် သင့်ဖြစ်ရဲ့သားနဲ့ ဒယ်ဒီတို့က လက်မခံတာပဲဖြစ်ဖြစ် ချစ်လေးက ကိုကို့ကိုပဲ ချစ်မှာ၊ 'လက်ထပ်မှာပါ"

"ကျေးဇူးတင်ပါတယ် ချစ်လေးရယ်၊ ချစ်လေးရဲ့ သစ္စာတရား ကိုလည်း ယုံကြည်ပါတယ်၊ ဒါပေမဲ့ နောက်တစ်နှစ်ခွဲဆိုရင် ကိုကိုဟာ တိုက်တစ်လုံး, ကားတစ်စီးနဲ့ လုပ်ငန်းလေးတစ်ခုတော့ ဘယ်လိုပဲ ကြိုးစားရ ကြိုးစားရ ပိုင်ဆိုင်ချင်တယ်၊ အန်ကယ်တို့ အန်တီတို့ လက်ခံတာပဲဖြစ်ဖြစ်, ငြင်းဆိုတာပဲဖြစ်ဖြစ် ကိုကို့ဘက်ကတော့ ပြော ခဲ့တဲ့စကားအတိုင်း တည်တဲ့အကြောင်း ပြချင်တယ်"

"မာမီတို့ လက်မခံဘူးဆိုရင်လည်း ချစ်လေးနဲ့ကိုကို စိတ် မပျက်တမ်း ကြိုးစားကြမယ်နော်"

"ယုံပါတယ် ကိုကို့ရယ်၊ ချစ်လေးလေ ခုတစ်လော ကိုကို့ကို အရမ်းသတိရပြီး တွေ့ချင်နေတာ၊ သိလား၊ ကိုကိုဖုန်းဆက်တော့ ဟုတ်မှဟုတ်ရဲ့လား၊ ငါ စိတ်ထဲက ဖြစ်ချင်တာတွေကိုများ နားက ကြားမိတာလားလို့တောင် ထင်နေတယ်"

"ချစ်လေးရယ် အရမ်းပြောတတ်တယ်နော်"

"တကယ်ပါ ကိုကိုရ၊ သည်တစ်ခေါက်ရော တစ်ရက်ပဲနေပြီး မနက်ဖြန် ပြန်မှာလားဟင်၊ ချစ်လေးနဲ့ကိုကို မတွေ့ရတာ တစ်နှစ်တောင် ရှိသွားပြီနော်"

"ဟုတ်တယ်၊ချစ်လေးနဲ့ ကိုကိုက သီချင်းထဲကထက်တောင် ပိုတယ်နော်၊ သီချင်းထဲမှာက ချစ်ရက်တစ်ရက် လွမ်းရက်တစ်ရာတဲ့၊ ချစ်လေးကိုကိုက တွေ့ရတာ တစ်ရက်‚နှစ်ရက် ၊လွမ်းရက်က သုံးရာကျော်တယ်၊ ဒါပေမဲ့ ချစ်လေးရယ် အလုပ်တွေ ထားခဲ့ရတာဆိုတော့ မနက်ဖြန်ညနေပြန်မှ ဖြစ်မယ်၊ ချစ်လေး ဘယ်သွားချင်လဲ ပြော"

"ကိုကိုနဲ့ဆို ဘယ်သွားရသွားရ ချစ်လေးပျော်ပါတယ်၊ ဘယ်မှမသွားဘဲ ခုလိုထိုင်စကားပြောနေရရင်တောင် ကျေနပ်ဝမ်းမြောက်ပြီးသားပါ"

"ကဲ ဒါဆိုလည်း ခင်ဗျားလေးကို ကော့သောင်းကို တစ်ခါတည်း ခေါ်သွားတော့မယ်၊ လာ လိုက်ခဲ့"

ကိုကို့ စနောက်မှုကြောင့် သူမ အားရပါးရ ရယ်မိတော့ ကိုကိုက အသည်းယားသလို အံကြိတ်နေပါသည်။

စကားတွေ အကောင်းများများပြောဖြစ်ပြီး ခြောက်နာရီကျော်မှ လမ်းခွဲခဲ့ကြပါသည်။

ကိုကိုကတော့



"ချစ်လေး မနက်ဖြန် ကိစ္စတွေပြီးရင် ဖုန်း ဆက်လိုက်မယ်နော်"

လို့ သူမကို ချော့သလို၊ မခွဲချင်သလိုလေး မှာလိုက်ပါသည်။

❀ ❀ ✺ ❀ ❀

## အခန်း (၂၂)

နောက်တစ်နေ့ ဆယ့်တစ်နာရီမှာတော့ သူမတို့နှစ်ယောက် လက်ခိုင်ခိုင်တွဲကာ မြို့ထဲလမ်းများမှာ လျှောက်သွားနေခဲ့ကြပြီ မောတော့မှ Mr. Guitar မှာထိုင်ကာ စကားတွေပြောကြပါသည်။

နောက်တော့လည်း သူမ မလိုချင်တဲ့ ခွဲခွာချိန်က ရောက်ရှိလာပြန်ကာ ကိုကိုက သူမဆီက အိပ်မက်တစ်ခုလိုပင် ထွက်ခွာသွားခဲ့ပြန်ပါသည်။

တတိယနှစ်စာမေးပွဲ ပြီးသွားပြန်ကာ နောက်ဆုံးနှစ်ရောက်လာသည်အထိ ကိုကိုနှင့် ထပ်တွေ့ခွင့်မရသေးဘဲ ရှိလေသည်။

ကျောင်းမှာနေသည့် နှစ်နှစ်ကျော်ကာလအတွင်းမှာ ကိုကို့ရဲ့လုပ်ငန်းတွေ တိုးတက်များပြားလာကာ ဆိုင်ကယ်တစ်စီး၊ အိမ်တစ်လုံးနှင့် ငွေအမြောက်အမြား၊ လုပ်ငန်းအတွေ့အကြုံ အများ



အပြားကို ကိုကိုစုဆောင်းနိုင်ခဲ့သဖြင့် သူမကိုရေးသည့် စာတွေထဲမှာ ကိုကို့လေသံက မျှော်လင့်ချက်ဖြင့် တက်ကြွနေခဲ့သည်။

"ချစ်လေး စာမေးပွဲပြီးတာနဲ့ ကိုကိုရန်ကုန်လာနိုင်အောင် ခုကတည်းက အလုပ်တွေ ဖြတ်နေတယ်။ အိမ်တွေ၊ ဆိုင်ကယ်တွေလည်း ရောင်းဖို့ ဈေးဆိုင်ထားပြီးပြီ။ သည်မှာက ငွေတန်ဖိုးပိုများတော့ ရန်ကုန်ရောက်ရင် ချစ်လေးစိတ်ကြိုက် ကိုကို ပြင်ဆင်လုပ်ကိုင်နိုင်မှာပါ။ ချစ်လေးကြိုက်တဲ့ အိမ်ကို ကြိုက်တဲ့နေရာမှာ ကြည့်ထားနော်။ ပြီးတော့ ချစ်လေး ခုစီးနေတဲ့ Saloon ကားမျိုးလည်း ဘာအရောင်လေး စီးချင်လဲ စဉ်းစားထား။ ဟုတ်လား။ အားလုံး စီစဉ်ပြီးချိန်နဲ့ ချစ်လေးဘွဲ့ယူရမယ့်အချိန် ကွက်တိလောက်ဖြစ်သွားမှာပါ။"

ကိုကို့စာကို ဖတ်ကာ သူမတောင် စိတ်တွေတက်ကြွ မျှော်လင့်တတ်လာပြီး မကြာခင်ပဲ ကိုကိုနဲ့ နီးစပ်ခွင့်ရတော့လို့ ထင်ယောင်ထင်မှားတတ်ပါသေးသည်။

အစီအစဉ် အတွက်အချက်တော်သော ကိုကိုက တကယ်ပင် သူမ နောက်ဆုံးနှစ်ဖြေပြီး တစ်ပတ်အကြာမှာ ရန်ကုန်သို့ အပြီးရောက်ချလာခဲ့ပါတော့သည်။

"ဟိုမှာရှိတဲ့ လုပ်ငန်းက ဆက်လုပ်ရင် အများကြီးဖြစ်ဦးမှာကွ၊ ဒါပေမဲ့ ခုရောင်းခဲ့တော့လည်း ထိုက်ထိုက်တန်တန် ရခဲ့တာပါပဲလေ၊ ချစ်လေးကိုလည်း ကိုယ် နယ်မှာ မထားရက်ပါဘူး"

သည့်နောက်တော့ သူမရယ်၊ ကိုကိုရယ် ပြီးတော့ ရဲဆွေတို့ အုပ်စုကလည်း ဝိုင်းဝန်းကူညီကာ ရန်ကင်းတိုက်ခန်းကို အတွင်း Decoration ပြင်ဆင်၊ ပြီးတော့ ပွဲစားတွေနှင့် ဆက်သွယ်ကာ ရောင်း။ ကိုကိုတွက်ဆသလိုပင် သိန်းဆယ်ဂဏန်းလောက် အသာ လေးမြတ်ပါသည်။

ပြီးတော့ ငွေယွန်းမိတ်ဆွေအကူအညီဖြင့် ကျောက်ကုန်း ဘက်က တစ်ထပ်တိုက်အပြားလေးကိုဝယ်ကာ ကိုကိုက သူမ အကြိုက် ပန်းနုရောင်များဖြင့် ခြယ်သမဆုံး ဖြစ်နေပြီးမှ "မြတ်နိုးဂေဟာ" လို့ နာမည်ပေးကာ ရဲဆွေ၏အကူအညီဖြင့်လည်း မော်ဒန် အတန်အသင့်မြင့်သော အနီရဲရဲ Saloon ကားလေးတစ်စီးကို ဝယ်ယူ လိုက်ပါသည်။

အားလုံးပြင်ဆင်ပြီးချိန်မှာ သူမတို့ Final Year ရဲ့ Result လည်း ထွက်ခါနီးပြီ ဖြစ်လေသည်။

ကိုကိုက သူ့မှာရှိတဲ့ ငွေသားပမာဏနှင့် အခြားပိုင်ဆိုင်မှုများ အားလုံးကို သူမနာမည်နှင့် ဝယ်ယူထားရှိကြောင်း စာချုပ်စာတမ်း များကိုပြကာ ဆရာစံလမ်းဘက်မှာ စားသောက်ဆိုင် (သို့) ကော်ဖီဆိုင် ဖြစ်ဖြစ်၊ ကြက်ကြော်ဆိုင်လိုမျိုးဖြစ်ဖြစ်၊ အပြင်အဆင်၊ လက်ရာ ထူးထူးခြားခြားနှင့် Customer များကို ဆွဲဆောင်နိုင်သော ဆိုင်တစ် ဆိုင်ဖွင့်ရန် စီစဉ်ထားကြောင်း ပြောပြကာ သူမဆီမှာလည်း အကြိ



ဉာဏ်များ တောင်းခံတိုင်ပင်လေသည်။

သူမဆီက အကြံဉာဏ်တောင်းတယ်ဆိုပေမယ့် တကယ် တမ်းမှာ သူမက ဟိုစပ်စပ် သည်စပ်စပ် နှမ်းဖြူးရုံလောက်ပဲရှိတာ တကယ်ပင်ပန်းတာက ကိုကိုပဲဖြစ်ပါသည်။

ဆိုင်နေရာ ငှားတာ၊ အဆက်အသွယ်ရှာတာ၊ ဆိုင်ကို ပြင် ဆင်တာ၊ ရောင်းချဖို့ပစ္စည်းတွေ ဝယ်ခြမ်းတာ၊ အလုပ်သမားခေါ်တာ၊ အကုန်လုံးကို ကိုကိုကပဲ အစအဆုံး စီမံလုပ်ကိုင်ကာ သူမနှင့် ရဲဆွေတို့ ခြောက်ယောက်လောက်ကတော့ တစ်ခါတစ်ရံ လိုအပ်တဲ့အခါမှာ အနည်းအကျဉ်း ကူရုံပင်။

သူမတို့ တတိယနှစ် Result ထွက်တဲ့နေ့မှာပင် ကိုကို့ရဲ့ "Winter Lover Coffee and Snack Bar" ဆိုင်လေးကို ဖွင့်ပွဲလုပ် ပါသည်။ Television နှင့် City FM တွင် ကြော်ငြာအားကောင်းခြင်း၊ ဆိုင်အပြင်အဆင်နှင့် အစားအသောက်များ ထူးခြားကောင်းမွန်ခြင်း ကြောင့် တစ်ခဏအတွင်းမှာပင် အတန်အသင့် အောင်မြင်မှုအရှိန်ရတဲ့ ဆိုင်လေးတစ်ဆိုင် ဖြစ်လာပါသည်။

"ချစ်လေး ကိုကို ချစ်လေးမိဘတွေနဲ့ ပြန်ဆုံတွေ့ဖို့ အချိန် ကျပြီလို့ မထင်မိဘူးလား"

"ဟင် ဘွဲ့ယူဖို့က လအတော်ကြာကြာစောင့်ရဦးမယ်လေ ကိုကိုရဲ့"

"သည်အချိန်မှာ လူကြီးတွေနဲ့ တွေ့ဆုံဆွေးနွေးထားမှ သူတို့ သဘောမကျတာ၊ ပြုပြင်စရာ၊ လိုအပ်တာတွေရှိခဲ့ရင် ကိုယ်တို့ ချစ်လေးတွေ့ယူတဲ့အထိ အချိန်ရသွားမှာပေါ့။ ချစ်လေးမိဘတွေက ကိုယ့်အခြေအနေလောက်ကို ဝမ်းသာအားရ ကြိုဆိုမယ်မထင်ဘူး။ အများကြီး ပြောဆိုဆွေးနွေးရဦးမယ် ထင်တာပဲ"

"ကိုကို စိတ်ပျက်နေတာလားဟင်"

"ဘာလို့ စိတ်ပျက်ရမှာလဲ၊ ကိုကို ဖြစ်နိုင်ခြေကို စဉ်းစားကြည့်တာပါ"

ကိုကိုစဉ်းစားတဲ့အတိုင်း တကယ်ပဲ မာမီနှင့်ဒယ်ဒီက ငြင်းဆယ်ခဲ့ပါသည်။ ကိုကိုက သူ့ပိုင်ဆိုင်မှုများကို တင်ပြပြီး သူမနှင့်အတူ ဘဝတစ်ခုတည်ဆောက်ခွင့်ပေးပါရန် တောင်းခံလာသောအခါ မာမီနှင့် ဒယ်ဒီက "မဖြစ်နိုင်ပါဘူးကွယ်"တဲ့လေ။

"ဘာဖြစ်လို့လဲ ခင်ဗျာ၊ ဘယ်အချက်ကို သဘောမကျလို့ပါလဲ"

"မင်းကို သဘောမကျလို့မဟုတ်ပါဘူး။ သည်အချိန်လောက်အတွင်းမှာ မင်းဘဝကို သည်လောက်ထူထောင်နိုင်ခဲ့တာ ဒို့ကယ်ချီးကျူးပါတယ်၊ ဒါပေမဲ့ အန့်ကယ့်သမီးကို သည်အခြေအနေလောက်လေးနဲ့တော့ သဘောမတူနိုင်ပါဘူးကွယ်၊ သည့်ထက် အဆပေါင်းများစွာ ပြည့်စုံချမ်းသာမှုမျိုးကိုမှ သမီးအတွက် ရည်မှန်းထားတာ"



"ဘယ်လောက်အခြေအနေမျိုးလဲပဲ သိပါရစေ၊ ကျွန်တော် မရ ရအောင် ထပ်ကြိုးစားဦးမှာပါ"

"ကန့်သတ်ချက် မရှိပါဘူးကွယ်၊ သည်လောက်ပိုင်ဆိုင်မှုဒါတွေရှိမှလို့ ချမပေးချင်ပါဘူး၊ သမီးကို လာတောင်းရမ်းတဲ့အထဲက သင့်တော်မယ်ထင်တဲ့လူမျိုးကို အန်ကယ်တို့ လက်ခံမှာပါ"

"ကျွန်တော် နားလည်ပါပြီ၊ ဝတ်လွှာ ဘွဲ့ယူပြီးတဲ့အချိန်ကျရင် တစ်ခေါက်ထပ်လာခဲ့ပါရစေ၊ သည်ကြားထဲ ကျွန်တော့်ကို ကြိုးစားခွင့်ပြုပါ"

မျက်နှာမကောင်းစွာ ထပြန်သွားတဲ့ကိုကို့ကို ကြည့်ပြီး သူမရင်ထဲ မကောင်းလိုက်တာမှ နေရာမှာတင် ပုံလဲကျမတတ်ပင်။

မာမီနှင့်ဒယ်ဒီဟာ လူငယ်တွေရဲ့ ခံစားချက်၊ ကြိုးစားမှုကို အသိအမှတ်မပြုပါလား။ လူကြီးတွေအပေါ် လူငယ်တွေ respect ထားတာကိုလည်း ထည့်မတွက်ပါလား။

သူမတို့ နှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာကို သိလျက်သားနှင့် ကိုကို့ရဲ့အရည်အချင်း၊ သူမကို အလေးထားမြတ်နိုးပုံကို သိလျက်သားနှင့် သည်လောက်ထိ မာကျောရက်နိုင်တာကို သူမ ကြေကွဲလွန်းကာ မအိပ်နိုင်၊ မစားနိုင်၊ အိမ်ကလူတွေကိုလည်း စကားပြောဖို့ အားမရှိတဲ့ ညှိုးချုံးကာ ခွေကျသွားပါသည်။

မာမီနှင့် ဒယ်ဒီက ဂရုစိုက်ကာ ပျော်အောင်ထားပေး၏ အား

ဆေးသွင်းပေးနှင့် အရိပ်တကြည့်ကြည့် နေသော်လည်း ကိုကို့ အကြောင်းတော့ လုံးဝ စကားမဟပါ။

သူမကလည်း အချိန်ပြည့် ငေးမောမှိုင်တွေရုံမှအပ မိဘတွေဆီ အယူခံဝင်ဖို့ စိတ်မကူးပါ။ မျှော်လင့်ချက်သစ်ပင်လေးကို မာမီနှင့်ဒယ်ဒီက ခုတ်လှဲပစ်ရန် ကြိုးစားပေမယ့် ထိုသစ်ပင်လေး ရှင်သန်ဖို့ကိုတော့ ကိုကိုက အစွမ်းကုန်ကြိုးစားမည့်ဟန်ဖြင့် ကော့သောင်းကို ထွက်ခွာသွားခဲ့ပြန်ပါသည်။

သူမ ကိုကို့အိမ်ကို ဖုန်းခေါ်သော်လည်း ဖုန်းကိုင်မည့်သူ မရှိသဖြင့် ကိုကို ဘယ်များသွားလဲ တွေးနေမိပါသည်။

ကိုကို မဟုတ်တာ ဘာတစ်ခုမှ လုပ်မည့်သူမဟုတ်သဖြင့် အလုပ်ကိစ္စတွေကြောင့်သာ အိမ်မှာမရှိတာ ဖြစ်မည်လို့ သူမတွေးတုန်းမှာပင် ရဲဆွေက

"ကိုထက်ပေးခိုင်းလို့ လာပေးတာ"

ဆိုပြီး စာတစ်စောင်လာပေးပါသည်။

ချစ်လေး

ကိုကို ကော့သောင်း ခဏသွားတယ်၊ ကိုကို အရင်အလုပ်လုပ်ခဲ့တဲ့ သူဌေးဦးစောနိုင်ဆီမှာ အပ်ထားတဲ့ငွေတွေကို သွားပြန်ယူတာ၊ သည်ငွေတွေက ကိုကိုလုပ်တဲ့အလုပ်တွေ မအောင်မြင်ဘဲ



အရှုံးပေါ်ခဲ့ရင် ဖြစ်ဖြစ်၊ ငွေကို မဖြစ်မနေ လိုအပ်တဲ့အခါမှာပဲ ဖြစ်ဖြစ် ရင်းစားသဘောမျိုး ပြန်လုပ်ကိုင်ဖို့ သီးသန့်သိမ်းထားတာမို့ ချစ်လေးကိုတောင် မပြောပြခဲ့ဘူး။

ခုတော့ ကိုယ် ဘုရင့်နောင်ဖောင်ဖျက် သဘောထားလိုက်ပြီ။ အဲသည်ငွေတွေ အကုန်လုံးယူလာပြီး မြို့ထဲမှာ "Winter Love" ဆိုင်ခွဲတစ်ဆိုင် ထပ်ဖွင့်မယ်။

ကိုယ် နှစ်ရက်၊သုံးရက်လောက်ပဲ ကြာမှာပါ။ ဆိုင်ကို ရဲဆွေတို့ ၊ကျော်တို့နဲ့ အပ်ခဲ့တယ်။

ချစ်လေး နေကောင်းအောင်နေနော်။ စိတ်ဓာတ်မကျနဲ့။

မအောင်မြင်မချင်း ကိုယ်တို့ ကြိုးစားကြမယ်လေ။ ကိုယ်လည်း စိတ်ဓာတ် မကျပါဘူး။ သည့်ထက်ဆိုးဝါးတဲ့ တုံ့ပြန်ဆက်ဆံမှုကိုတောင် ကိုယ် မျှော်လင့်ထားတာပါ။

ကိုယ် ပြန်ရောက်ရောက်ချင်း ချစ်လေးဆီ ဖုန်းဆက်ပါ့မယ်။ မိဘတွေကို စိတ်ဆိုး၊ စိတ်ကောက်တာမျိုး၊ စကားမပြောတာမျိုး ချစ်လေးမလုပ်မိပါစေနဲ့နော်။ ဒါပဲနော် ချစ်လေး။

ချစ်လေးရဲ့

ကိုကို

ထက်သန်

အင်း ကိုကိုဟာ သူမကိုချစ်ခဲ့တာ ဝဋ်ကြွေးပါလာလို့များ လားလို့ တွေးရမလိုတောင်ဖြစ်နေပြီ။

ဘယ်ယောကျ်ားမှ သည်လောက် ဆင်းရဲပင်ပန်းခံပြီး မိန်းကလေးတစ်ယောက်ကို ချစ်မြတ်နိုးနိုင်မယ် မထင်ဘူး။

လောကကြီးမှာ လူတော်တော်များများက အားထုတ်မှုနည်းနည်းနဲ့ ကောင်းတဲ့အရာကို ပိုင်ဆိုင်ချင်ကြတာချည်းပါပဲ။

ဒါပေမဲ့ ကိုကို ကြိုးစားအားထုတ်မှု မနည်းပါဘဲနှင့် သူမကို ပိုင်ဆိုင်ခွင့် မရနိုင်တာဟာ တစ်ခါတစ်ရံမှာတော့ ဘာကြောင့်များပါလိမ့်လို့တောင် အဖြေရှာမရဘဲရှိလေသည်။

❀ ❀ ✿ ❀ ❀

## အခန်း (၂၃)

သူမ ဘွဲ့ယူပြီး တစ်ပတ်အကြာမှာ ကိုကို ထပ်မံရောက်ချလာပေမယ့် ပထမအကြိမ်တုန်းကလိုပဲ မာမီနှင့်ဒယ်ဒီက ခပ်ပျော့ပျော့လေး ငြင်းဆန်လိုက်ကြပြန်ပါသည်။

ဒုတိယအကြိမ်ဆိုတော့ သူမ အရေထူလာကာ အရင်လောက်မခံစားရတော့ဘဲ ကိုကို့အပေါ်ထားတဲ့ အချစ်တွေကသာ ပိုမိုများပြားလာပါသည်။

နှစ်ယောက်သား တစ်ယောက်လက်တစ်ယောက် ဆုပ်ကိုင်ကာ "တတိယအကြိမ် ကြိုးစားကြတာပေါ့" လို့ မျက်လုံးနှင့် အပြန်အလှန် အားပေးခဲ့ကြပါသည်။

တွဲရပြီး တစ်နှစ်ကြာချိန်မှာတော့ ရန်ကုန်က ဒယ်ဒီ့ကုန်တိုက်လေးခုစလုံးမှာ ကိုကို့ရဲ့ Winter Love" ဆိုင်ခွဲတွေ ဖွင့်လှစ်ခဲ့ပြီး

ဖြစ်သည်။

မျှောနေတဲ့ သူမတို့ဇာတ်မှာ ဒယ်ဒီနှင့်မာမီက အကဲခတ်ကြည့်ပါဆိုတဲ့ အမိန့်နဲ့ သူမဆီကို "ရဲစေဟိန်း" လို့ ခေါ်တဲ့လူငယ်တစ်ယောက်ကို ခေါ်ဆောင်လာခဲ့ပါသည်။

ရဲစေဟိန်းက သူမကို အကဲခတ် သဘောကျပုံမျိုး ပြသော်လည်း သူမကတော့ လုံးဝ စိတ်မဝင်စားပါ။

"ဩစတေးလျမှာ လေးနှစ်တောင် ကျောင်းသွားတက်လာတာ မီးငယ်ရဲ့၊ ရဲစေဟိန်းအဖေ ဦးကျော်စွာဟိန်းက သမီးဒယ်ဒီနဲ့ ငယ်သူငယ်ချင်း။

မြန်မာပြည်မှာ ဟိန်း Construction ဆိုရင် မသိသူ မရှိဘူး။ ဆောက်လုပ်ရေးလုပ်ငန်းတွေကို လက်ညှိုးထိုးမလွဲ ပိုင်တဲ့ တကယ့် ဂရိုတ်တစ်ယောက်ပဲ"

"မာမီတို့က ရဲစေဟိန်းကို သမီးနဲ့သဘောတူတာလား"

"ဟုတ်တယ်လေ၊ ရဲစေဟိန်း နိုင်ငံခြားက ပြန်ရောက်ရောက်ချင်းမှာပဲ သူ့အဖေက မာမီတို့ကို ကမ်းလှမ်းလာတာ၊ ဂုဏ်သိက္ခာ, မျိုးရိုးအဆင့်အတန်း, ပညာ, ချမ်းသာကြွယ်ဝမှုတွေက ဘယ်သူနဲ့မဆို ယှဉ်လို့ရတယ်"

"ဘယ်လိုဖြစ်နိုင်မှာလဲ မာမီ၊ သမီး ကိုထက်သန့်နဲ့ မေတ္တာမျှနေတာကို မာမီသိရဲ့သားနဲ့"



"ဟဲ့ နင်ပြောတဲ့လူက မာမီ ခုနကပြောတဲ့ ဂုဏ်သိက္ခာတို့ မျိုးရိုးအဆင့်အတန်းတို့ ရှိလို့လား။ မနေ့တစ်နေ့ကမှ ပိုက်ဆံရှိတဲ့ နေရာကို ကုတ်ကတ်တက်လာတဲ့သူကများ"

"ကျေးဇူးပြုပြီး သည်လို မပြောပါနဲ့ မာမီ၊ ကိုထက်သန့်တို့ မျိုးရိုးမှာ အကျင့်စာရိတ္တမကောင်းတဲ့သူ ဘယ်သူရှိလို့လဲ၊ ရိုးသားရင် ဂုဏ်ရှိတာပဲ၊ ပိုက်ဆံမရှိရုံနဲ့ သူ့မျိုးရိုးအဆင့်အတန်းကို မာမီက ခွဲချလိုက်တာတော့ မကောင်းပါဘူး။ ပညာဆိုလည်း ဘွဲ့ရပြီးသားပဲ၊ မာမီပြောသလို မနေ့တစ်နေ့ကမှ ပိုက်ဆံရှိလာတာ မှန်ပါတယ်၊ ဒါပေမဲ့ အဲဒါတွေအကုန်လုံးကို သူ ရိုးရိုးသားသား ကြိုးစားပြီး ရှာဖွေခဲ့တာပါ၊

မာမီပြောတဲ့ ရဲစေဟိန်းလို မိဘပိုက်ဆံနဲ့ ကြွယ်ဝတဲ့သူမျိုးက မိဘအရှိန်အဝါ မရှိတော့တဲ့တစ်နေ့မှာ ဘာစွမ်းနိုင်မှာမို့လဲ၊ ရဲစေဟိန်းကို အရင်းအနှီးအချို့ ထုတ်ပေးပြီး သုံးနှစ်အတွင်းမှာ ကိုထက်သန့်လို ပိုင်ဆိုင်မှုမျိုး ရအောင်လုပ်နိုင်းကြည့်ရင် သူလုပ်နိုင်ချင်မှ လုပ်နိုင်မှာပါ။ သူ့ဘာသာ နိုင်ငံခြားမှာ ဘယ်နှနှစ်ကြာအောင်ပဲ ဘာပညာတွေ သင်ခဲ့သင်ခဲ့ သမီး အထင်မကြီးဘူး။ သူ မိုးပျံအောင်ပဲ အရည်အချင်းတွေ ရှိနေပါစေဦး၊ မီးငယ်အပေါ်မှာ ကိုထက်သန့်လို အနစ်နာခံနိုင်မလား။ မြတ်နိုးနိုင်မလား။ နားလည် နိုင်မလား မာမီရယ်"

အဆက်မပြတ် ပြောကာ ငိုချလိုက်တဲ့ သမီးငယ်ရဲ့ခံစားမှု

ပြင်းထန်နေပုံကြောင့် ဒေါ်မိမိကို ခေါင်းတဆတ်ဆတ် ညိတ်နေမိပါသည်။

❀ ✺ ❀

"ကိုကို စိတ်ပူလိုက်တာကွာ၊ အတင်းအကျပ် စီစဉ်လာခဲ့ရင် ချစ်လေး ဘယ်လိုလုပ်မလဲ"

"အဲသည့်လိုတော့ မစီစဉ်လောက်ပါဘူး ကိုကိုရယ်"

"ကိုယ် တစ်ခုစဉ်းစားမိတယ်၊ ကော့သောင်းက ကိုကို့သူဌေး ဦးစောနိုင် အလုပ်ကိစ္စနဲ့ ရန်ကုန်ရောက်နေတယ်၊ သူလည်း လုပ်ငန်းတွေ အများကြီးပိုင်တဲ့ မြို့မျက်နှာဖုံး ဂုဏ်သရေရှိလူကြီးတစ်ယောက်ပဲ၊ သူ့ကို ကိုကို့မိဘနေရာမှာထားပြီး အန်ကယ်တို့ဆီ လာတောင်းရမ်းရင် လူကြီးချင်းဆိုတော့ အဆင်ပြေသွားနိုင်မလားလို့၊ ပြီးခဲ့တဲ့ နှစ်ခေါက်စလုံးက ကိုကိုတစ်ယောက်တည်း လာခဲ့တာဆိုတော့ သည်တစ်ကြိမ်မှာ လူကြီးတစ်ယောက်လောက် ပါချင်တယ်ကွာ"

"ကိုကို ကောင်းမယ်ထင်သလို စီစဉ်ပါ၊ တကယ်လို့ သည်တစ်ကြိမ်မှာလည်း အဆင်မပြေဘူးဆိုရင်တော့ ချစ်လေး တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်တော့မယ်"



ဘယ်လိုဆုံးဖြတ်မှာလဲ ချစ်သူလေးရယ်လို့ ကိုယ် မမေးတော့ပါဘူးကွာ။" သည်တစ်ခေါက်က လုံးဝအဆင်ပြေမယ့်အခေါက်လို့ပဲ ကိုယ် ယုံကြည် နှလုံးသွင်းပါရစေ။ ဒါပေမဲ့ သည်တစ်ခေါက်မှာလည်းပဲ မျှော်လင့်ချက်တို့ ပြိုကွဲရပြန်လေသည်။

"သည်က ဦးစောနိုင်ကိုတော့ အားနာပါတယ်၊ ဒါပေမဲ့ ကျွန်တော့်သမီးကို မိတ်ဆွေတစ်ယောက်ရဲ့သားနဲ့ နေရာချပေးဖို့ စဉ်းစားထားလို့ပါ"

လူကြီးသုံးယောက်နှင့် လူငယ်နှစ်ယောက် စကားပြောနေသော ဧည့်ခန်းက ဆောင်းဝတ်လွှာရဲ့ဖခင် ဦးသက်နိုင်ရဲ့ အငြင်းစကားကြောင့် တိတ်ဆိတ်ငြိမ်သက်မှုတို့ လွှမ်းခြုံသွားပါသည်။

ဒါပေမဲ့ ခဏချင်းမှာပင် ဆောင်းဝတ်လွှာရဲ့ တိုးတိတ်ပြတ်သားတဲ့အသံကြောင့် အားလုံး အံ့အားသင့်သွားကြပါသည်။

"ဒါဆိုရင်တော့ မာမိနဲ့ဒယ်ဒီ သမီးကို ခွင့်လွှတ်ပါတော့၊ မာမီတို့သဘောတူတဲ့ ရဲစေဟိန်းကို သမီး ဘယ်လိုမှ လက်မခံနိုင်တော့လို့ ခုပဲ သမီးချစ်သူနဲ့ လိုက်သွားပါရစေတော့၊ မာမိနဲ့ ဒယ်ဒီတို့ သိက္ခာကျ အရှက်ရမှာစိုးလို့ ခိုးပြေးမယ့်ကိစ္စမျိုးကို သူရော သမီးရော လုံးဝ ရှောင်ကြဉ်ခဲ့ပါတယ်၊ မိဘတွေ လက်ခံသဘောကျအောင်လည်း အမျိုးမျိုး ကြိုးစားခဲ့ကြပါတယ်၊ ဒါပေမဲ့ ကြိုးစားမှုတွေက အရာထင်မလာတဲ့အတွက် နောက်ဆုံး ခုလိုလမ်းကိုပဲ ရွေးစရာရှိပါတော့တယ်၊

မာမိနဲ့ဒယ်ဒီ သမီးကို ကြိုက်သလို အပြစ်ပေး အရေးယူပါတော့၊ အမွေပြတ်စွန့်လွှတ်ရင်လည်း သမီးခံပါ့မယ်''

မာမိနှင့်ဒယ်ဒီကို ကန်တော့ပြီး ကိုကို့လက်ကိုဆွဲကာ ဧည့်ခန်းမှထွက်ရန် ခြေလှမ်းစတုန်းမှာပင် ဦးစောနိုင်ရဲ့

''ကဲ ကိုသက် ကလေးတွေကို သည်လောက်နှိပ်စက်ရတော်ရောပေါ့ဗျာ၊ ပြောပြလိုက်ပါတော့''

ဆိုတဲ့အသံကို ကြားလိုက်ရပြီး ဒယ်ဒီနှင့်မာမိရဲ့ ''သမီး''ဆိုတဲ့ ပြိုင်တူခေါ်သံကြားလိုက်ရသဖြင့် နှစ်ယောက်စလုံး အံ့အားသင့်သွားကြပါသည်။

''သမီးတို့နှစ်ယောက်ကို မာမိတို့ သဘောတူပါတယ်၊ ဟိုးအရင်ကတည်းကပါကွယ်''

ပြုံးနေတဲ့ လူကြီးသုံးယောက်ကို သူမတို့ နားမလည်နိုင်စွာ ကြည့်နေစဉ်မှာပင် ဦးစောနိုင်က

''ကဲ လာထိုင်ကြ၊ ဦးရှင်းပြမယ်''

လို့ ဆိုတာကြောင့် နှစ်ယောက်စလုံး အသာပြန်ထိုင်လိုက်ကြပါသည်။

''မောင်ထက်သန် ကော့သောင်းကိုရောက်မလာခင်ကတည်းက သည်က ကိုသက်က ဦးဆီဖုန်းလှမ်းဆက်တာ၊ ဦးနဲ့ ကိုသက်က တက္ကသိုလ်မှာ လေးနှစ်စလုံး တွဲခဲ့ကြတဲ့ အရမ်းခင်တဲ့ ငယ်သူငယ်ချင်း



တွေပေါ့၊ အဆက်အသွယ်လည်း အမြဲရှိတယ်၊ သူက မောင်ထက်သန်ရဲ့ လုပ်ရည်ကိုင်ရည် အနေအထိုင်တွေကို သိချင်တယ်၊ သေချာစောင့်ကြည့်ပေးပါဆိုပြီး မောင်ထက်သန်နဲ့ သမီးရဲ့အကြောင်းကို ပြောပြတယ်လေ၊

ဦးကလည်း မောင်ထက်သန်ရောက်ကတည်းက စောင့်ကြည့်နေတာ၊ မောင်ထက်သန် ဘာအလုပ်လုပ်မလဲ၊ ဦးတပည့်တွေကို မောင်ထက်သန်နားထားပြီး စောင့်ကြည့်နိုင်းရမယ်လို့ တွေးနေတုန်းမှာပဲ တိုက်တိုက်ဆိုင်ဆိုင် မောင်ထက်သန်က ဦးဆီမှာ အလုပ်ဝင်ခဲ့တယ်လေ၊ ဦးလည်း ကိုယ်တိုင်ကိုယ်ကျ လေ့လာအကဲခတ်ခွင့်ရတော့ မောင်ထက်သန်ရဲ့ကြိုးစားမှုကို သဘောကျပြီး ဦးအနားမှာ ခေါ်ထားလိုက်တော့တာပဲ၊ မင်းအကြောင်း အသေးစိတ်ကိုလည်း ကိုသက်ဆီ သတင်းပို့တာပေါ့၊

အဲသည့်ကတည်းက ကိုသက်နဲ့ မိမိက သဘောတူပြီးသား ဒါပေမဲ့ သူတို့က လူငယ်တွေ ဘယ်လောက်စိတ်ရှည်လဲ၊ အခက်အခဲနဲ့ ကြုံရရင်ရော တစ်ယောက်ကိုတစ်ယောက် စိတ်မပျက်ဘဲ လက်တွဲနိုင်မလား ဆိုတာကို စမ်းသပ်ချင်တယ်ဆိုပြီး ခုလို မောင်ထက်သန်ကို တွင်တွင်ငြင်းတော့တာပဲ၊ ဒါနဲ့ ဦးက ကလေးတွေဇာတ်လမ်း မြန်မြန်ပြတ်အောင်ဆိုပြီး ဦးတူ ရဲစေဟိန်းကို သမီးနားပို့ပြီး ရန်ကုန်ကို ဆင်းလာခဲ့လိုက်တာ၊

ခုလို မင်းတို့မှာရှိတဲ့ ခိုင်မာတဲ့ မေတ္တာ, အရှုံးမပေးတဲ့ဇွဲ, သူမတူတဲ့ ကြိုးစားမှုတွေကို မြင်လိုက်ရတော့ တို့လူကြီးတွေက လိုက်လိုက်လှဲလှဲ သဘောတူပါတယ်ကွာ၊ ဦးကလည်း မောင်ထက်သန့်ကို တူလေး, သားလေးလို့ သံယောဇဉ်ရှိနေတာဆိုတော့ မင်းတို့ရဲ့ မင်္ဂလာပွဲကို ဦးက အခမ်းနားဆုံးဖြစ်အောင် စီစဉ်မယ်ကွာ''

''အန်ကယ်တို့က လူတစ်ယောက်ရဲ့ အရည်အချင်းကို ငွေကြေးထက် ပိုတန်ဖိုးထားတဲ့အတွက် သမီးကို မောင်ထက်သန့်နဲ့ လုံးဝသဘောတူပါတယ်၊ အန်ကယ်တို့ စမ်းသပ်တဲ့ကာလအတွင်းမှာ စိတ်ရှည်ရှည်နဲ့ ကြိုးစားခဲ့တဲ့အတွက်လည်း ချီးကျူးပါတယ်''

''မာမို့သမီးကို ဘယ်သူမှ မောင်ထက်သန့်လောက် နားလည်မြတ်နိုး အနစ်နာခံနိုင်မှာ မဟုတ်ဘူးလို့ မာမီထင်တယ်ကွယ်၊ သည်နေ့ကစပြီး မင်းတို့နှစ်ယောက်ကို ဘယ်လိုအကြောင်းအရာမျိုးကမှ ခွဲလို့ရမှာ မဟုတ်တော့ပါဘူး''

လူကြီးတွေ့ရဲ့စကားကို နားထောင်ပြီး မယုံနိုင်စွာ ဝမ်းမြောက်ပျော်ရွှင် ရင်ခုန်ကြည်နူးရတာ ပြောပြလို့တောင် မတတ်ပါ။

လက်အုပ်ချီပြီး ရှိခိုးဦးချကာ

''မသိဘဲ ပြောမှား, ဆိုမှား, ပြုမှုမှားရှိခဲ့ရင် သားတို့သမီးတို့ကို ခွင့်လွှတ်ပေးပါ''

ဝန်ချတောင်းပန်စဉ်မှာ သူမတို့ ထိုင်နေရာနားကို ဝမ်းသာ



ကြည်နူးနေတဲ့ မျက်နှာတွေနှင့် ဒေါ်ကြီးပြုံး ရဲဆွေ၊ ကျော်၊ ဆွေမာ၊ ငွေယွန်း၊ လှိုင်းဖြူနှင့် သစ္စာတို့ ရောက်ချလာသဖြင့် အားလုံးပြည့်စုံသာယာသွားသလို ခံစားရပါသည်။

လက်ဖျားချင်း ချိတ်ဆက်ဆုပ်ကိုင်ထားတဲ့ သူတို့နှစ်ယောက်ကတော့ တစ်ယောက်မျက်လုံးထဲ တစ်ယောက်စိုက်ကြည့်ကာ ရှည်လျားစွာ စောင့်စားကြေကွဲရတဲ့ နေ့ရက်တို့ ကုန်ဆုံးသွားသည့်အတွက် မယုံနိုင်လောက်အောင် ပျော်ရွှင် ရင်ခုန်ကြည်နူးမှုတွေ ဖြစ်ထွန်းလာရပုံကို မဆုံးတမ်း ငေးနေမိကြသည်မှာ မျက်လုံးချင်း မလွှဲဖယ်နိုင်အောင်ပင် ဖြစ်ပါတော့သည်။

ပြီး

သုခချို